အခန်း ( ၄၇၆ ) ကြေးအင်မော်တယ်နန်းတော်မှ လျှို့ဝှက်ဆန်းကြယ်သောတည်ရှိမှုများ၊ ရှန်းကုကမ္ဘာ ပိတ်တော့မယ်။

နန်းတော်အတွင်းတွင် နေတစ်စင်းကဲ့သို့ အဖြူရောင် အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာသည်။

ယင်းက ကြေးနန်းတော်ထဲသို့ ဖိနှိပ်ခံခဲ့ရသော ရှန်းကုဝိညာဉ် ဖြစ်ပေသည်။

ရှန်းကုဝိညာဉ်က အနှိုင်းမဲ့ကြီးမားသော စိတ်ဝိညာဉ်အတက်အကျများကို ထုတ်လွှတ်နေသည်။

လေထဲတွင် မျက်ကန်းအဘိုးကြီး၏အသံက ထပ်မံ ထွက်ပေါ်လာခဲ့သည်။

"ဒီရှန်းကုဝိညာဉ်ကို သန့်စင်နိုင်ရင် ငါ့ရဲ့

ရှေးဦးဝိညာဉ်လမ်းက ပိုမြင့်မားတဲ့အဆင့်ကို ရောက်သွားလိမ့်မယ်"

"တော်လောက်ပြီ မျက်ကန်းအဘိုးကြီး၊ သခင်က ငါတို့ကို ကြေးအင်မော်တယ်နန်းတော်မှာ နှစ်ပေါင်းမရေတွက်နိုင်အောင် ကြာတဲ့အထိ ငါတို့ကို စောင့်ခိုင်းထားတာ။ အခု ကံကြမ္မာ ရောက်လာတော့လည်း နင်က သူ့ကို သတ်မိလုနီးပဲ"

ချစ်စဖွယ် မိန်းကလေးအသံက ပြစ်တင်ပြောဆိုလိုက်သည်။

"ကံကောင်းထောက်မလို့ သူ သေမသွားဘူး၊ မဟုတ်ရင် ငါတို့ အမှားကြီးမှားသွားလိမ့်မယ်"

ဒုက္ခိတက ပြောလိုက်၏။

ရှန်းကုဝိညာဉ်က အရာအားလုံး၏မိခင်ချီထဲသို့

ဝင်ရောက်သွားရာ ကျွင်းရှောင်ယောက်၏
မီးပွားလေးနှင့်တူသော ရှေးဦးဝိညာဉ်မှ တဖြည်းဖြည်း
စုပ်ယူသွားတော့သည်။

"ဟင်၊ ဒီလူငယ်လေးရဲ့ ဝိညာဉ်က ဒဏ္ဍာရီလာ
မျိုးဆက်သုံးခု ရှေးဦးဝိညာဉ်ပဲ"
မျက်ကန်းအဘိုးကြီး အလွန်အံ့သြသွားသည်။

"စိတ်ဝင်စားစရာပဲ၊ နောင်မှာ ဒီကောင်လေးရဲ့
ရှေးဦးဝိညာဉ်တာအိုက မင်းထက်
ပိုပြီးသန်မာလာလိမ့်မယ်"
ဘဲအသံကဲ့သို့ အသံတစ်ခု ထွက်ပေါ်လာသည်။

"မင်း ကြက်တူရွေးကောင်၊ ဘာတွေ
လျှောက်ပြောနေတာလဲ။ ဒီအဘိုးကြီးရဲ့
စိတ်ဝိဉာဉ်လမ်းက ကောင်းကင်ကိုးခု

အင်မော်တယ်နယ်မြေမှာ အထွတ်အထိပ်ကို
ရောက်နေပြီ"
မျက်ကန်းအဘိုးကြီးက ပြောလိုက်သည်။

"ဒီလူငယ်လေးမှာ တကယ်ပဲ
ရှေးဟောင်းမြင့်မြတ်ခန္ဓာနဲ့ အနှိုင်းမဲ့အရိုးရှိတာလား"
ဒုက္ခိတ အလွန်အံ့သြသွား၏။

"လခွမ်း၊ ဒီကောင်က တကယ်ကြီး အရင်ဘဝမှာ
ကောင်းကင်ကိုးခုအင်မော်တယ်နယ်မြေကို
ကယ်တင်ခဲ့တာလား။ သူက တကယ်ကို ကြီးမားတဲ့
အရည်အချင်းရှိတာပဲ"
ကြက်တူရွေးလည်း အနည်းငယ် ထိတ်လန့်သွားသည်။

သူတို့ကဲ့သို့ အဓိပဓိများပင်
အံ့သြသွားခြင်းကိုကြည့်လျှင်

ကျွင်းရှောင်ယောက်၏ပါရမီ မည်မျှမြင့်မားသည်ကို မြင်တွေ့ရနိုင်သည်။

"တော်ပြီ၊ ဆက်မပြောတော့နဲ့။ ဒီညီငယ်လေးက တစ်စုံတစ်ယောက်ဖြစ်မှာတော့ သေချာပါတယ်၊ ဒါပေမဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီးရင် ဘယ်လောက်ကြာမှ နိုးထလာမလဲ မသိဘူး။ နောက်ပြီးတော့ သူက အရမ်းချောတာပဲ..."

မိန်းကလေးအသံက သက်ပြင်းချလိုက်သည်။

"မိန်းမယုတ်၊ သွားမရှုပ်နဲ့နော်။ သူက သခင်နဲ့ ဆက်ဆံရေးတွေရှိနိုင်တယ်။ အကန့်အသတ်မျဉ်းကိုဖြတ်ဝံ့ရင် နောက်ဆက်တွဲအကျိုးဆက်တွေက... ဟားဟားဟား"

မျက်ကန်းအဘိုးကြီးက အေးစက်စက်ဖြင့် ရယ်မောလိုက်သည်။

"နင်တို့ စကားအဖြစ်တောင် ပြောလို့မရဘူးလား။
နင်တို့ လူအိုနှစ်ယောက်၊ ကြက်တူရွေးတစ်ကောင်နဲ့
အတူရှိရတာဟာ ငါ့အတွက်တော့ ကံဆိုးတာပဲ"
ချစ်စဖွယ် မိန်းကလေးအသံက ညည်းညူလိုက်သည်။

"မင်းဘာတွေပြောနေတာလဲ၊ ငါ့လို အစွမ်းထက်ပြီး
ချောမောတဲ့ ကြက်တူရွေးတစ်ကောင်ကို
မင်းမြင်ဖူးလို့လား"
ကြက်တူရွေးက မာနထောင်လွှားစွာဖြင့် ပြောသည်။

"မင်းက ငတုံးပဲ"
ဒုက္ခိတက လှောင်ပြောင်ပြောဆိုလိုက်၏။

ဤအသံများကြောင့် တိတ်ဆိတ်နေသော

ကြေးအင်မော်တယ်နန်းတော်မှာ ဆူညံနေတော့သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့
မကြားရပေ။

သူ၏ တကိုယ်လုံးက အရာအားလုံး၏မိခင်ချီ
ဒယ်စောက်အိုးထဲတွင် နစ်မြှုပ်နေကာ
သန့်စင်ခံခဲ့ရသည်။

အခြားတစ်ဖက်တွင် သူ၏ ရှေးဦးဝိညာဉ်က
ရှန်းကုဝိညာဉ်ကို အဆက်မပြတ်စုပ်ယူနေခဲ့သည်။

ကျွင်းရှောင်ယောက်ကိုယ်တိုင်ပင် သတိမထားမိဘဲ
အခြေအနေများက သိမ်မွေ့စွာ ပြောင်းလဲပြီးရင်း
ပြောင်းလဲနေသည်။

ဤအချိန်ကာလက
တိုတောင်းမည်မဟုတ်သည်မှာတော့
အသိသာကြီးပင်။

အတန်ကြာအောင် ငြင်းခုံပြီးနောက်
ကြေးအင်မော်တယ်နန်းတော်အတွင်းမှ စကားသံများ
တိတ်ဆိတ်သွားပြန်သည်။

သူတို့က ဤသို့သော တိတ်ဆိတ်ငြိမ်သက်မှုကို
ကျင့်သုံးခဲ့ကြကြောင်း သိသာထင်ရှားသည်။

အချိန်အတော်ကြာပြီးနောက်၊
မျက်ကန်းအဘိုးကြီးထံမှ ငြီးတွားပြောဆိုသံ
ထွက်ပေါ်လာပြန်သည်။

"နှစ်ပေါင်းများစွာကြာပြီး ပြင်ပကမ္ဘာမှာလည်း

ခေတ်တွေအများကြီး ကျော်ဖြတ်သွားခဲ့ပြီ။ အခု
သခင် ဘယ်နေရာကို ရောက်နေပြီလဲ မသိဘူး"

"စိတ်မပူပါနဲ့၊ ဒီမောင်လေးသာ ငါတို့ရဲ့
ကံကြမ္မာအရှင်ဖြစ်ခဲ့ရင် သခင်ကို သေချာပေါက်
ရှာတွေ့နိုင်လိမ့်မယ်"

ချစ်စဖွယ်မိန်းကလေးအသံလည်း အနည်းငယ်
သက်ပြင်းချကာ ပြောလိုက်သည်။

"မင်းတို့ ဘာဖြစ်လို့ ဒီလောက်ဝမ်းနည်းနေရတာလဲ၊
နောက်ဆုံးတော့ ဒီကြေးအင်မော်တယ်နန်းတော်ကနေ
ထွက်သွားလို့ရပြီ"

ကြက်တူရွေးက အော်ပြောလိုက်၏။

"အရင်က သခင် အမိန့်ထားခဲ့တယ်မဟုတ်ဘူးလား။
ကံကြမ္မာလူနဲ့တွေ့ရင် ငါတို့ သူ့အမိန့်ကို

နာခံရလိမ့်မယ်"

ဒုက္ခိက ပြောလိုက်သည်။

"ဒုက္ခိတ၊ မင်းဘာပြောချင်တာလဲ။ ငါတို့လို အစိပစိတွေက တာအိုနတ်ဘုရားနယ်ပယ်ရဲ့ အမိန့်ကို နာခံရမှာလား"

မျက်ကန်းအဘိုးကြီးက ပြောလိုက်၏။

"ဒါက သခင်ရဲ့ အမိန့်ပဲလေ၊ နင်က ဆန့်ကျင်ဝံ့လို့လား။ ဒီမောင်လေးက အံ့သြစရာကောင်းလောက်အောင် ထက်မြက်တယ်၊ သူ့မှာ ထူးခြားတဲ့ နောက်ခံရှိနေမှာကို ငါကြောက်ရတယ်"

ချစ်စဖွယ် မိန်းကလေးအသံက ပြောလိုက်သည်။

"မင်းလား အမိန့်နာခံတာ၊ နင်မိန်းမယုတ်က

ဒီကောင်လေးရဲ့ခန္ဓာကိုယ်ကို လောဘကြီးနေတာပဲ"
မျက်ကန်းအဘိုးကြီးက အော်ပြောသည်။

“ငါ မငြင်းပါဘူး...”
ချစ်စရာကောင်းသော မိန်းကလေးအသံက
တခစ်ခစ်ရယ်မောလိုက်၏။

ထို့နောက်မှာတော့
ကြေးအင်မော်တယ်နန်းတော်တစ်ခုလုံး နောက်တစ်ဖန်
တိတ်ဆိတ်ငြိမ်သက်သွားပြန်တော့သည်။

အချိန်များက တစ်ရက်ပြီးတစ်ရက်
ကုန်လွန်သွားခဲ့သည်။

မျက်စိတစ်မှိတ်အတွင်းမှာပဲ တစ်လကျော်ကြာသွားပြီ။

ကျွင်းရှောင်ယောက်၊ ဝမ့်ထန်နှင့် လုံအိုထျန်းတို့
ကြေးအင်မော်တယ်နန်းတော်ကို
ဝင်ရောက်လာသူများမှာလည်း တစ်ယောက်မျှ
ထွက်ပေါ်လာခြင်း မရှိသေးပေ။

ယခုအခါ ရှန်းကုကမ္ဘာမှလူတိုင်း
ကြေးအင်မော်တယ်နန်းတော်တွင် သူတို့သုံးဦးစလုံး
ကျဆုံးသွားပြီဟု ထင်ထားခဲ့ကြသည်။

"မဟုတ်ဘူး၊ ရှောင်ယောက် အဆင်ပြေတယ်"
ကျန်းစန်းယီက သူ့ကိုယ်သူ နှစ်သိမ့်လိုက်လေသည်။

ကျန်းလော့လီနှင့် အခြားသူများလည်း
မယုံနိုင်ဖြစ်သွားခဲ့ကြသည်။

သူတို့အမြင်တွင် ကျွင်းရှောင်ယောက်က
လက်ဝှေ့ယမ်းရုံဖြင့် အံ့ဖွယ်အမှုများကို အလွယ်တကူ
ဖန်တီးနိုင်သူ ဖြစ်သည်။

ကြေးအင်မော်တယ်နန်းတော်ပင်လျှင်
ကျွင်းရှောင်ယောက်ကို
ထောင်ချောက်ဆင်နိုင်မည်မဟုတ်ပေ။

"စိတ်ရှည်ရှည်နဲ့ စောင့်ကြတာပေါ့၊
ဝမ်းကွဲရှောင်ယောက်က နောက်ဆုံးမှာ ငါတို့ကို
အမြဲတမ်း အံ့သြစရာတွေ ပေးစွမ်းခဲ့တယ်"

ကျွင်းလုံ့ခန်းနှင့် တခြားသူများကတော့
သိပ်စိုးရိမ်မနေကြပေ။

သို့ရာတွင် ပြင်ပကမ္ဘာမှာတော့ ကျွင်းရှောင်ယောက်

သေချာပေါက် သေသွားပြီဖြစ်ကြောင်း လူအများက သတ်မှတ်လိုက်ကြသည်။

"သေချာတယ်၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် လုံးဝ ကျဆုံးသွားခဲ့ပြီ"

"သူ့ရဲ့ အသက်ကတ်က ကွဲအက်သွားသလို မတွေ့ရတာလည်း အတော်ကြာသွားပြီ။ ကျဆုံးတာကလွဲရင် အခြားမဖြစ်နိုင်တော့ပါဘူး"

"စိတ်မကောင်းစရာပဲ၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်သာ ဘာမှမဖြစ်ရင် ဆန်းကျယ်ကောင်းကင်အင်မော်တယ်နယ်မြေရဲ့ ကေရာင်ဇ်လမ်းမှာ ထူးကဲတဲ့အခြေအနေကို ရောက်လိမ့်မယ်"

"ဟုတ်တယ်၊ ကောင်းကင်ကိုးခုမှာ ကောကာဇ်လမ်းကိုးခုရှိတယ်။ လမ်းတစ်ခုစီမှာ အင်မော်တယ်နယ်မြေတွေရဲ့ သက်ဆိုင်ရာပါရမီရှင်တွေ ရှိမှာ။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကတော့ ဆန်းကျယ်ကောင်းကင် အင်မော်တယ်နယ်မြေရဲ့ ပါရမီရှင်တွေကို ကိုယ်စားပြုလိမ့်မယ်"

"အခုမှတော့ ဘာမှပြောစရာ မလိုတော့ပါဘူးလေ"

ဆွေးနွေးသံများကို အရပ်ရပ်မှ ကြားနေခဲ့ရသည်။

ကျွင်းမိသားစုဘက်မှာတော့ လူတိုင်း၏ အမူအရာများက ကြည့်ကောင်းမနေကြပေ။

ကျွင်းမိသားစု၏ ဘိုးဘေးများက

မလှုပ်ရှားသေးသော်လည်း အသက်ကတ်
ကွဲသွားခြင်းမှာ ငြင်းလို့မရသည့် အချက်ပင်။

အားလုံးက ရလဒ်ကို စောင့်နေခဲ့ကြသည်။

ကျန်အင်အားစုများကလည်း ရလဒ်ကို စောင့်နေခဲ့၏။
နောက်ဆုံးအခိုက်အတန့်အထိ သူတို့
ဆုံးဖြတ်ချက်မချရဲကြပေ။

ကျွင်းရှောင်ယောက်က အံ့သြဖွယ်ရာများစွာကို
အဆက်မပြတ် ဖန်တီးခဲ့သည်။

သို့ရာတွင် ဤအံ့ဖွယ်အမှုမျိုးတော့ တစ်ခါမျှ
မဖြစ်ခဲ့ပါ။

သုံးလအကြာတွင် ရှန်းကုကမ္ဘာကြီးတစ်ခုလုံး ရုတ်တရက် တုန်လှုပ်သွားသည်။

ယင်းက ရှန်းကုကမ္ဘာ ပိတ်သိမ်းတော့မည့် လက္ခဏာတစ်ခုပင်။

"ရှန်းကုကမ္ဘာကြီး ပိတ်တော့မှာလား"

ကျွင်းမိုရှောင်၊ ကျွင်းလုံခန်းနှင့် တခြားသူများလည်း အမူအရာ ပြောင်းသွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်က ထွက်မလာသေးပေ။

ထိုအချိန်တွင် ကျွင်းမိသားစုမှ စီကွမ်အားလုံး အနည်းငယ် စိတ်ရှုပ်ထွေးလာခဲ့ကြသည်။

ကျွင်းရှောင်ယောက်က ကျွင်းမိသားစုမှ စီကွမ်အားလုံး၏ အဓိကကျောရိုး ဖြစ်သည်။ သူ တစ်ခုခုဖြစ်ခဲ့ပါက ကျွင်းမိသားစုအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ခု ဖြစ်လာပေလိမ့်မည်။

ကျန်းစန်းယီ၏ နူးညံ့သိမ်မွေ့သောကိုယ်ခန္ဓာက အနည်းငယ်တုန်ခါသွားသည်။ ငွေရောင်သွားများပေါ်သည်အထိ အံကြိတ်ပြီးနောက် ကြေးအင်မော်တယ်နန်းတော်ဆီသို့ ပြေးထွက်သွား၏။

"ဟေ့၊ မသွားနဲ့"

ယင်းကိုမြင်တော့ ကျွင်းလုံခန်းက အမြန် အော်လိုက်သည်။

ကျွင်းရှောင်ယောက်သည်ပင် တစ်ခုခုဖြစ်ခဲ့ပါက

ကျန်းစန်းယီသွားလျှင် သေဆုံးခြင်းသာ ရှိလိမ့်မည်။

သို့သော်လည်း ကျန်းစန်းယီက မကြောက်ပေ။

"အစ်ကိုရှောင်ယောက်"
ကျန်းလော့လီလည်း တုန်ယင်သွားသည်။

ရန်ချင်းယင်၊ ဝူမင်ယွဲ့၊ ပိုင်မေအာနှင့်
အခြားမိန်းကလေးများလည်း
ကြေးအင်မော်တယ်နန်းတော်ထဲကို
ဝင်ရောက်လိုဟန်ဖြင့် ရှေ့သို့ တိုးသွားခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏ ကျက်သရေက
သူတို့ကိုယ်သူတို့ စတေးလိုစိတ် ဖြစ်စေလောက်အောင်
ကြီးမားသည်။

သို့သော်လည်း ဟင်းလင်းပြင်ထဲတွင်
ကြေးအင်မော်တယ်နန်းတော်က တုန်ခါလာခဲ့သည်။

ထို့နောက် လေထဲတွင် တဖြည်းဖြည်း
ကွယ်ပျောက်သွား၏။

ကြေးအင်မော်တယ်နန်းတော် ပျောက်ကွယ်သွားခဲ့ပြီ။

"မဟုတ်ဘူး"
ကျန်းစန်းယီ၏ ရှိုက်သံနှောသော အော်လိုက်သံက
ပတ်ဝန်းကျင်ကို ပျံ့လွင့်သွားခဲ့သည်။

ကျန်းလော့လီအပြင် ကျွင်းရှောင်ယောက်နှင့်
ပတ်သက်သည့် အခြားလူများ အားလုံးလည်း

သူတို့၏ ဝိညာဉ်များ ဆုံးရှုံးသွားသကဲ့သို့
မလှုပ်ရှားနိုင်တော့ပေ။

ကျွင်းရှောင်ယောက် အမှန်တကယ်
ကျဆုံးသွားပြီလော။

--------

အခန်း ( ၄၇၇ ) တောက်ပသော နေတစ်စင်း၏
ကျဆုံးခြင်း၊ အလွှာပေါင်းစုံမှ ကြယ်များ
ထွန်းတောက်လာကြခြင်း။

ကြေးအင်မော်တယ်နန်းတော် ပျောက်ကွယ်သွားခဲ့ပြီ။

ကျွင်းရှောင်ယောက်၊ လုံအိုထျန်းနှင့် ဝမ့်ထန့်တို့လည်း

အလားတူပင် ပျောက်ကွယ်သွားကြသည်။

ရှန်းကုကမ္ဘာမှ ပါရမီရှင်အားလုံးနီးပါးက ဤမြင်ကွင်းကိုမြင်ခဲ့ကြရ၏။

"တကယ်ပဲ ပြီးသွားပြီ။ ကြေးအင်မော်တယ်နန်းတော် ပျောက်ကွယ်သွားပြီး ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ကျဆုံးသွားပြီ"

"သေပြီလေ၊ ကြေးအင်မော်တယ်နန်းတော်ကို ဝင်သွားတဲ့ လူသုံးယောက်စလုံး သေပြီပေါ့"

"လုံအိုထျန်းနဲ့ ဝမ့်ထန့်က ဘာမှမဟုတ်ပေမဲ့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ဧကရာဇ်ဖြစ်ဖို့တောင် အလားအလာရှိသူပဲ။ အခုတော့ သူလည်း သေပြီ"

ပါရမီရှင် အများအပြားက
သက်ပြင်းချလိုက်ကြသည်။

"ကျွင်းရှောင်ယောက်... သူတကယ်ကျသွားခဲ့ပြီလား"

တောင်ထိပ်တစ်ခုပေါ်တွင် ကျိချင်းရီက
ကြည်လင်နေသော မျက်လုံးများဖြင့်
ကြေးအင်မော်တယ်နန်းတော်
ပျောက်ကွယ်သွားသည့်နေရာကို လှမ်းကြည့်ရင်း
အတွေးများ အနည်းငယ် ပျောက်ဆုံးသွားသည်။

မွေးကတည်းကပင် တူညီသောအဆင့်တွင်
ပြိုင်ဘက်ကင်းသော အစွမ်းအစနှင့် ပါရမီရှင်
အမှန်တကယ်ပင် ကျသွားခဲ့ပြီလော။

ကျိချန်ခုန်းက ခေါင်းခါယမ်းကာ ပြောလိုက်သည်။

"ငါပြောတယ် မဟုတ်လား။ အံ့ဖွယ်ခုနစ်ပါးထဲက တစ်ခုဖြစ်တဲ့ ကြေးအင်မော်တယ်နန်းတော်က အရမ်းအန္တရာယ်များတယ်။ မင်းဝင်သွားရင် သေရမှာပဲ"

ကျိချန်ခုန်းက တည်ငြိမ်စွာ ကြည့်နေသော်လည်း စိတ်ထဲတွင် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သူတို့ခေါင်းပေါ်တွင် ဖိချထားသော တောင်ကြီး နောက်ဆုံးတော့ ပျောက်ကွယ်သွားခဲ့ပြီ။

တစ်ဖက်တွင်၊ ရဲ့မိသားစု၏ ရှေးဟောင်းလူထူးဆန်းတစ်ဦးဖြစ်သည့် ရဲ့ထျန်းနန်လည်း သူ့ကိုယ်သူ ရေရွတ်ပြောဆိုလိုက်သည်။

"တာအိုကို သက်သေပြခွင့်ရခဲ့တဲ့

ပါရမီရှင်တစ်ယောက် ကျသွားရတာ စိတ်မကောင်းစရာပဲ၊ ဒါပေမယ့် ကျန်တဲ့ပါရမီရှင်အတွေအတွက် ကံကောင်းတယ်လို့ ဆိုနိုင်တယ်။ ဒီလိုမှပဲ အသက်ရှူချောင်လိမ့်မယ်"

"မောင်လေးရှောင်ယောက်၊ တကယ် တစ်ခုခု ဖြစ်သွားတာလား"

ရှောင်မိုရှန်းနှင့် တခြားသူများက မယုံနိုင်သေးပေ။

ကျွင်းရှောင်ယောက်က အံ့ဖွယ်အမြောက်အမြားကို ဖန်တီးခဲ့သည်။

နောက်ဆုံးအချိန်ထိ ကျွင်းရှောင်ယောက် သေသွားပြီဆိုတာကို ဘယ်သူမှ အတိအကျ ကောက်ချက်မချဝံ့သေးပေ။

"ဟုတ်တယ်၊ ကြေးအင်မော်တယ်နန်းတော် ပျောက်ကွယ်သွားတာက ညီလေးရှောင်ယောက် ကျဆုံးသွားမယ်လို့ မဆိုလိုဘူး"

ကျွင်းမိုရှောင်က နှစ်သိမ့်လိုက်သည်။

"ဟုတ်ပါတယ်၊ သခင်လေးကို ယုံရမယ်"

ကျွင်းရှယ်ဟွမ်နှင့် အခြားသူများလည်း ပြောလိုက်ကြသည်။

ဤတော့မှ ကျန်းစန်းယီနှင့် အခြားသူများ၏ စိတ်ခံစားချက်များ အနည်းငယ် ငြိမ်သက်သွားသည်။

ထိုအချိန်တွင်၊ ရှန်းကုကမ္ဘာက ဆက်လက်တုန်ခါပြီး ကောင်းကင်တွင် အက်ကြောင်းများ ပေါ်လာသည်။

ယင်းက အပြင်လူများကို ဖယ်ထုတ်တော့မည့် ဥပဒေသတစ်မျိုးဖြစ်ပြီး ရှန်းကုကမ္ဘာလည်း ပိတ်သိမ်းပေတော့မည်။

ရက်အနည်းငယ်ကြာပြီးနောက်၊ ကောင်းကင်ယံမှ အလင်းတန်းများ ကျဆင်းလာပြီး ပါရမီရှင်များကို လွှမ်းခြုံသွားခဲ့သည်။ ၎င်းတို့ပတ်ဝန်းကျင်ရှိ ဟင်းလင်းပြင်မှာလည်း လှိုင်းထလာခဲ့၏။

၎င်းတို့၏ ရုပ်ပုံများက ရှန်းကုကမ္ဘာပေါ်မှ တန်းခနဲ ထိုးတက်သွားတော့သည်။

ရှန်းကုကမ္ဘာသို့ ဝင်ရောက်ခဲ့သော ပါရမီရှင် အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်လျှင်...

ပြန်ထွက်လာသော ပါရမီရှင် အရေအတွက်က

ထက်ဝက်ခန့် လျော့နည်းနေကြောင်း သိသာသည်။

ရှန်းကမ္ဘာတစ်ခုတည်းမှာပင် တိုက်ပွဲက
အလွန်ပြင်းထန်သောကြောင့် ဧကရာဇ်လမ်းတွင်
မည်မျှရက်စက်မည်ကို တွေးကြည့်ရန်ပင် မလွယ်ပေ။

ပါရမီရှင်အားလုံးကို တယ်လီပို့ပြီးနောက်
ရှန်းကုကမ္ဘာသို့ ဝင်ပေါက်မှာ လုံးဝပိတ်သွားခဲ့သည်။

ကြေးအင်မော်တယ်နန်းတော်အပါအဝင်
ရှန်းကုကမ္ဘာကြီး လုံးဝပျောက်ကွယ်သွားခဲ့ပြီ။

ပါရမီရှင်အားလုံးထွက်လာပြီးနောက်
သက်ဆိုင်ရာအင်အားစုများကို ရှာဖွေလိုက်ကြသည်။

သက်ဆိုင်ရာ အင်အားစုထံ ပြန်သွားပြီး ကျွင်းရှောင်ယောက်၏အသတ်ကတ် ကွဲကြေသွားကြောင်း သိရသောအခါ အားလုံး တုန်လှုပ်သွား၏။

"ဘာ၊ ကျွင်းမိသားစုက နတ်ဘုရားသားတော်ရဲ့ အသက်ကတ် တကယ်ကွဲသွားပြီ။ ဒါက သူ တကယ်ကျသွားပြီလို့ မဆိုလိုဘူးလား"

"အဲဒါက အမှန်ဖြစ်မယ်လို့ ငါမမျှော်လင့်ထားဘူး၊ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်မှာ ပြန်ထွက်လာနိုင်တဲ့ စွမ်းရည် ရှိလိမ့်မယ်လို့ ထင်ခဲ့တာ"

"တကယ်ကို စိတ်မကောင်းစရာပါပဲ"

ပါရမီရှင်တချို့က ခေါင်းခါယမ်းလိုက်ကြသည်။

စိတ်နှလုံးထဲတွင်
လှောင်ပြောင်သရော်နေကြသူများလည်း ရှိ၏။

"သေချာတာပေါ့၊ ကျွင်းရှောင်ယောက်က
နတ်ဘုရားမဟုတ်ဘဲ သာမန် လူသားတစ်ယောက်ပဲ။
အဓိပဓိတွေတောင် သေစေနိုင်တဲ့
ကြေးအင်မော်တယ်နန်းတော်မှာ ဘယ်လို
ရှင်သန်နိုင်မှာလဲ။"

"သူက မာနကြီးပြီး မဆင်မခြင် ပြုမူတတ်တယ်၊
နောက်ဆုံးတော့ ဒါက သူ့အသက်ကို
ခြွေယူသွားခဲ့တာပဲ"

သူတို့က လှောင်ပြောင်နေကြသော်လည်း
စိတ်ထဲမှာသာ ဖြစ်သည်။ နောက်ဆုံးတွင်

ကျွင်းမိသားစုက ထွက်မသွားကြသေးပေ။

"ဘာ..."

ကျွင်းရှောင်ယောက်၏ အသက်ကတ်
ကျိုးပြတ်သွားကြောင်း သိလိုက်ပြီးနောက်
ကျန်းစန်းယီ အနည်းငယ် မတည်မငြိမ်
ဖြစ်သွားခဲ့ရသည်။

ကျန်းလော့လီနှင့် မိန်းကလေးများလည်း
နှလုံးသားများ တုန်လှုပ်သွားကာ မျက်လုံးများပင်
အမှောင်ကျလုမတတ် ဖြစ်သွားခဲ့ကြ၏။

အကယ်၍များ ယခင်ကဆိုလျှင် ကျွင်းရှောင်ယောက်
အသက်ရှင်နေဦးမည်ဟု သူတို့ယုံကြည်နေသေးသည်။

သို့ရာတွင် ယခုအခါ အသတ်ကတ် ပျက်ဆီးသွားခဲ့ပြီ

ဖြစ်သည်။ ယင်းက ငြင်းလို့မရသော အချက်ပင်။

ကျွင်းဝမ်ကျဲ၊ ကျွင်းရွှယ်ဟွမ်၊ ကျွင်းကျန်းကျန့်နှင့် အခြား စီကွမ်အားလုံးလည်း မယုံကြည်နိုင်စွာ မျက်လုံးနီရဲသွားကြသည်။

ရီယုနှင့် ရန်ချင်းယင်ကဲ့သို့ နောက်လိုက်များလည်း မည်သို့မျှ လက်မခံနိုင်ကြပေ။

မင်းသမီးလုံကျိုပင်လျှင် သူမ စိတ်ကူးထားသလောက် မပျော်ရွှင်ကြောင်း သဘောပေါက်ခဲ့သည်။

ဆန့်ကျင်ဘက်အနေဖြင့် ရောနှောနေသော ခံစားမှုတစ်ခု ရှိနေခဲ့ပေသည်။

ကျွင်းရှောင်ယောက်၏ ကျဆုံးခြင်းက ဝမ့်ထန့်နှင့် လုံအိုထျန်းတို့၏ ကျဆုံးခြင်းထက် များစွာကြီးမားသော သက်ရောက်မှုရှိသည်ဟု ဆို၍ရနိုင်သည်။

၎င်းက ဧကရာဇ်လမ်းကို အုပ်ချုပ်ရန် အရည်အချင်းပြည့်မီသော ဘုရင်ငယ်တစ်ပါး ဖြစ်သည်။

ကျွင်းမိသားစု၏ စီကွမ်တချို့ဆိုလျှင် မယုံနိုင်သေးဘဲ ကျွင်းကျန်းထျန်းနှင့် အခြား မျိုးနွယ်စုအကြီးအကဲများကို မေးခွန်းထုတ်ခဲ့သည်။

သို့ရာတွင် သူတို့အားလုံး နှုတ်ဆိတ်နေပြီး ဘာမှ မပြောပေ။

ရလဒ်က ထင်ရှားသွားခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်နှင့် ပတ်သက်သူများက
လက်မခံနိုင်ပေ။

ကျွင်းရှောင်ယောက်၏ ရန်သူများက တိတ်တဆိတ်
ကြည်နူးသွားကြသည်။

"ကျွင်းမိသားစု..."
ဝမ့်ယွမ်ပါ့က ကျွင်းမိသားစုကို အေးစက်စက်ဖြင့်
ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက် ကျသွားခဲ့သော်လည်း
သားဖြစ်သူကို ဆုံးရှုံးလိုက်ရသော ဝေဒနာအား
ပြေလျော့သွားအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ထို့အပြင်၊ ဘိုးဘွားနဂါးသိုက်၊
အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်း၊
ချီလင်ရှေးဟောင်းလှိုဏ်ဂူ၊
ကြေ့ာလွင့်နတ်ဘုရားနန်းတော်နှင့် သူတော်စင်ဂိုဏ်း၏
ကျွမ်းကျင်သူများလည်း မပျော်ရွှင်နိုင်
ဖြစ်နေခဲ့ကြသည်။

သူတို့၏ ပါရမီရှင်အားလုံးကို ကျွင်းရှောင်ယောက်က
သတ်လုနီးပါးပင်။

ထိုအင်အားစုများမှ ကျွမ်းကျင်သူများ၏
မျက်လုံးတွင်မူ ကျွင်းမိသားစုအပေါ် မုန်းတီးမှုအား
မြင်လိုက်ကြရသည်။

ကျွင်းရှောင်ယောက်၏ သေဆုံးခြင်းက

ဤမုန်းတီးမှုကို ဖြေဖျောက်ရန် မလုံလောက်ပါ။

ယောင်ဝါးဝါးဖြင့် ဆန်းကျယ်ကောင်းကင်အင်မော်တယ်နယ်မြေတစ်ခုလုံးကို တိုက်ခတ်သွားမည့် မုန်တိုင်း စတင်နေခဲ့ပြီ ဖြစ်သည်။

ရှန်းကုကမ္ဘာကြီး ပြီးဆုံးသွားပါပြီ။

သို့ရာတွင် လှိုင်းလုံးများ စတင်လှုပ်ရှားလာခဲ့ပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာတွင် အရပ်ရပ်အား သတ်ဖြတ်ခဲ့သောသတင်းက အားလုံးကို ထိတ်လန့်စေခဲ့သည်။

ထို့အပြင်၊ ထာဝရသခင်ချိုင်းမြေတွင်
ကျွင်းရှောင်ယောက် ပြုလုပ်ခဲ့သော
အသံအချို့ကလည်း နောက်ဆုံးတွင်
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေသို့
ပျံ့နှံ့လာခဲ့သည်။

သခင်ချိုင်းမြေကြီး၏ ဘုရင်ငယ်ဆယ်ပါးကို သတ်ပြီး
မပြည့်စုံသော ရှေးဟောင်းအသျှင်ခန္ဓာ ချူထျန်းပါ့ကို
သတ်ဖြတ်သည်။

ကျွင်းရှောင်ယောက်ကြောင့် သခင်ချိုင်းကေရာဇ်များစွာ
သွယ်ဝိုက်သောနည်းဖြင့် သေဆုံးခဲ့ရ၏။

အဆုံးတွင် ကျွင်းရှောင်ယောက်က သခင်ချိုင်းကမ္ဘာအား
ထပ်မံ ပိတ်သိမ်းပစ်ခဲ့သည်။

ဤအဖြစ်အပျက်တိုင်း အဖြစ်အပျက်တိုင်းက အင်မော်တယ်နယ်မြေကြီးတစ်ခုလုံးကို တုန်လှုပ်သွားစေလောက်အောင်ပင်။

ရလဒ်အားလုံးကလည်း ကျွင်းရှောင်ယောက် တစ်ယောက်တည်းကြောင့် ဖြစ်ခဲ့ရသည်များ ဖြစ်သည်။

ယင်းက တကယ်ကို တုန်လှုပ်ချောက်ချားစရာကောင်းကာ အားလုံး တုန်လှုပ်သွားခဲ့ရပေသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ထာဝရသင်္ချိုင်းမှာ ကျဆုံးခဲ့ရင်ကောင်းမယ်လို့ ငါတွေးနေတာ၊ နောက်ဆုံးမှာတော့ သူက အများကြီးလုပ်ခဲ့တာပဲ"

"ဟင်း၊ ဒီလိုပါရမီရှင်တစ်ယောက်က
ကြေးအင်မော်တယ်နန်းတော်မှာ ကျဆုံးသွားရတာ
စိတ်မကောင်းစရာပဲ"

အလွန် တုန်လှုပ်စရာကောင်းသော သတင်းများစွာကို
ကြားလိုက်ရပြီးနောက်၊ ကျွင်းရှောင်ယောက်၏
ကွယ်လွန်သွားခြင်းပင် ပို၍ပင် သတိထားစရာ
ဖြစ်ခဲ့ရသည်။

မင်းက မည်မျှပင် အရည်အချင်းရှိပါစေ၊ အပြည့်အဝ
ကြီးပြင်းမလာသေးသရွေ့ ကျဆုံးသွားနိုင်ခြေရှိသည်။

ကျွင်းရှောင်ယောက်၏ ကျဆုံးခြင်းက
ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေတစ်ခုလုံးကို

တုန်လှုပ်စေခဲ့သည်ဟု ဆိုနိုင်သည်။

သို့သော်လည်း ကျွင်းမိသားစုသည် ယင်းအပေါ် မည်သည့်သဘောထားကိုမျှ မဖော်ပြဘဲ ရှားရှားပါးပါး နှုတ်ဆိတ်နေခဲ့သည်။

ကျွင်းမိသားစု ဤတစ်ခါ အလွန်ကြေကွဲသွားသည်ဟု လူအများက ထင်နေခဲ့ပေသည်။

တချို့လူများက ဤသည်မှာ ကျွင်းမိသားစု၏ ကျဆင်းမှုအစဟုပင် ယုံကြည်ထားကြသည်။

ကျွင်းရှောင်ယောက်၏ ကျဆုံးခြင်းနှင့် ဆန့်ကျင်ဘက်တွင် ကျန်ပါရမီရှင်များက တိုးတက်ကြတော့မည် ဖြစ်သည်။

ဥပမာအားဖြင့်၊ အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းတွင် ရှေးကေရာဇ်မှ ဆင်းသက်လာသူ နိုးထလာပြီဟူသော ကောလာဟာလများ ရှိသည်။

ရှေးဟောင်း တော်ဝင်မိသားစု၊ ရှေးမိကျောင်းကန်နှင့် မိကျောင်းဘိုးဘေးများ၏ သားမြေးများ ပြန်လည်နိုးထလာကြပြီ။

ဘိုးဘေးနဂါးသိုက်နှင့် အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းတို့ကလည်း နဂါးနှင့် ဖီးနစ်ခန္ဓာကို ဖန်တီးကာ ဧကရာဇ်လမ်းကို စိုးမိုးစေလိုသည်ဟုလည်း ကောလဟာလများ ရှိသည်။

ရဲ့မိသားစုမှ ဓားနတ်ဆိုး လူဝင်စားလည်း

ရှိသေးသည်။ ၎င်းက တိတ်တဆိတ်ကျင့်ကြံခြင်းမှ ထွက်လာတော့မည့် လက္ခဏာများ ရှိနေပုံရသည်။

ရဲ့မိသားစုဝင်အချို့က ဓားနတ်ဆိုး လူဝင်စားသည့် အတိတ်ကို ဖြတ်တောက်ပြီး သူ၏ခန္ဓာကိုယ်ကို အမှန်အတိုင်း ပြန်လည်ပုံဖော်ထားခဲ့ပုံ ရှိသည်။ သူဟာ အလွန်ထက်မြက်လွန်း၍ စစ်မှန်သောကေရာဇ်ဟုပင် ခေါ်၍ရပေသည်။

ထို့အပြင်၊ အနောက်ဘက်နိမ့်ဗာန်ဘုံတွင် ဒဏ္ဍာရီလာ ဗောဓိသတ္တနှလုံးသားကို ပိုင်ဆိုင်ထားသည့် ကျောက်စိမ်းဗုဒ္ဓလည်း ရှိသေးသည်။ သူ မွေးဖွားပြီးသည်နှင့် ဥဒေါင်းမင်း၏သမီးတော် အဆက်အနွယ်ကို အနိုင်ယူခဲ့သည်။

နောက်ဆုံးတွင် ကေရာဇ်လမ်းက ပွင့်တော့မည်။

အလှူာပေါင်းစုံမှ ပါရမီရှင်များကလည်း
ကောင်းကင်ယံမှ ကြယ်များကဲ့သို့
ထွန်းလင်းတောက်ပလာကြသည်။

သို့သော်လည်း မူလက တောက်ပသော
နေတစ်စင်းကဲ့သို့ ကျွင်းရှောင်ယောက်က
ကျဆုံးသွားရတာ စိတ်မကောင်းစရာပင်။

ယင်းက လူတော်တော်များများကို
သက်ပြင်းချမိသွားစေသည်။

အခက်အခဲများကြားတွင် သူရဲကောင်းများ
တိုးတက်လာပြီး ကျဆုံးကြရသည်။ အချိန်က
ပါရမီရှင်များကို ပိုင်းဖြတ်သွားမည့်
ဓားထက်ထက်ကဲ့သို့ပင်။

ကျွင်းရှောင်ယောက်ကဲ့သို့
ပြောင်မြောက်သူတစ်ယောက်ပင်
အချိန်ကြာလာသည်နှင့် မေ့ပျောက်ခံရမည့်နေ့ကို
ရောက်ရှိသွားခဲ့မည် ဖြစ်သည်။

---------

အခန်း ( ၄၇၈ ) ဝိညာဉ်စွမ်းအင်
ရှင်ပြန်ထမြောက်ခြင်း၊ ကေရာဇ်လမ်းပွင့်ပြီ၊
ဓားနတ်ဆိုးလူဝင်စား ရဲ့ကူချန်။

မျက်စိတစ်မှိတ်အတွင်းမှာပင်၊ ရှန်းကုကမ္ဘာကြီး
ပိတ်သွားသည်မှာ တစ်နှစ်ကြာသွားပြီ။

ယခုနှစ်အတောအတွင်း ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတွင်
ကြီးမားသောပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။

မိုးနှင့်မြေကြားမှ သဘာဝစွမ်းအင်များက ရုတ်တရက်
ပိုအားကောင်းလာသည်။

ကျင့်ကြံခြင်းတွင် တစ်ဆို့မှု ကြုံနေရသော
အသက်ရှုယ် ကြီးရင့်နေသူအများအပြားလည်း
မသိလိုက်မီပင် အဆင့်တက်သွားပြီဖြစ်ကြောင်း
ရုတ်တရက် တွေ့လိုက်ကြရ၏။

ဤပြောင်းလဲမှုကြောင့် အစပိုင်းတွင်
အံ့အားသင့်ခဲ့ရသော်လည်း ရုတ်တရက်
ဖြစ်ပျက်နေသည်များကို

သဘောပေါက်သွားတော့သည်။

"ဝိညာဉ်ရေးစွမ်းအင်တွေ ပြန်လည်ရှင်သန်လာတယ်၊ အရာအားလုံး နိုးထလာပြီး ကေရာဇ်လမ်း ပွင့်လာလိမ့်မယ်"

ကျွမ်းကျင်သူတစ်ယောက်က သက်ပြင်းချကာ ပြောလိုက်သည်။

ယခင်က ကေရာဇ်လမ်း မပွင့်မီတွင် ဖြစ်ရပ်ကြီးနှစ်ခု ရှိခဲ့သည်။

တစ်ခုမှာ ရှန်းကုကမ္ဘာ ပွင့်လာခြင်း ဖြစ်သည်။

နောက်တစ်ခုကတော့ သဘာဝစွမ်းအင်များ ပြန်လည်ရှင်သန်လာခြင်းပင်။

ဟုတ်သည်၊
ဤဝိညာဉ်စွမ်းအင်ပြန်လည်ရှင်သန်ခြင်းက
အရည်အသွေးပြောင်းလဲမှုမဟုတ်ဘဲ ပမာဏ
ပြောင်းလဲမှုတစ်ခုသာ ဖြစ်ပေသည်။

ကျင့်ကြံခြင်းအခြေခံ အလွန်မြင့်မားသော
ကျွမ်းကျင်သူများအတွက် ဤသည်က
အကျိုးသက်ရောက်မှု မရှိပါ။

သို့ရာတွင် အဓိပမိနယ်ပယ်အောက်မှ
သူများအတွက်တော့ အလွန်အကျိုးရှိလှသည်။

ဤသည်က သန်မာကြံ့ခိုင်ပြီး ပါရမီမြင့်သော လူငယ်
ပါရမီရှင်များအတွက် ပို၍ပင်
အထောက်အကူဖြစ်ပေသည်။

တချို့က ဤသည်မှာ ကောင်းကင်ကိုးခု
အင်မော်တယ်နယ်မြေ၏ အလိုတော်မှ အပြန်အလှန်
တုံ့ပြန်မှုတစ်မျိုးဖြစ်သည်ဟု ဆိုကြသည်။
မျိုးဆက်သစ်လူငယ်များ၏ ခွန်အားကို မြှင့်တင်နိုင်မှ
ဧကရာဇ်လမ်းတွင် ပေါက်မြောက်ကာ မိမိတို့
အင်မော်တယ်နယ်မြေကြီးကို
ကာကွယ်နိုင်ကြပေလိမ့်မည်။

ဝိညာဉ်စွမ်းအင်များ နိုးထခြင်း၏နောက်တွင်
ပါရမီရှင်များ၏ ခွန်အားသည်လည်း တဟုန်ထိုး
တက်လာခဲ့ရသည်။

အင်မော်တယ်နယ်မြေကြီး၏ နေရာအမျိုးမျိုးတွင်
အိပ်စက်နေသော ရှေးဟောင်းလူထူးဆန်းများလည်း
ကမ္ဘာကြီး၏ ပြောင်းလဲမှုကို ခံစားရကာ

တစ်ဦးပြီးတစ်ဦး နိုးထလာကြသည်။

တခဏချင်းပင် ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတွင် ပါရမီရှင်များနှင့်
ပြည့်နှက်သွားတော့သည်။

ယခင်က ကောင်းကင်နတ်ဘုရားနယ်ပယ်ကို
မျိုးဆက်သစ် ပါရမီရှင်များကြားတွင်
အကြွင်းမဲ့ထိပ်တန်းအဖြစ် သတ်မှတ်ခံရသည်။

သို့ရာတွင် ဤအခြေအနေမျိုး၌
ခိုင်မာသောနောက်ခံနှင့် ပါရမီမြင့်မားသူ အများအပြား
ကောင်းကင်နတ်ဘုရားနယ်ပယ်သို့
စတင်ဝင်ရောက်လာကြသည်။

တာအိုနတ်ဘုရားနယ်ပယ်သို့ စတင်ဝင်ရောက်လာသူ

အနည်းစုပင် ရှိသေးသည်။

၎င်းပါရမီရှင် အများစုက ရှေးဟောင်းလူထူးဆန်းများ၊ သို့မဟုတ် အလွန်သန်မာသော သွေးမျိုးဆက်နှင့် ရှေးဦးကျွမ်းကျင်သူများ၏ မျိုးဆက်များဖြစ်သည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် တစ်နှစ် သို့မဟုတ် တစ်နှစ်ကျော်အတွင်း သူတော်စင်တစ်ပိုင်းနယ်ပယ် ပါရမီရှင်များ ပေါ်လာလိမ့်မည်ဟုပင် မှန်းဆကြပေသည်။

ဤအခြေအနေမျိုးကို ရောက်သောအခါ ကျွင်းရှောင်ယောက်အကြောင်းကိုလည်း အမှတ်ရမိခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏ မြင့်မားသောပါရမီအရ သူသာ

ကြေးအင်မော်တယ်နန်းတော်တွင် မကျဆုံးခဲ့လျှင်...

ဤပတ်ဝန်းကျင်၌ သူတော်စင်တစ်ပိုင်းနယ်ပယ်ကို ဖြတ်ကျော်ရန်မှာ သေချာသလောက် ရှိသည်။

ဤနှစ်အတွင်း ကျွင်းမိသားစုဟာ နှိမ့်ချသောပုံရိပ်ကို ထိန်းထားခဲ့ကြသည်။ ၎င်းတို့ထံမှ မည်သည့်သတင်းမျှ မကြားကြရပေ။

ကျွင်းရှောင်ယောက်၏ ကျဆုံးခြင်းကြောင့် ကျွင်းမိသားစုဟာ အချိန်အတော်ကြာ စိတ်ဓာတ်ကျနေမည်ဟု လူအများက ထင်မြင်ခဲ့ကြသည်။

ကျွင်းမိုရှောင်၊ ကျွင်းလုံခန်းနှင့် အခြား ပါရမီရှင်များကတော့ တိတ်တဆိတ်လေ့ကျင့်ရင်း

ကြိုးစားအားထုတ်နေရာ တစ်ဦးစီက ကျင့်ကြံခြင်းတွင် ကြီးစွာသောတိုးတက်မှုများ ရရှိခဲ့ကြသည်။

"သခင်လေး ကျဆုံးမှာမဟုတ်ဘူးလို့ ငါယုံကြည်တယ်..."

ရီယု၊ ရန်ချင်းယင်နှင့် အခြားနောက်လိုက်များက တစ်နေ့တွင် ကျွင်းရှောင်ယောက် ပြန်လာမည်ဟု နှလုံးသားထဲမှ အခိုင်အမာယုံကြည်ဆဲ ဖြစ်သည်။

အံ့သြစရာကောင်းတာကတော့ မင်းသမီးလုံကျိုဟာ ရှန်းကုကမ္ဘာ ပိတ်သိမ်းပြီးနောက် ဘိုးဘွားနဂါးသိုက်ကို မပြန်ခဲ့ပေ။ ထိုအစား ကျွင်းမူလန်၊ တခြားသူများနှင့် ကျွင်းမိသားစုသို့ လိုက်ပါသွားခဲ့သည်။

ယင်းက လူတော်တော်များများကို

အံ့သြသွားစေခဲ့ပေသည်။

သို့ရာတွင် မင်းသမီးလုံကျိုက ရှုန်းကုကမ္ဘာတွင်
လုံအိုထျန်းနှင့် လုံးဝ ပြတ်သားနေခဲ့ပြီ ဖြစ်သည်။

ဘိုးဘွားနဂါးသိုက်ကို နောက်တစ်ကြိမ်ပြန်သွားရင်၊
အမြဲတမ်း စိုးရွံ့နေသလို ခံစားရပေလိမ့်မည်။

ဘိုးဘွားနဂါးသိုက်မှ နဂါးဗိုလ်ချုပ်များက
မင်းသမီးလုံကျိုကို ပြန်လာစေလိုသော်လည်း
မင်းသမီးလုံကျိုက ငြင်းပယ်ခဲ့သည်။

မင်းသမီးလုံကျိုက ကျွင်းရှောင်ယောက်
ကျဆုံးသွားခဲ့သော်လည်း သူမ၏ကတိကို
မပြောင်းလဲပေ၊ မဟုတ်လျှင် တာအိုနှလုံးသား
ပျက်စီးသွားလိမ့်မည်ဟု ဆိုသည်။

သို့ရာတွင် ကျွင်းမူလန်နှင့် လူအနည်းငယ်ကသာ ဤအကြောင်းကို သိ၏။

ကျွင်းရှောင်ယောက်နှင့် မင်းသမီးလုံကျိတို့၏ သဘောတူညီချက်မှာ ရှန်းကုကမ္ဘာတွင်သာ ဖြစ်သည်။

ထို့ကြောင့် မင်းသမီးလုံကျိ မည်ကဲ့သို့ တွေးတောနေမည်ကို ပြင်ပလူများက ခန့်မှန်းရန် မဖြစ်နိုင်ပေ။

အချိန်များ ကုန်လွန်သွားခဲ့သည်။

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ကျင့်ကြံသူအားလုံး ကောင်းကင်ကြီး ပေါက်ကွဲသွားသကဲ့သို့ ကြောက်မက်ဖွယ်ရာ

အသံကြီးကို ကြားလိုက်ရ၏။

လူအားလုံးလည်း ခေါင်းမော့ကာ ကောင်းကင်ကို မော့ကြည့်လိုက်ကြသည်။

ဤမြင်ကွင်းသည် ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးတွင် သာမကဘဲ အခြား အင်မော်တယ်နယ်မြေ ရှစ်ခုတွင်လည်း ပေါ်ပေါက်လာခဲ့သည်။

ထို့နောက် လူတိုင်း၏ အံ့အားသင့်နေသော မျက်လုံးများအောက်တွင်...

ကျယ်ပြောသော ရှေးဟောင်းလမ်းကြီးတစ်ခုက ဟင်းလင်းပြင်မှ ထွက်ပေါ်လာပြီး စကြာဝဠာ နက်ရှိုင်းသောအပိုင်းထိ ကျယ်ပြန့်လာပုံရသည်။

ယင်းက အလွန်ရှေးကျသော
ရှေးဟောင်းလမ်းကြီးပင်။

ဤသည်မှာ ပါရမီရှင်တို့၏ ခြေသွေးများ စွန်းပေနေသော
လမ်းကြောင်းတစ်ခု ဖြစ်သည်။

ယင်းက ရှည်လျားသော သမိုင်းကြောင်းရှိသည့်
လမ်းတစ်ခုလည်း ဖြစ်ချေသည်။

ဧကရာဇ်လမ်းပွင့်သွားပြီ ဖြစ်သည်။

"ဝုန်း"
နောက်အခိုက်တွင် အင်မော်နယ်မြေကိုးခုစလုံး
ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတွင် မြစ်ကိုဖြတ်ကူးသော ငါးကြင်းကဲ့သို့ မရေမတွက်နိုင်သော ပါရမီရှင်များက ဒေသအသီးသီးမှ ထွက်ပေါ်လာကြသည်။

ပါရမီရှင်တိုင်း၏ အရှိန်အဝါများကလည်း ယခင်ကထက် အဆများစွာ ကျော်လွန်သွားခဲ့ပြီ။

ရှေးဟောင်း စစ်သဘော်များစွာ၊ ရှေးဟောင်း ပျံသန်းရေးသားရဲများနှင့် မှော်ရတနာများက ကောင်းကင်သို့ ပျံတက်လာကာ ပါရမီရှင်များကို ဧကရာဇ်လမ်းသို့ သယ်ဆောင်သွားကြသည်။

ပါရမီရှင်တိုင်းတွင် သူတို့၏တာအိုကို သက်သေပြရန် အိပ်မက်ရှိကြသည်။ သူတို့သွေးများ

ပွက်ပွက်ဆူနေကာ ကေရာဇ်လမ်းတွင်
နာမည်ရချင်ကြ၏။ သူတို့နာမည်ကို ကမ္ပည်းထိုးပြီး
ခေတ်အဆက်ဆက် ချီးမွမ်းခံချင်ကြပေသည်။

ဤတွင် နှစ်ပေါင်းများစွာ ဖုံးကွယ်ထားခဲ့သော
ရှေးဟောင်းမိသားစုများ၏ အမွေဆက်ခံသူတချို့ပင်
ပေါ်လာကြောင်း သတိပြုမိကြသည်။

ရှေးဟောင်းမျိုးနွယ်များ၏ မျိုးဆက်များ
ပေါ်ထွက်လာခဲ့၏။

ဥပမှ အကောင်ပေါက်သော
ရှေးဟောင်းသားရဲကြီးများ၏ မျိုးဆက်များပင်
ရှိသေးသည်။ သူတို့၏ အရှိန်အဝါက ကမ္ဘာကြီးကိုပင်
တုန်လှုပ်စေသည်။

သူတို့တစ်ဦးချင်းစီက ထိတ်လန့်စရာကောင်းသည့်
နောက်ခံအသီးသီး ရှိကြသည်။

ဟုတ်ပေသည်၊ ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးတွင်
နာမည်ကျော်ကြားသော
အင်မော်တယ်အင်အားစုတချို့၏
ဆက်ခံသူများလည်း ပေါ်လာသည်။

တစ်စုံတစ်ယောက်က
အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်း၏
အနက်ရှိုင်းဆုံးအပိုင်းတွင် မီးလျှံဖီးနစ်ကိုစီးထားသော
လူငယ်ရုပ်လေးတစ်ဦး ရှိနေသည်ကို
သတိပြုမိခဲ့သည်။

"ဒါက အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းရဲ့

ရှေးဟောင်းလူထူးဆန်းပဲ။ သူက
ရှေးကေရာဇ်တစ်ပါးကနေ ဆင်းသက်လာတယ်လို့
ကြားတယ်"

တချို့က ပြောသည်။

ရှေးဟောင်းမိကျောင်းကန်ဘေးမှလည်း
အံ့မခန်းအရှိန်အဝါတစ်ခု ထွက်လာခဲ့၏။ အနက်ရောင်
မိကျောင်းကြီးတစ်ကောင်က ရေကန်ထဲမှတက်လာကာ
အမြီးကို ကိုလွှဲရိုက်လိုက်သည်နှင့် တောင်တန်းတစ်ခု
ပြိုကျသွားရသည်။

.........

“အဲဒါ ရှေးမိကျောင်းဘိုးဘွားအဆက်အနွယ်ကနေ
ဆင်းသက်လာတာပဲ...”

သတ္တဝါတချို့က အော်ပြောလိုက်ကြသည်။

တောင်ထိပ်တစ်ခုတွင် နီလာအပြာရောင်
ဒေါင်းဝတ်စုံဝတ် မိန်းကလေးတစ်ဦးက
မျှော်လင့်ချက်များ တောက်ပနေသောမျက်လုံးဖြင့်
ကောရာဇ်လမ်းကို မျှော်ကြည့်လိုက်သည်။

.........

"သခင်လေးဗောဓိသတ္တနောက်ကို လိုက်နေသမျှ
ကောရာဇ်လမ်းဆုံးကိုမရောက်မှာ စိုးရိမ်စရာမရှိဘူး"
မိန်းကလေးက ရေရွတ်ရင်း ပြုံးလိုက်သည်။

သူမက အနောက်ဘက်နိဗ္ဗာန်ဘုံမှ
ရှေးဟောင်းလူထူးဆန်း ကျောက်စိမ်းဗုဒ္ဓ
အနိုင်ယူခံခဲ့ရသော၊ မြင့်မြတ်သော သွေးမျိုးဆက်နှင့်
အစွမ်းထက်သော ဥဒေါင်းမင်း၏ သမီးတော်

ဖြစ်သည်။

.........

ထို့ပြင် ရှေးဟောင်းရဲ့မိသားစု...

ပေပေါင်းထောင်ချီမြင့်သော နံရံတစ်ခုနှင့် သီးခြား
တောင်ထိပ်တွင်...

အနက်ရောင်ဝတ်စုံဖြင့် ချောမောခန့်ညားသော
ဓားနတ်ဆိုး လူဝင်စားက
ဖြည်းညှင်းစွာထရပ်လိုက်သည်။

သူ၏ အရှိန်အဝါက အလွန်နက်ရှိုင်းကာ
သူ့မျက်လုံးများမှာလည်း ယခင်ကကဲ့သို့ ရှေးကျသော

အရိပ်အယောင်များ မရှိတော့ပေ၊ ထိုအစား
အလွန်ရှင်းလင်းလာခဲ့သည်။

ရဲ့ကူချန်က အတိတ်ကို လုံးဝဖြတ်တောက်ပြီး
သူ့ကိုယ်သူ အမှန်အတိုင်း ပြန်လည်ပုံဖော်ခဲ့ပေသည်။

ယခင်ကနှင့်ယှဉ်လျှင် လက်ရှိသူက အံ့သြဖွယ်ရာ
အသွင်ကူးပြောင်းမှုတစ်ခုကို ကြုံတွေ့ခဲ့ရပုံပေါ်သည်။
သူ၏ အရှိန်အဝါက အလွန်ပင် နားလည်ရခက်ကာ
သူတော်စင်တစ်ဦးပင် အားနည်းသကဲ့သို့
ခံစားရနိုင်သည်။

"အချိန်ကျပြီ"
ရဲ့ကူချန်က ခေါင်းကို မော့ပြီး ကောင်းကင်မှ
ကေရာဇ်လမ်းကို ကြည့်လိုက်သည်။

သူ့လက်ကိုလှုပ်ရှားကာ မြေပြင်တွင်စိုက်ထားသော ကေရာဇ်ဓားကို ရုတ်တရက် ဆွဲထုတ်လိုက်၏

ထိုဓားသည် တစ်ချိန်က ကေရာဇ်သွေးများဖြင့် စွန်းထင်းနေခဲ့သည်။

"ဝုန်း"

ရဲ့ကူချန်က ဓားကိုဆွဲထုတ်လိုက်သည့်အခိုက်တွင် ကြောက်မက်ဖွယ်ကောင်းသော အရှိန်အဝါတစ်ခု ထွက်ပေါ်လာသည်။ ကောင်းကင်ရှိ ကြယ်အားလုံးကို တုန်ခါသွားစေမည့် ကြောက်မက်ဖွယ်ကောင်းသော ဓားအရှိန်အဝါတစ်ခုကလည်း ကောင်းကင်ယံတွင် လွင့်ပျံ့သွား၏။

ရဲ့မိသားစုလည်း တုန်လှုပ်သွားကာ မျိုးနွယ်စုအကြီးအကဲများ ချက်ချင်း

ရောက်လာကြတော့သည်။

ရှန်းကုကမ္ဘာတွင် နိုးထခဲ့သော ရဲ့မိသားစု၏ ရှေးဟောင်းလူထူးဆန်း ရဲ့ထျန်းနန်ပင်လျှင် ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

'ဓားနတ်ဆိုးရဲ့ လူဝင်စားက မှျော်လင့်ထားသလိုပါပဲ၊ သူက အတိတ်ကို ဖြတ်တောက်ထားပေမဲ့ ပင်ကိုယ်စွမ်းရည်နဲ့ ကျင့်ကြံခြင်းက ပိုလို့တောင် နားမလည်နိုင်အောင် ဖြစ်လာတယ်။ ဒါက အရင် ကျွင်းရှောင်ယောက်နဲ့တောင် နှိုင်းယှဉ်နိုင်လိမ့်မယ်'

ရဲ့ထျန်းနန် ထိတ်လန့်သွားသည်။

ရှေးဟောင်းလူထူးဆန်းတစ်ယောက် အနေဖြင့်ပင် ရဲ့ကူချန်နှင့် ဆိုင်ရသည့်အခါ အကြီးအကဲတစ်ဦးကို မြင်နေရသကဲ့သို့ ခံစားခဲ့ရသည်။

ထိုခံစားချက်က အလွန်ကြောက်စရာကောင်းပြီး ရဲ့ထျန်းနန်ကို တုန်ယင်သွားစေခဲ့ပေသည်။

ရဲ့ကူချန်က ဧကရာဇ်သတ်ဓားကို သူ၏လက်ချောင်းများဖြင့် ညင်သာစွာ ပွတ်သပ်လိုက်ရာ ဓားမြည်သံက ကောင်းကင်ကို လှုပ်ခတ်စေခဲ့သည်။

"မိတ်ဆွေဟောင်းကြီး၊ မင်းကို ပြိုင်ဘက်ကောင်းတစ်ယောက်နဲ့ တွေ့ရမယ်လို့ ထင်ထားခဲ့တာ၊ စိတ်မဆကာင်းစရာပဲ..."

ရဲ့ကူချန်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

သူရည်ညွှန်းသောလူမှာ သဘာဝအတိုင်း ကျွင်းရှောင်ယောက်ပင် ဖြစ်ချေသည်။

"ငါ ရဲ့ကူချန်က ဒီဓားနဲ့ အားလုံးကို
အနိုင်ယူချင်တယ်။ ကေရာဇ်လမ်းက ငါ့ကို
စိတ်မပျက်စေဖို့ မျှော်လင့်ရတာပဲ"

ရဲ့ကူချန်က ကေရာဇ်သတ်ဓားကို
သူ့နောက်ကျောမှာလွယ်ပြီး ကောင်းကင်သို့
ခြေလှမ်းလိုက်သည်။

အချိန်အတော်ကြာအောင် တိတ်ဆိတ်နေသော
ရဲ့မိသားစု၏ ဓားနတ်ဆိုးလူဝင်စား နောက်ဆုံးတွင်
ထွက်ခွာလာခဲ့ပြီ။

---------

အခန်း ( ၄၇၉ ) နဂါးနှင့်ဖီးနစ်ခန္ဓာ လုံ့ရှီဟွမ်၊
ကျန်းစန်းယီ၏ ဝန်ခံမှု၊ ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏

ရတနာ။

ယခင်က လူအများဟာ ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီး၏ ရေပန်းအစားဆုံး
ပါရမီရှင်လေးဦးကို ရွေးချယ်ခဲ့သည်။

ယင်းက...

ကျွင်းမိသားစု၏ နတ်ဘုရားသားတော်။

ဝမ့်မိသားစု၏ ကေရာဇ်ငယ်။

ဘိုးဘွားနဂါးသိုက်၏ ပထမတားမြစ်မျိုးဆက်။

ရဲ့မိသားစုဓားနတ်ဆိုး လူဝင်စား။

မျက်စိတစ်မှိတ်အတွင်းမှာပဲ အကျော်ကြားဆုံး ပါရမီရှင်လေးဦးထဲမှ ရဲ့ကူချန်တစ်ယောက်သာ ကောရာဇ်လမ်းကိုတိုက်ခိုက်ရန် ကျန်တော့သည်။ ယင်းက စိတ်မကောင်းစရာပင်။

ယခုတော့ ရဲ့ကူချန် တိတ်ဆိတ်လေ့ကျင့်ရာမှ ထွက်ခွာသွားသောအခါတွင် နေရာအနှံ့တွင် တုန်လှုပ်သွားခဲ့ပြီ ဖြစ်သည်။

………

ဘိုးဘွားနဂါးသိုက် တည်ရှိရာ ဟုန်စီရင်စုရှိ တောင်တန်းများအတွင်းပိုင်း နက်ရှိုင်းသောနေရာတွင် အံ့သြဖွယ် အရှိန်အဝါတစ်ခု ထွက်ပေါ်နေသည်။

ပတ်ဝန်းကျင်ရှိ ရှေးဦးမျိုးနွယ်သတ္တဝါများစွာတို့လည်း ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားကို ခံစားမိရာ ချက်ချင်း လှမ်းကြည့်လိုက်၏။

မီးတောက်နေသော ဥက္ကာပျံကဲ့သို့ အရာတစ်ခုက ကောင်းကင်သို့ တက်လာသည်။

ပို၍ အံ့ဩစရာကောင်းသည်က ထိုပုံရိပ်တစ်ဝိုက်တွင် ဘိုးဘေးနဂါးတစ်ကောင်၏ အသွင်အပြင်နှင့် နတ်ဖီးနစ်၏ သင်္ကေတန်တစ်ခု ရှိနေခဲ့ခြင်းပင်။

ဘိုးဘွားနဂါးသိုက်နှင့် နတ်ဖီးနစ်မှ ဆင်းသက်လာသော ထိုပုံရိပ်မှ ကြောက်စရာကောင်းသော အရှိန်အဝါများ ထွက်ပေါ်နေခဲ့သည်။

တလှုပ်လှုပ်ထွက်ပေါ်နေသော အရှိန်အဝါက တာအိုနတ်ဘုရားနယ်ပယ် ကြီးမားသော ပြီးပြည့်စုံမှုသို့ ရုတ်တရက် ရောက်ရှိသွား၏။ ၎င်းက သူတော်စင်တစ်ပိုင်းနယ်ပယ်သို့ ပါးလွှာသော မျဉ်းတစ်ကြောင်းသာ ခြားတော့သည်။

"ဘုရားရေ၊ ဒီလို မြင့်မားတဲ့ နယ်ပယ်က... ဘိုးဘေးနဂါးသိုက်နဲ့ အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းတို့ ပူးပေါင်းဖန်တီးခဲ့တဲ့ နဂါးနဲ့ဖီးနစ်ခန္ဓာလား"

"ဒီနဂါးဖီးနစ်ခန္ဓာက ဘိုးဘွားနဂါးရဲ့ သွေးနဲ့ နတ်ဖီးနစ်သွေးတွေကို သန့်စင်ထားတယ်လို့ ကောလဟာလတွေ ထွက်နေတာ။ သူ့ရဲ့စွမ်းရည်က အကန့်အသတ်မဘဲ သူ့ရဲ့ အရည်အချင်းက ကျွင်းမိသားစုရဲ့ အရင် နတ်ဘုရားသားတော်ထက် အားမနည်းတာ သေချာတယ်"

လူအများစွာက ဝိညာဉ်အသိဖြင့် ဆက်သွယ်နေချိန်...

နဂါးနှင့် ဖီးနစ်တို့၏ အသွင်အပြင်ဖြင့် ရစ်ပတ်ထားသည့် ဤလူငယ်က လျစ်လျူရှုစွာ ပြောလိုက်သည်။

"လုံအိုထျန်းက အတိတ်ဖြစ်သွားပြီ"

"မင်းသမီးလုံကျိုကလည်း လူသားတစ်ယောက်ရဲ့ စီးတော်ဖြစ်ဖို့ ဆန္ဒရှိနေတယ်။ သူက ဘိုးဘွားနဂါးသိုက်အတွက် အရှက်ရစရာပဲ"

"ဟွမ်ထျန်းကဲနဲ့ ဖုန်းလော့ဖေးကလည်း အသုံးမဝင်ဘူး။ ရှေးဟောင်းလူထူးဆန်း ဟွမ်ကျိုးရန်ကတော့ မျက်လုံးကို ဖမ်းစားနိုင်လောက်တယ်"

"အရင်တုန်းက ကျွင်းရှောင်ယောက် ကမ္ဘာတစ်ဝှမ်းမှာ နာမည်ကြီးခဲ့တဲ့ အကြောင်းရင်းက ငါလုံ့ရှီဟွမ် မမွေးဖွားသေးလို့ပဲ"

ဤပုံရိပ်က နဂါးဖီးနစ်ခန္ဓာ၊ လုံ့ရှီဟွမ် ဖြစ်သည်။

လုံ့ရှီဟွမ်က လေထဲမှ ထွက်ခွာသွားရာ နဂါးနှင့် ဖီးနစ်က သူ့ခြေထောက်အောက်တွင် ပေါ်လာပြီး သယ်ဆောင်သွား၍ လူအများမှာ တုန်လှုပ်ချောက်ချားစွာဖြင့် ကျန်ရစ်ခဲ့တော့သည်။

ရဲ့ကူချန်နှင့် လုံ့ရှီဟွမ်အပြင် အခြားပါရမီရှင်များလည်း တိတ်တဆိတ်လေ့ကျင့်ရာမှ ထွက်လာခဲ့ကြသည်။

ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များက ဧကရာဇ်လမ်းသို့ ဦးတည်ခဲ့ပေသည်။

.........

ချင်းကျိုးရှိ ကျန်းမိသားစု၏ နေအိမ်...

ချောက်ကမ်းပါးတစ်ခုတွင် နှင်းဖြူဖြူ အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမလှတစ်ဦးက လေကို မျက်နှာမူကာ ရပ်နေသည်။

လေပြေညှင်းက သူမ၏ နှင်းဖြူဆံနွယ်များကို တိုးဝှေ့တိုက်ခတ်နေရာ လူးလွန့်လှုပ်ရှားလျက် ရှိ၏။ ဆံနွယ်အချို့ကတော့ မျက်နှာပေါ်သို့ ဝဲကျနေလေသည်။

သူမက ကျန်းစန်းယီ ဖြစ်သည်။

ယခင်ကနှင့်မတူဘဲ ကျန်းစန်းယီ၏ ဦးခေါင်းမှ
အနက်ရောင် ဆံပင်များကတော့ နှင်းဖြူရောင်
ဆံပင်များအဖြစ်သို့ ပြောင်းသွားပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ အသက်ကတ်
ကွဲကြေသွားကြောင်း သိရပြီးနောက် ကျန်းစန်းယီ၏
အနက်ရောင်ဆံပင်များမှာ နေ့ချင်းညချင်း
ဖြူသွားခဲ့ပေသည်။

အနက်ရောင်ဆံပင်များက အဖြူရောင်အဖြစ်
ပြောင်းသွားသော်လည်း ကျန်းစန်းယီကို ပို၍
ကျက်သရေရှိပြီး ဆွဲဆောင်မှုကို တိုးစေသည်။

ဤအခိုက်တွင် ကျန်းလော့လီ၏ပုံရိပ်က

သူမအနောက်မှ ပေါ်လာသည်။

တစ်ဒသသမငါးမီတာ အရပ်ကတော့
မပြောင်းလဲသေးပေ။

သို့ရာတွင် သူမ၏မျက်နှာက ယခင်ကထက်
တည်ငြိမ်လာသည်။

ကျန်းလော့လီသည်လည်း ယခုနှစ်အတွင်း များစွာ
ခံစားခဲ့ရသည်။ သူမက ခင်ပွန်းအတွက်
စိတ်သောကရောက်နေသော ဇနီးသည်ကဲ့သို့
ဖြစ်ခဲ့ရပေသည်။

"အမစန်းယီ၊ ကေရာင်ဇ်လမ်းပွင့်ပြီ။
မျိုးနွယ်စုအကြီးအကဲတွေက ကျွန်မတို့ကို
သွားစေချင်တယ်"

ကျန်းလော့လီက ပြောလိုက်သည်။

ကျန်းစန်းယီ တိတ်ဆိတ်သွား၏။

အချိန်အတော်ကြာပြီးနောက် သူမက ရုတ်တရက်
ပြောလေသည်။

"ငါ ရှောင်ယောက်ကို နှစ်သက်တယ်"

ကျန်းလော့လီ အနည်းငယ် အံ့အားသင့်သွားသည်။
ကျန်းစန်းယီက ယခုအချိန်တွင် ရုတ်တရက် ဝန်ခံရန်
ရွေးချယ်မည်ဟု သူမ မျှော်လင့်ခဲ့ပေ။

ကျန်းလော့လီလည်း ခါးသီးမှုကို လှစ်ဟလာပြီး
ပြောလိုက်သည်။

"အမစန်းယီ၊ လော့လီ ဘယ်လောက်ပဲ မိုက်မဲနေပါစေ၊

သူ့ကို အရမ်းမပျင်းစေသင့်ဘူး မဟုတ်လား"

သူမ မှန်းဆသင့်တာကို မှန်းဆခဲ့ပြီးသား ဖြစ်သည်။

သို့ရာတွင် အားလုံးကို နားလည်သည့်တိုင်
ရှင်းရှင်းလင်းလင်း ပြောရန် မလိုသော အရာ
အများကြီး ရှိသည်။

"လော့လီ၊ ငါ တောင်းပန်ပါတယ်"
ကျန်းစန်းယီက ခပ်တိုးတိုး ညည်းညူလိုက်လေသည်။

လေအဝှေ့တွင် အဖြူရောင်ဆံနွယ်များ
လှုပ်ရှားသွားရာ ဆွဲဆောင်မှုတစ်ခု ဖြစ်ခဲ့သည်။

ကျန်းစန်းယီကို ဤသို့မြင်ရသောအခါ

ကျန်းလော့လီလည်း ဘာမျှ မပြောနိုင်တော့ပေ။

သူမက ခါးသက်သက်ဖြင့် ပြုံးကာ ပြောလိုက်သည်။

"ဘာဖြစ်လို့ ဒီလိုပြောရတာလဲ။ အစ်ကိုရှောင်ယောက် ပြန်လာတာကိုပဲ စောင့်ကြရအောင်။ အစ်ကိုရှောင်ယောက် ဘယ်တော့မှ မသေဘူးလို့ လော့လီ ယုံကြည်တယ်"

"ဟုတ်တယ်၊ ရှောင်ယောက် မသေဘူးလို့ ငါလည်းယုံတယ်၊ ဒါကြောင့် ငါ ပိုပြီးသန်မာလာဖို့ ဧကရာဇ်လမ်းကို သွားရမယ်။ ငါက ရှောင်ယောက်အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ချင်ဘူး"

ကျန်းစန်းယီ၏ မျက်လုံးများက ခိုင်မာပြတ်သားသည်။

သန္နောစွမ်းအင်တာအိုခန္ဓာဖြင့် သူ၏

ဝိညာဉ်စွမ်းအင်ပြန်လည်ဖြည့်ဆည်းခြင်းက
အလွန်တိုးတက်လာသည်။ ယခုအခါတွင် သူမ၏
ကျင့်ကြံခြင်းအခြေခံက
တာအိုနတ်ဘုရားနယ်ပယ်တွင်ရှိကာ
သူတော်စင်တစ်ပိုင်းနှင့် သိပ်မဝေးတော့ပေ။

ကျန်းစန်းယီကိုကြည့်ရင်း ကျန်းလော့လီ၏
မျက်လုံးများတွင် ဝမ်းနည်းမှုတစ်ခု ပေါ်လာသည်။

ရိုင်းစိုင်းသော၊ တိုးတက်မှုမရှိသော၊ အသုံးမဝင်သော
ခြေလက်တိုတိုများနှင့် သူမက မနှိုင်းယှဉ်နိုင်ပေ။

ကျွင်းရှောင်ယောက်က နူးညံ့သိမ်မွေ့ပြီး၊ ဂရုစိုက်မှု၊
နားလည်မှု၊ ဖေးမကူညီမှုပေးမည့် ကျန်းစန်းယီကဲ့သို့
အမမျိုးကို ပို၍ နှစ်သက်သင့်သည်။

"ငါက တကယ် မသင့်လျော်ဘူး..."

ကျန်းလော့လီလည်း လက်သီးကို
တင်းတင်းဆုပ်လိုက်သည်။ ပထမဆုံးအကြိမ်အဖြစ်
သူမ၏ မျက်လုံးများတွင် ခိုင်မာသော ဆန္ဒတစ်ခု
ရှိလာခဲ့၏။

ကျန်းလော့လီလည်း ပိုသန်မာလာရန်
ကြိုးစားချင်ခဲ့သည်။ သူမ၏
ခြေထောက်တိုတိုလေးများမှာလည်း ရှည်လာမည်ဟု
ယုံကြည်ခဲ့ပေသည်။

ကျန်းမိသားစု၏ ပါရမီရှင်များလည်း
ဧကရာဇ်လမ်းပေါ် ခြေချခဲ့ကြသည်။

ကျွင်းမိသားစုတွင်၊ ကျွင်းမိုရှောင်၊ ကျွင်းလုံခန်းနှင့်
အခြားစီကွမ်များလည်း ဧကရာဇ်လမ်းပေါ်သို့

ခြေချလာသည်။

ရီယု၊ ရန်ချင်းယင်နှင့် အခြားသူများလည်း ထွက်သွားခဲ့ကြ၏။

ကျွင်းမိသားစုတွင် တည်းခိုနေသော မင်းသမီးလုံကျိုလည်း ခရီးဆက်ခဲ့သည်။

"ကျွင်းရှောင်ယောက်၊ နင့်နာမည်က ကေရာဇ်လမ်းမှာ ထပ်ပေါ်လာဦးမှာလား"

မင်းသမီးလုံကျိုက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

တကယ်တော့ ကျွင်းရှောင်ယောက် ကျဆုံးလိမ့်မည်ဟု သူမ မယုံခဲ့ပေ။

ထိုမှ အတွက်အချက်ကောင်းသူက မိမိကိုယ်ကို
မည်သို့သတ်နိုင်ပါမည်နည်း။

မင်းသမီးလုံကျိုက်ဲ့သို့ တူညီသော အယူအဆရှိသူများ
များစွာရှိကြသည်။

ကျွင်းရှောင်ယောက် တကယ်ကျဆုံးလျှင်
ကျွင်းမိသားစုက ဤမျှ ငြိမ်နေမည်မဟုတ်ဟု
လူအများက ထင်နေခဲ့ပေသည်။

ကြယ်ကောင်းကင်တွင်
ကျွင်းရှောင်ယောက်ဟူသောနည်ကို
ထပ်မံကြားရမည့်အချိန်အား လူအများက
စောင့်မျှော်နေခဲ့ကြသည်။

အချိန်များက ဆက်ပြီး ကုန်သွားခဲ့ပေသည်။

တစ်နှစ်နီးပါး ကြာသွားခဲ့ချေပြီ။
ဧကရာဇ်လမ်းပေါ်တွင် နာမည်ရလာသော ပါရမီရှင်
အတော်များများလည်း ရှိနေပြီဖြစ်သည်။

ကျွင်းရှောင်ယောက်၏ နာမည်ကိုတော့ တဖြည်းဖြည်း
ဖော်ပြခြင်း မရှိတော့ပါ။

သို့ရာတွင် ဂရုစိုက်တတ်သော သူတချို့လည်း
ရှိသည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ
အသက်ရှင်နေသေးပါက ယခု သူ၏အသက်
ဆယ့်ရှစ်နှစ် ပြည့်ခဲ့ပြီ။

ယင်းက အရွယ်ရောက်ခြင်းအခမ်းအနားအတွက်

သင့်လျော်သော အချိန် ဖြစ်သည်။

"ဟင်း၊ ကျွင်းရှောင်ယောက်သာ ကြေးအင်မော်တယ်နန်းတော်ကို မဝင်ခဲ့ဘူးဆိုရင် အခုခေတ်မှာ သူတော်စင်တစ်ပိုင်း ဖြစ်လာမှာကို ကြောက်ရတယ်။ အသက်ဆယ့်ရှစ်နှစ်အရွယ် သူတော်စင်တစ်ပိုင်း၊ အဲဒါက တွေးကြည့်ရုံနဲ့ ကြောက်စရာပဲ"

"ဟုတ်တယ်၊ သူတော်စင်တစ်ပိုင်းနဲ့ ကေရာဇ်လမ်းကို ဝင်ရောက်မယ်ဆိုရင် အရပ်ရပ်ကို အလျားလိုက် မတွန်းနိုင်ရင်တောင် အကောင်တော့ ဖြစ်သင့်တယ်"

"အခုမှ ဒီအကြောင်းတွေကို ဘာလို့ပြောနေတာလဲ"

"ဒါပေမယ့် ကျွင်းမိသားစုက

ကျွင်းရှောင်ယောက်အတွက် ဆယ့်ရှစ်နှစ်ပြည့်
အရွယ်ရောက်ခြင်းအခမ်းအနားကို ကျင်းပဖို့
စိတ်ဝင်စားပုံရတယ်လို့ ငါကြားတယ်"

"ဘာ၊ တကယ်လားဟ။ သူ သေသွားပြီကို...
အရွယ်ရောက်ခြင်း အခမ်းအနားတစ်ခုရှိတာလား"

သတင်းထွက်လာသည်နှင့်အမျှ
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေရှိ
ကျင့်ကြံသူများစွာတို့ အလွန်အံ့သြသွားကြသည်။

ကျွင်းမိသားစုက ကျဆုံးသွားသော ပါရမီရှင်အတွက်
အရွယ်ရောက်ခြင်း အခမ်းအနားတစ်ခုကို ဘာကြောင့်
ကျင်းပကြသနည်း။

ထို့နောက်တွင် အံ့သြဖွယ်သတင်းတစ်ခု

ထွက်ပေါ်လာပြန်သည်။

ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ဘဏ္ဍာတိုက်က ဤကမ္ဘာတွင် ပေါ်လာပုံရသော ကောလာဟလများ ရှိနေကြပေသည်။

ဤအခိုက်တွင် ကျွင်းမိသားစုက အမှောင်ထဲတွင် ပုန်းနေကြကြောင်း လူတော်တော်များများ နားလည်သွားကြသည်။

အပေါ်ယံတွင် ကျွင်းရှောင်ယောက်၏ အသက်ဆယ့်ရှစ်နှစ်ပြည့် အရွယ်ရောက်ခြင်းအခမ်းအနားကို ကျင်းပပုံရသော်လည်း နောက်ကွယ်တွင် အင်အားစုအသီးသီး၏ အာရုံစိုက်မှုကိုဆွဲဆောင်ရန် အသုံးပြုခဲ့ပေသည်။

သူတို့က ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ဘဏ္ဍာတိုက်ကို လက်ဝါးကြီးအုပ်ရန်အတွက် နည်းလမ်းရှာရန် ကြိုးစားနေကြခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ဆမ်ဆရာနတ်ဆိုးဂိုဏ်းက အင်မော်တယ်အင်အားစုတစ်ခု ဖြစ်နေဆဲပင်။ ၎င်းဆို့၏ ဘဏ္ဍာတိုက်ကလည်း သဘာဝအတိုင်း အဖိုးမဖြတ်နိုင်ပေ။

ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏ ဧကရာဇ်လက်နက်၊ လမ်းကြောင်းခြောက်သွယ် ဆမ်ဆာရာချပ်ပြားက ထိုဘဏ္ဍာတိုက်တွင် ရှိနေသည်ဟူသော ကောလာဟလများလည်း ရှိသည်။

သို့ဖြစ်ပေရာ ကြွယ်ဝချမ်းသာသော ကျွင်းမိသားစုပင်လျှင် ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏

ဘဏ္ဍာတိုက်ကို မျက်ကွယ်ပြုထားရန် မဖြစ်နိုင်ပေ။

ကျွင်းမိသားစုက ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏
ဘဏ္ဍာတိုက်ကို ရယူနိုင်စွမ်းရှိသည်ဟု
အဘယ်ကြောင့်ထင်နေကြသနည်း။

သဘာဝအတိုင်း၊ ဆမ်ဆာရာနတ်ဆိုးဂိုဏ်းမှ
ဆင်းသက်လာသော ဝမ့်ချွမ်က ကျွင်းမိသားစုတွင်
တည်းခိုနေသေးသောကြောင့် ဖြစ်သည်။

သူသာလျှင် ဆမ်ဆာရာနတ်ဆိုးဂိုဏ်း၏
ဘဏ္ဍာတိုက်တည်နေရာအမှန်ကိုရှာဖွေနိုင်သည်၊
ဘဏ္ဍာတိုက်တံခါးကိုဖွင့်ပြီး ၎င်း၌ရှိသော
အရင်းအမြစ်များကို ရယူနိုင်ပေသည်။

ဤသည်မှာ ရှေးဟောင်းတော်ဝင်မိသားစုနှင့်

အခြားရန်ဘက်အင်အားစုများ  မြင်လိုသောအရာ မဟုတ်နေကြောင်း ထင်ရှားသည်။

--------

အခန်း ( ၄၈၀ ) အင်မော်တယ်စစ်ပွဲ၊ ကျွင်းမိသားစုမှ အရွယ်ရောက်ခြင်း အခမ်းအနား၊ နောက်ဆုံးတွင် ကျွင်းရှောင်ယောက် နိုးထလာခဲ့ပြီ၊ အသက် ဆယ့်ရှစ်နှစ်အရွယ် သူတော်စင်။

ဟုန်စီရင်စုရှိ ဘိုးဘွားနဂါးသိုက်၏ လျှို့ဝှက်နေရာအတွင်း၌…

ပြင်းထန်သော အရှိန်အဝါနှင့် ပုံရိပ်များ စုရုံးနေသည်။

"ဒီကိစ္စကို မင်းတို့ဘယ်လိုထင်လဲ"

တစ်ယောက်က မေးသည်။

"နောက်ထပ် ဘာလုပ်နိုင်မှာလဲ၊ ကျွင်းမိသားစုက တိတ်တဆိတ် ထိန်းကျောင်းနေတာ"

အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းမှ အကြီးအကဲက အေးစက်စက်ဖြင့် ပြောလိုက်၏။

"ကျွင်းရှောင်ယောက် ပျောက်ကွယ်သွားတာ နှစ်နှစ်လောက်ကြာသွားပြီ။ ဒီအချိန်မှာ အရွယ်ရောက်ခြင်းအခမ်းအနားကို ပြုလုပ်ပြီး သုံးနှစ်သားကလေးကို လှည့်စားဖို့ ကြိုးစားနေတာလား။ ဆမ်ဆရာနတ်ဆိုးဂိုဏ်းရဲ့ ဘဏ္ဍာတိုက်ကို ဘယ်လို လက်ဝါးကြီးအုပ်ရမယ်ဆိုတာ စဉ်းစားနေကြတာ"

ရှေးမိကျောင်းကန်မှ အဖိုးအိုတစ်ဦးက

ပြောလိုက်သည်။

ချီလင်သားတော်၏ဖခင်ဖြစ်သော ချီလင်ရှေးဟောင်းဂူသခင်ကလည်း အေးစက်စက်ဖြင့် ပြောလေသည်။

"ကျွင်းမိသားစုရဲ့ အခြေခံအုတ်မြစ်က အရမ်းနက်ရှိုင်းနေပြီ။ သူတို့ကို ဆမ်ဆာရာနတ်ဆိုးဂိုဏ်းရဲ့ ဘဏ္ဍာတိုက်ကို ရယူခွင့်မပြုနိုင်ဘူး။ မဟုတ်ရင် ပျက်ဆီးခြင်းကောင်းကင်အင်မော်တယ်နယ်မြေကြီးရဲ့ အင်အားစုတွေ ကျွင်းမိသားစုကို တားဆီးဖို့ ပိုခက်လာလိမ့်မယ်"

ချီလင်သားတော်ကို ကျွင်းလုံခန်း သတ်လိုက်ပြီးကတည်းက ချီလင်ဂူသခင်ဟာ ကျွင်းမိသားစုကို သဘာဝအတိုင်းမုန်းတီးသွားခဲ့သည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ရှန်းကုကမ္ဘာတွင်
အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကတည်းက
ဖျူးတစ်ခုကဲ့သို့ပင်။

ယခုအခါ၊ ဆမ်ဆရာ နတ်ဆိုးဂိုဏ်း၏ ဘဏ္ဍာတိုက်က
ထပ်မံထွက်ပေါ်လာရာ မီးထဲသို့
လောင်စာထည့်သလိုဖြစ်ပြီး ကျွင်းမိသားစုအပေါ်
ထားရှိသော ရှေးဟောင်းတော်ဝင်မိသားစုများ၏
သတ်ဖြတ်လိုစိတ်များက လုံးလုံးလျားလျား
လောင်ကျွမ်းလာတော့သည်။

အင်မော်တယ်အင်အားစု၏ ဘဏ္ဍာတိုက်က
အလွန်အဖိုးတန်သည်။ ၎င်းသာ ကျွင်းမိသားစုလက်သို့
ကျရောက်ပါက ကျားကို
အတောင်တပ်ပေးလိုက်သကဲ့သို့ ဖြစ်လာပေလိမ့်မည်။

ထိုအခါ ရှေးဟောင်းတော်ဝင်မိသားစုနှင့် တခြားအင်အားစုများ မည်သို့ ရှင်သန်နိုင်မည်နည်း။

"ဟုတ်တယ်၊ ကျွင်းမိသားစုဟာ နဂိုကတည်းက ခိုင်မာပြီးသားပဲ။ တကယ်လို့ ဆမ်ဆာရာနတ်ဆိုးဂိုဏ်းက ဘဏ္ဍာတိုက်နဲ့ ဧကရာဇ်လက်နက် လမ်းကြောင်းခြောက်သွယ်ဆမ်ဆာရာချပ်ပြားကို ရသွားမယ်ဆိုရင် ကျွင်းမိသားစုက ပိုပြီး ကြောက်စရာကောင်းလာလိမ့်မယ်"

ဘိုးဘွားနဂါးသိုက်မှ အကြီးအကဲက ပြောလိုက်သည်။

"ဒါဆို မင်းဘာလုပ်ချင်လဲ..."

အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းမှ အကြီးအကဲက တုံ့ဆိုင်းသွား၏။

"အင်မော်တယ်စစ်ပွဲ…”

ဘိုးဘွားနဂါးသိုက်မှ အကြီးအကဲက လေးနက်သော အသံဖြင့် ပြောသည်။

"အင်မော်တယ်စစ်ပွဲ"

ချီလင်ဂူသခင်ကလည်း အေးစက်စက်ဖြင့် ပြောလိုက်၏။

"ဟုတ်တယ်၊ ကျွင်းမိသားစုကို သင်ခန်းစာတချို့ ပေးရမယ်။ ကျွင်းမိသားစုကို လုံးလုံးလျားလျား မချေမှုန်းနိုင်ရင်တောင် အနည်းဆုံးတော့ သူတို့ကို သွေးထွက်အောင်လို့ လုပ်သင့်တယ်"

ရှေးမိကျောင်းကန်မှ အဖိုးအိုက ပြောလိုက်သည်။

"အင်း၊ အင်မော်တယ်စစ်ပွဲက နောက်ဆုံးအားကိုးရာပဲ၊ ငါတို့လုပ်ရမှာက ကျွင်းမိသားစုကို ဆမ်ဆရာနတ်ဆိုးဂိုဏ်းရဲ့ ဘဏ္ဍာတိုက်ကိုမရအောင် တားဆီးဖို့ပဲ"

"ဟုတ်တယ်၊ အခြား အင်အားစုတွေကိုလည်း ဆက်သွယ်နိုင်တယ်။ ကျွင်းမိသားစုနဲ့ ရန်ငြိုးဖွဲ့တဲ့သူတွေဟာ ငါတို့ ရှေးဟောင်းတော်ဝင်မိသားစုတွေချည်း မဟုတ်ဘူး"

ချီလင်ဂူသခင်က ပြောလိုက်သည်။

"ဟားဟားဟား၊ ကျွင်းမိသားစုက သန်မာရင်တောင် ငါတို့ အင်အားစုအများကြီး ပစ်မှတ်ထားခံရရင် ကျဆုံးဖို့ပဲရှိမယ်"

ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစု၏

ကျဆုံးခြင်းကို မြင်ရသကဲ့သို့
ရှေးဟောင်းတော်ဝင်မိသားစုရဲ့ ဤပုဂ္ဂိုလ်များက
လှောင်ပြောင်လိုက်ကြသည်။

ဤတစ်ကြိမ်မှာတော့ သူတို့ဟာ
ယုံကြည်မှုအပြည့်ရှိခဲ့သည်။

အကြောင်းမှာ ကျွင်းမိသားစုကို
ပစ်မှတ်ထားလိုသည်က ၎င်းတို့
အင်မော်တယ်အင်အားစုချည်း မဟုတ်ကြ၍ပင်။

ယခင်က အင်မော်တယ်စစ်ပွဲများမှာ
အင်အားစုနှစ်ခုကြားတွင်သာ ဖြစ်ခဲ့သည်။

သို့ရာတွင် ယခုအကြိမ်က မညီမျှသော တိုက်ပွဲပင်။

ဤလျှို့ဝှက်တွေ့ဆုံမှုသတင်းက မပြန့်သွားပါ။

သို့ရာတွင် ပျက်ဆီးခြင်းကောင်းကင်
အင်မော်နယ်မြေကြီးတစ်ခုလုံးရှိ လေထုက
အနည်းငယ် ထူးဆန်းနေသည်။

ကမ္ဘာဖျက် မုန်တိုင်းကြီးတစ်ခု ရှိနေသကဲ့သို့
လူများစွာက တိတ်တဆိတ် ခံစားမိခဲ့ကြပေသည်။

အကယ်၍ အခြားအင်အားစုများပင် သိရှိကြလျှင်
ကျွင်းမိသားစုကလည်း မသိဘဲနေမည် မဟုတ်ချေ။

သို့သော် ကျွင်းမိသားစုတစ်ခုလုံးက
အလွန်တည်ငြိမ်နေခဲ့သည်။ ၎င်းတို့က
မုန်တိုင်းကိုမကြောက်ဘဲ လျစ်လျူရှုပြီး ငါးမျှားနေပုံ

ရပေသည်။

အချိန်ကြာလာသည်နှင့်အမျှ ကျွင်းရှောင်ယောက်၏
အရှယ်ရောက်ခြင်း အခမ်းအနားကို
စတင်ကြတော့မည် ဖြစ်သည်။

အချိန်တန်သောအခါ ကျွင်းမိသားစုက
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေ
အရပ်ရပ်မှ အင်အားစုအားလုံးကို အခမ်းအနားသို့
လာရန် ဖိတ်ကြားနေဆဲပင်။

ဤသည်မှာ အထူးဆန်းဆုံး အရှယ်ရောက်ခြင်း
အခမ်းအနား ဖြစ်လာရန် ရည်ရွယ်ခြင်း ဖြစ်သည်။

အကြောင်းမူ၊ အဓိကပုဂ္ဂိုလ် ကျွင်းရှောင်ယောက်က
လွန်ခဲ့သော နှစ်နှစ်ခန့်ကတည်းက ကျဆုံးသွားခဲ့၍ပင်။

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေတစ်ခုလုံးက ဤကိစ္စကို ဆွေးနွေးနေချိန်...

ဟင်းလင်းပြင်တစ်နေရာတွင်...

ကြီးကျယ်ခမ်းနားပြီး ရှေးကျသော ကြေးနန်းတော်တစ်ခုက ကြယ်များကြားတွင် မျောလွင့်နေသည်။

ယင်းက ကျယ်ပြောလှသည့် စကြာဝဠာကြီး၏ လှိုင်းများ၊ ရေစီးကြောင်းများတွင် မျောပါနေသော လှေတစ်စင်းကဲ့သို့ပင် တူသေးသည်။

ကြေးအင်မော်တယ်နန်းတော်တွင်

အရာအားလုံး၏မိခင်ချီတွင်း၌ လုံးဝနစ်မြုပ်နေသော ကျွင်းရှောင်ယောက်က သူ၏ရုပ်ခန္ဓာကို လုံးဝပြန်လည်ရရှိသွားခဲ့ပြီ ဖြစ်သည်။

သူ၏ အရေပြားတစ်လက်မတိုင်း၊ အရိုးတစ်လက်မတိုင်းက အတော်ဆုံး ပန်းပုဆရာမှ ထုဆစ်ထားသော အပြည့်စုံဆုံးအချိုးအစားများကဲ့သို့ပင်။

ကျွင်းရှောင်ယောက်၏ ရုပ်သွင်မှာ နဂိုကတည်းက အင်မော်တယ်အသွင်အပြင်ရှိနေပြီဖြစ်သော်လည်း ပြန်လည်မွမ်းမံပြင်ဆင်ပြီးနောက်တွင် သူသည် ပြီးပြည့်စုံသောခံစားချက်ကို ထပ်လောင်း ထုတ်လွှတ်နေခဲ့ပြီ ဖြစ်သည်။

ယင်းက နတ်ဘုရား၏ အပြစ်ကင်းစင်သည့်

လူဝင်စားကဲ့သို့ပင်။

"ဒီမောင်လေးက အရမ်းချောတာပဲ၊ သူ့ကိုကြည့်ရတာ မနေနိုင်တော့ဘူး..."
ကြေးအင်မော်တယ်နန်းတော်တွင် ချစ်စဖွယ် မိန်းကလေအသံတစ်ခု ထပ်မံထွက်ပေါ်လာသည်။

"မိန်းမယုတ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က မင်းဟာ ဒီကောင်လေးဆီကနေ ဘယ်တုန်းကမှ အကြည့်မလွှဲခဲ့ဘူး"
မျက်ကန်းအဘိုးကြီးက ဒေါသတကြီးဖြင့် ပြောသည်။

"ငါက နင့်လိုမှ မျက်စိမကန်းတာ။ ဒီလောက်ချောတဲ့ ယောကျ်ားကို မြင်နေရမှတော့ ဘာလို့ မကြည့်ရမှာလဲ"
ချစ်စဖွယ် မိန်းကလေးအသံက ရယ်မောကာ ပြော၏။

"ဟင်း၊ ဒီကောင်လေးက ရှန်းကုဝိညာဉ်အားလုံးကို အမှန်တကယ် စုပ်ယူခဲ့တာပဲ"

ကြက်တူရွေးက ပြောလိုက်သည်။

"ကံကြမ္မာသခင်က မျှော်မှန်းထားတဲ့အတိုင်း ဒီဟာကနေ ပြန်ကောင်းလာနိုင်တယ်”

ဒုက္ခိတ၏အသံ ထွက်ပေါ်လာသည်။

သူတို့ကဲ့သို့ တည်ရှိမှုအတွက်၊ နှစ်နှစ်ဆိုသည်မှာ ဘာမျှမကြာမြင့်ပေ။

ဤကာလအတွင်း သူတို့က ကျွင်းရှောင်ယောက်ကို စောင့်ကြည့်နေခဲ့သည်။

ကျွင်းရှောင်ယောက် အံ့သြစရာဟု ဆိုရမည်။

သူဟာ အရာအားလုံး၏မိခင်ချီဖြင့် ကြိမ်ဖန်များစွာ ဖိနှိပ်ခံခဲ့ရသည်။ သူ၏ရုပ်ခန္ဓာက လုံးလုံးလျားလျား ကွဲကြေသွားရုံသာမကဘဲ လုံးလုံးလျားလျား ပြန်လည် တည်ဆောက်ခဲ့ပေသည်။

သူ့တစ်ကိုယ်လုံးက နတ်အလင်းများဖြင့် ပြည့်နှက်နေကာ လျှို့ဝှက်ဆန်းကြယ်သော တာအိုအမှတ်အသားများဖြင့် ဖုံးအုပ်ထားခဲ့သည်။

အရာအားလုံး၏မိခင်ချီက ကျွင်းရှောင်ယောက်၏ခန္ဓာကိုယ်ကို ပြန်လည်ပုံဖော်နေသော ကျွမ်းကျင်သူတစ်ဦး၏ လက်တစ်စုံကဲ့သို့ပင်။

ရလဒ်အနေဖြင့် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်
တစ်လက်မတိုင်းက ပြီးပြည့်စုံပြီး တာအိုနှင့်လည်း
အလွန်လိုက်ဖက်ညီသွားသည်။

ထိုမျှသာမကဘဲ ကျွင်းရှောင်ယောက်၏
ရှေးဦးဝိဉာဉ်ကိုလည်း မပြည့်စုံသော ရှေးဟောင်း
ကမ္ဘောအဆောင်က ကာကွယ်ထား၍ အသက်ဓာတ်
အရိပ်အယောင်ကို ထိန်းသိမ်းထားနိုင်ခဲ့ပေသည်။

ဤနှစ်နှစ်အတွင်း၊ ကျွင်းရှောင်ယောက်၏
ရှေးဦးဝိညာဉ်က ရှန်းကုဝိညာဉ်ကို လုံးဝသန့်စင်ကာ
စုပ်ယူနိုင်ခဲ့သည်။

ရှန်းကုဝိညာဉ်က ရှန်းကုကမ္ဘာ၏
အလိုတော်ဖြစ်သည်ကို သိထားရပေမည်။
၎င်းတွင်ပိုင်ဆိုင်သည့် စိတ်စွမ်းအား

ကြီးမားသောပြောင်းလဲမှုများက ဖော်ပြရန်ပင် မလွယ်ပေ။

အဓိပတိဖြစ်လျှင်ပင် ဂရုတစိုက် သန့်စင်ကြရမည် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ ၎င်းကို နှစ်နှစ်အတွင်း လုံးဝစုပ်ယူနိုင်ခဲ့၏။

ကျွင်းရှောင်ယောက်၏ ရှေးဦးဝိဉာဉ်ကလည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိသွားခဲ့ပြီ။

ထိုမျှသာမကဘဲ ကျွင်းရှောင်ယောက်၏ မျိုးဆက်သုံးခု ရှေးဦးဝိညာဉ်တွင် ပန်းသုံးပွင့် ရှိသည်။

ယင်းက အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို ကိုယ်စားပြုပေသည်။

ယခုအခါ ရှေးဦးဝိညာဉ်က ပုံစံပြောင်းနေပြီ ဖြစ်သည်။

ရှေးယခင်က ရှေးဦးဝိညဉ်ဟာ ရှေ့ပြေးပုံစံတစ်ခုသာ ရှိခဲ့သည်။

ရှန်းကုဝိညာဉ်ကို လုံးလုံးလျားလျား ဝါးမြို့ပြီး သန့်စင်လိုက်ပြီးနောက် အတိတ် ရှေးဦးဝိညဉ်က နောက်ဆုံးတွင် အပြည့်အဝပုံဖော်ပြီးသွားသည်။

အတိတ် ရှေးဦးဝိညာဉ်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသော ကျွင်းရှောင်ယောက်အသေးစားကဲ့သို့ လူလေးတစ်ယောက် ထိုင်နေသည်။

တခါတရံတွင် ရှည်လျားသောမြစ်တစ်စင်းက အတိတ်ရှေးဦးဝိညာဉ်ကို လှည့်ပတ်ကာ နက်ရှိုင်းသော ခံစားချက်အား တိုးစေသည်။

"ဒီကောင်လေးက အတိတ်ရှေးဦးဝိညာဉ်ကို ပုံဖော်ထားတာပဲ။ သူနိုးလာတော့မယ်" မျက်ကန်းအဘိုးကြီးက ပြောလိုက်သည်။

သူက စိတ်ဝိညာဉ်လမ်းစဉ်ကို အထူးပြုသော လူများကြားတွင် အတော်ဆုံးလူများထဲမှ တစ်ယောက်ဟု သတ်မှတ်၍ရသည်။

"ဒီကောင်လေးက တကယ်ကို မကောင်းဆိုးရွားပဲ။ သူ့မှာ မျိုးဆက်သုံးခု ရှေးဦးဝိညာဉ်၊ ရှေးဟောင်းမြင့်မြတ်ခန္ဓာ၊ အနှိုင်းမဲ့အရိုး၊ အစွမ်းထက်

မဟာနတ်ဘုရားစွမ်းရည် အမျိုးမျိုးနဲ့
အရာအားလုံးရဲ့မိခင်ချီကိုတောင်
သယ်ဆောင်ထားနိုင်တဲ့
ဒီကြေးရောင်ဒယ်စောက်အိုးကြီးရှိတယ်။
ဒီမကောင်းဆိုးရွားက ဘယ်ကနေ
ဆင်းသက်လာတာပါလိမ့်"

ကြက်တူရွေးလည်း အနည်းငယ် မယုံနိုင်နိုင်သကဲ့သို့
ခံစားလိုက်ရသည်။

"မဟုတ်ရင် သူက ဘယ်လိုလုပ်ပြီး ကံကြမ္မာသခင်
ဖြစ်နိုင်မှာလဲ။ သူ့မှာ ဒီလို အရည်အချင်းနဲ့
ခွန်အားတွေရှိတာ သာမာန်ပါပဲ"

ဒုက္ခိတက ပြောလိုက်သည်။

ဤအခိုက်တွင် အရာအားလုံး၏မိခင်ချီ
ဒယ်စောက်အိုးထဲတွင် အိပ်ပျော်နေသော

ကျွင်းရှောင်ယောက်၏ မျက်ခွံများ
အနည်းငယ်လှုပ်ရှားသွားသည်။

နှစ်နှစ်ကြာ အိပ်ပျော်သွားပြီးနောက်
အသက်ဆယ့်ရှစ်နှစ်အရွယ် ကျွင်းရှောင်ယောက်က
နောက်ဆုံးတွင် သူ၏မျက်လုံးများကို ဖြည်းညှင်းစွာ
ဖွင့်လိုက်သည်။

တခဏချင်းမှာပဲ၊ သူ့ခန္ဓာကိုယ်မှ
ကြောက်စရာကောင်းသော အရှိန်အဝါများ
ထွက်လာခဲ့၏။

ထိုအရှိန်အဝါက တာအိုနတ်ဘုရားနယ်ပယ်
မဟုတ်သလို သူတော်စင်တစ်ပိုင်းလည်းမဟုတ်ပေ။

သူတော်စင်။

ဆယ့်ရှစ်နှစ်အရွယ် သူတော်စင်သာ ဖြစ်တော့သည်။

---------

အခန်း ( ၄၈၁ ) ရှန်းကုဝိညာဉ်၏ ဒုတိယစွမ်းအင်၊ ဖင်းဂေါ့ခန္ဓာကေရာင်ဇ်ဖြစ်လာရန် လမ်း၊ ကေရာင်ဇ်လမ်းတွင် လက်မှတ်ထိုးဝင်ရန် အခွင့်အလမ်း။

ကျွင်းရှောင်ယောက် မျက်လုံးဖွင့်လိုက်သည်နှင့် သူတော်စင်တစ်ယောက်၏ ကြောက်မက်ဖွယ်ရာ ဖိအားများ ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက်က ယခုထိ အသက် ဆယ့်ရှစ်နှစ်သာ ရှိသေးသည်ကိုတော့

တွေးကြည့်ရန်ပင် မလွယ်ပေ။

အသက် ဆယ့်ရှစ်နှစ်အရွယ် သူတော်စင်၊
ဤစကားကိုကြားရပါက လူတိုင်း ရယ်စရာဟု
ထင်မှတ်ကြလိမ့်မည်။

ပထမအဆင့် အင်အားစုတချို့၏
အကြီးအကဲတချို့သည်ပင် သူတော်စင်နယ်ပယ်ထက်
မပိုကြောင်း သိထားကြရမည် ဖြစ်သည်။

တစ်နည်းဆိုရသော် ကျွင်းရှောင်ယောက်၏
လက်ရှိအင်အားက မျိုးဆက်ဟောင်းများမှ
ကျွမ်းကျင်သူများကိုပင် လိုက်မီနေခဲ့ပြီ။

ကျွင်းရှောင်ယောက်က ခေတ်အဆက်ဆက်တွင်
အသက်အငယ်ဆုံး သူတော်စင်ဟုပင် ဆိုနိုင်သည်။

ကျွင်းရှောင်ယောက်ကိုယ်တိုင်ပင် အနည်းငယ် မင်သက်သွားသည်။ သူ့စိတ်က အနည်းငယ် ဖရိုဖရဲဖြစ်ကာ ရှုပ်ထွေး နောက်ကျိသွား၏။

နောက်ဆုံးတွင်၊ သူ ဘာမှမဖြစ်သကဲ့သို့ အိပ်ပျော်နေသည်မှာ နှစ်နှစ်ကြာသွားပြီ။ သို့ဖြစ်ပေရာ ချက်ချင်း သူ့အသိစိတ် ပြန်ပေါ်လာရန်မှာ မဖြစ်နိုင်ပါချေ။

ခဏအကြာမှ ကျွင်းရှောင်ယောက်ဟာ ဖြစ်ပျက်ခဲ့သည်များကို သူ့စိတ်ထဲတွင် တဖြည်းဖြည်း သတိရလာသည်။

ကြေးအင်မော်တယ်နန်းတော်ထဲကို ဝင်ရောက်လာပြီးနောက် ဝမ့်ထန့်နှင့်

လုံအိုထျန်းကိုသတ်ကာ
သတ်ဖြတ်ခြင်းအစီအရင်ထဲကို မတော်တဆ
ဝင်ရောက်မိရာမှ အရာအားလုံး၏မိခင်ချီဖြင့်
နှစ်မြှုပ်ခံခဲ့ရခြင်း ဖြစ်ပေသည်။

ကျွင်းရှောင်ယောက်က သူ့လက်ကို ဖြည်းညှင်းစွာ
မြှောက်ပြီး သူ့ကိုယ်သူ ကြည့်လိုက်သည်။

သူ့အသားရေက ဖြူဖွေးကြည်လင်ပြီး
အပြစ်အနာအဆာကင်းကာ အကောင်းမွန်ဆုံးသော
ကျောက်စိမ်းကဲ့သို့ဖြစ်ပြီး
အင်မော်တယ်အလင်းများလည်း ဝန်းရံနေသည်။
မိန်းကလေးများပင် သူ့ကိုမြင်လျှင်
မနာလိုဖြစ်ကြပေလိမ့်မည်။

ထို့အပြင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်မှ

လန်းဆန်းသောရနံ့များလည်း ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်၊ မရေတွက်နိုင်သော တာအိုအမှတ်အသားများက သူနှင့် ပဲ့တင်ထပ်နေသကဲ့သို့ သူ့ပတ်ဝန်းကျင်တွင် တောက်ပနေသည်။

ဤကား အရာအားလုံး၏မိခင်ချီဖြင့် ထုဆစ်ပြီးနောက် ရုပ်ခန္ဓာ၏ ပြီးပြည့်စုံခြင်းသို့ ရောက်လုနီးပါး ဖြစ်သွားခဲ့သော ခန္ဓာတစ်ခုပင်။

"ငါ တန်ဘုန်းကြီးအဖြစ် ပြောင်းသွားခဲ့ပြီလား"

ကျွင်းရှောင်ယောက် အနည်းငယ် ဆွံ့အသွားသည်။

ဤအသားက အနံ့အရမ်းမွှေးလွန်းလို့

ကိုက်စားချင်စိတ်ပင် ဖြစ်လာစေနိုင်သည်။

ယခုအခါ သူ၏သွေးတစ်စက် သို့မဟုတ် အသားတစ်ပိုင်းကပင် အဖိုးမဖြတ်နိုင်သော ရတနာတစ်ခုဟု ဆိုရပေတော့မည်။ သေမျိုးတစ်ယောက်သာ သန့်စင်နိုင်ခဲ့ပါက ခန္ဓာကိုယ်သန့်စင်သူ ပါရမီရှင်တစ်ဦး ချက်ချင်း ဖြစ်လာလိမ့်မည်။

"အနာဂတ်မှာ၊ ငါက ခန္ဓာကေရာင်ဇ်ဖြစ်လာနိုင်တယ်" ကျွင်းရှောင်ယောက်က သူ့ကိုယ်သူပြောလိုက်သည်။

ခန္ဓာကေရာင်ဇ်ဖြစ်ခြင်းက မဟာကေရာင်ဇ်အဆင့်သို့ မရောက်သေးသော်လည်း ခန္ဓာကတော့ မဟာကေရာင်ဇ်၏ ခန္ဓာနှင့် ယှဉ်နိုင်နေခဲ့ပြီ။

မဟာကေရာဇ်သည်ပင် ခန္ဓာကေရာဇ်ကို
ဖျက်ဆီးနိုင်ရန် အင်မတန် ခက်ခဲသည်။

မဟာကေရာဇ်နယ်ပယ်အောက်တွင်
ဖင်းဂေါ့ခန္ဓာကေရာဇ်က ပြိုင်ဘက်ကင်းလုနီးဖြစ်ပြီး
မည်သူမျှ မဖျက်ဆီးနိုင်ပေ။

ဟုတ်သည်၊ ဖင်းဂေါ့ခန္ဓာကေရာဇ်ဖြစ်လာရန်က
အလွန်ခက်ခဲပြီး ခေတ်ကာလတစ်လျှောက်တွင်
လူအနည်းငယ်သာ ရှိခဲ့သည်။

ကျွင်းရှောင်ယောက်၏ ယခင် စွမ်းရည်နှင့်ပင်
ကေရာဇ်ဖြစ်လာရန် အလွန်ခက်ခဲပေလိမ့်မည်။

ယခုမူ၊ အရာအားလုံး၏မိခင်ချီဖြင့်
ပြန်လည်ပုံဖော်ပြီးနောက် ကျွင်းရှောင်ယောက်အတွက်

ခန္ဓာကေရာင်ဖြစ်လာရန် မျှော်လင့်ချက်ရှိနေပြီ ဖြစ်သည်။

ကျွင်းရှောင်ယောက်အတွက် အရာအားလုံး၏မိခင်ချီမှ ပေးအပ်ခဲ့သော အကျိုးကျေးဇူးများမှာ ထိုမျှသာမကပေ။

ကျွင်းရှောင်ယောက်၏ မသိစိတ်က သူ့ခန္ဓာကိုယ်ကို လှုပ်ရှားစေကာ နဂါးတစ်ကောင်ကဲ့သို့ အင်မော်တယ် စွမ်းအင်စီးကြောင်းတစ်ခု သူ့ခန္ဓာကိုယ်တစ်ဝိုက်တွင် ရစ်ပတ်လာခဲ့သည်။

သို့သော်လည်း ဤအခိုက်တွင် ဒုတိယ အင်မော်တယ်ချီကြိုးမျှင် ပေါ်လာခဲ့၏။

ဤအင်မော်တယ်ချီကြိုးမျှင်က မြေဝါရောင်ဖြစ်ပြီး

အရာအားလုံး၏မိခင်ချီကဲ့သို့ နက်ရှိုင်းသော အရှိန်အဝါကို သယ်ဆောင်ထားသည်။

တောင်များ၊ မြစ်များ၊ ပင်လယ်များ၊ အသီးအရွက်များ၊ ပိုးမွှားများနှင့် သက်ရှိများကို ပေါ်လွင်နေသကဲ့သို့ အရာအားလုံး၏မိခင်ချီမှ လျှို့ဝှက်ဆန်းကြယ်သော အရှိန်အဝါကို သယ်ဆောင်လာသော အင်မော်တယ်ချီက လေထဲတွင် ဆိုင်းငံ့ထားလေသည်။

တစ်ချိန်တည်းမှာပင်၊ ၎င်း၏ဖိအားက မိုင်ထောင်ပေါင်းများစွာသော မြစ်များနှင့် တောင်များကို ချေမှုန်းနိုင်သကဲ့သို့ ဟင်းလင်းပြင်ကို တုန်ယင်နေစေသည်။

အရာအားလုံး၏မိခင်ချီဖြင့် နှစ်နှစ်ကြာအောင်

သန့်စင်ပြီးနောက် ကျွင်းရှောင်ယောက်ဟာ
ဒုတိယမြောက် အင်မော်တယ်ချီကြိုးမျှင်ကို
မသိလိုက်ဘဲ ပေါင်းစည်းနိုင်ခဲ့ပြီ။

ဤအင်မော်တယ်စွမ်းအင်က
အရာအားလုံး၏မိခင်ချီမှ ပေါင်းစည်းထားခြင်း
ဖြစ်သည်။

ကျွင်းရှောင်ယောက်က ကေရာဇ်လမ်းသို့ မဝင်မီကပင်
အင်မော်တယ်ချီနှစ်ခုကို ပေါင်းစည်းထားနိုင်ပြီ။

ဤသည်က လုံး၀ မကြုံစဖူး ဖြစ်သည်။

ကေရာဇ်လမ်းတွင် အချိန်အတော်ကြာ
အတွေ့အကြုံရှိပြီးသူများ အတွက်ပင်
အင်မော်တယ်စွမ်းအင်ကို စုပ်ယူရန် အလွန်ခက်ခဲပြီး

အခွင့်အလမ်းများစွာ လိုအပ်သည်။

အင်မော်တယ်စွမ်းအင်နှစ်ခုက ကောရာဇ်လမ်းမှ ပါရမီရှင်အများစု ၎င်းတို့၏ တစ်သက်တာတွင် မရောက်ရှိနိုင်သောအဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

"မဆိုးဘူး"
ကျွင်းရှောင်ယောက် အနည်းငယ်ပြုံးလိုက်သည်။

ဒုတိယ အင်မော်တယ်စွမ်းအင်ကို စုစည်းနိုင်ခြင်းက အံ့အားသင့်စရာဖြစ်သည်။ ကျွင်းရှောင်ယောက်လည်း သူ၏ရုပ်ခန္ဓာကို ဆက်လက်စူးစမ်းလေ့လာခဲ့သည်။

သူ့ခန္ဓာကိုယ်ရှိ မူလဆင်မှုန်တစ်သိန်းက နတ်ဆင်အမှုန်တစ်သိန်းအဖြစ်သို့ မသိလိုက်ဘဲ

ပြောင်းလဲသွားကြောင်း သူတွေ့ရှိခဲ့ပေသည်။

အနှိုင်းမဲ့နတ်ဆင်ခွန်အား၏ စွမ်းအားက အပြည့်အဝ ကျွမ်းကျင်သွားခဲ့ပြီ ဖြစ်သည်။

ယခုအခါ ကျွင်းရှောင်ယောက်၏ လှုပ်ရှားမှုတိုင်းက နတ်ဆင်တစ်သိန်းခွန်အားများ ပါဝင်နေပြီး ယခင်ကထက် များစွာ သာလွန်နေခဲ့ပြီ။

တစ်ချိန်တည်းမှာပင်၊ ကျွင်းရှောင်ယောက်က အစစ်အမှန် နတ်ဆင်ခန္ဓာကို ထုတ်ဖော်ပြသနိုင်ခဲ့ပြီ ဖြစ်သည်။ ရှေးဟောင်းနတ်ဆင်က ကောင်းကင်ကိုးပါးနှင့် နေရာဆယ်ခုကို ဖိနှိပ်နိုင်ကာ မိုင်သောင်းချီသော တောင်တန်းနှင့်မြစ်များ ပြိုလဲသွားရပေလိမ့်မည်။

ကျွင်းရှောင်ယောက်၏ခန္ဓာက
အရာအားလုံး၏မိခင်ချီဖြင့် သန့်စင်ခံရပြီးနောက်
အလွန်တိုးတက်လာခဲ့ပြီဟု ဆိုနိုင်သည်။

ထို့နောက်တွင်၊ ကျွင်းရှောင်ယောက်က မျိုးဆက်သုံးခု
ရှေးဦးဝိညာဉ်မှ အတိတ်ရှေးဦးဝိညာဉ်ကို
သတိပြုမိခဲ့သည်။

ကျွင်းရှောင်ယောက်ဟာ သူ၏ ရှေးဦးဝိညာဉ်က
ယခင်ကထက် များစွာ သန်မာလာသည်အား
တွေ့ရပြီးနောက် လွန်စွာ အံ့အားသင့်သွားသည်။

ယခု၊ ကျွင်းရှောင်ယောက်၏ ရှေးဦးဝိညာဉ် စွမ်းအားက
အတိတ်မှ ရှေးဦးဝိညာဉ်ကို အလွယ်တကူ
ချေမှုန်းနိုင်လုနီးပါးပင်။

"ဘယ်လိုဖြစ်တာလဲ၊ အတိတ် ရှေးဦးဝိညာဉ်ကို
သိပ်သည်းနိုင်ရင်တောင် ငါ့ရဲ့ ရှေးဦးဝိညာဉ်စွမ်းအားက
ဒီလောက်အထိ မတိုးတက်သင့်ဘူး"

ကျွင်းရှောင်ယောက်ကိုယ်တိုင် မယုံနိုင်သကဲ့သို့
ခံစားခဲ့ရသည်။

သူ၏အသိစိတ်သည် ယခင်က
မေ့မျောနေခဲ့ပြီးဖြစ်သောကြောင့် ရှန်ကုဝိညညာဉ်ကို
စုပ်ယူခဲ့ရကြောင်းကိုတော့ သတိပြုမိရန် မဖြစ်နိုင်ပေ။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ
သူ့ကိုယ်ပိုင်နယ်ပယ်ကို သတိပြုမိပြန်သည်။

သူတော်စင်နယ်ပယ်။

ဤအအတွက်တော့ ကျွင်းရှောင်ယောက် မအံ့သြပေ။

သူက အရာအားလုံး၏မိခင်ချီတွင်
နှစ်အတော်ကြာအောင် နစ်မြုပ်နေခဲ့ပြီး ရုပ်ခန္ဓာအား
ပြုပြင်မွမ်းမံထားခဲ့သည်။ ထို့ကြောင့် သူ၏နယ်ပယ်က
မတိုးတက်ရန် လုံးဝ မဖြစ်နိုင်ပေ။

တာအိုနတ်ဘုရားနယ်ပယ်မှ သူတော်စင်နယ်ပယ်သို့
ချိုးဖြတ်ခြင်းမှာ အနည်းငယ်ချဲ့ကားရာ ကျသည်။

သို့သော်လည်း ပင်ကိုယ်ပါရမီ ကြီးမားလွန်းသော
ကျွင်းရှောင်ယောက်အတွက်တော့ ဤသည်က
သာမန်အရာတစ်ခုပင်။

ကျွင်းရှောင်ယောက်ကို ထူးထူးဆန်းဆန်း
ခံစားရစေသည်က တစ်ခုသာ ရှိသည်။

သူတော်စင်ကပ်ဘေးဒုက္ခကို မဖြတ်ကျော်ခဲ့ရပေ။

သူတော်စင်နယ်ပယ်ကို ချိုးဖြတ်ပါက သူတော်စင်ကပ်ဘေးကလည်း မပါမဖြစ်ဟု ဆိုနိုင်သည်။ တစ်ယောက်ယောက်က ထိုကပ်ဘေးကို ဖြတ်ကျော်နိုင်မှ သူတော်စင်နယ်ပယ်ကို ရောက်နိုင်သည်၊ မဟုတ်ပါက သေရပေလိမ့်မည်။

ဤသည်မှာ သေခြင်းရှင်ခြင်း ကပ်ဘေးကြီး ဖြစ်သည်။

ကျွင်းရှောင်ယောက်လည်း ဤကိစ္စကို မတွေးတတ်သောကြောင့် နောက်ထပ် မစဉ်းစားတော့ပေ။

နောက်ဆုံးတွင် မပြည့်စုံသော ရှေးဟောင်းကမ္ပည်းနှင့် သုံးချောင်းထောက် ကြေးဒယ်စောက်အိုးကို သူ့မျက်လုံးအကြည့်များက ကျရောက်လာသည်။

"ငါ့ဝိညာဉ်ကို ကာကွယ်ဖို့ ဒီရှေးဟောင်း ကမ္ပည်းအဆောင်သာ မရှိရင် အန္တရာယ်ကြီးသွားမှာကို ကြောက်ရတယ်"

ကျွင်းရှောင်ယောက်က ရှေးဟောင်း ကမ္ပည်းအဆောင်ကို သိမ်းလိုက်သည်။

အနာဂတ်တွင် ဖြစ်နိုင်ပါက ဤရှေးဟောင်းကမ္ပည်းအဆောင်၏ အခြားတစ်ဝက်ကို ရှာရန်အတွက် သူတွေးထားပြီးပြီ။ နောက်ဆုံးတွင် ဤသည်က ကောရာဇ်လက်နက်တစ်ခု ဖြစ်သည်။

"အဓိပဓိလက်နက်၊ အရာအားလုံးရဲ့မိခင်ချီ ဒယ်စောက်အိုး"

ကျွင်းရှောင်ယောက်က သူ၏ လက်မှတ်ထိုးဝင်ခြင်းဆုလာဘ်ကို ကြည့်လိုက်သည်။

အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးက အလွန်ကြီးမားလေးလံသည်။ ၎င်းတွင် ခြေထောက်သုံးချောင်းနှင့် လက်ကိုင်နှစ်ဖက်ပါပြီး မျက်နှာပြင်တွင် သက်ရှိသတ္တဝါအားလုံး၊ စေတီ၊ တောင်၊ မြစ်၊ ပင်လယ်၊ နေ၊ လ၊ ကြယ်များ၊ အသီးအရွက်များ၊ အင်းဆက်များနှင့် ငါးပုံစံများကိုပင် ရေးထွင်းထားသည်။

အဆုံးမဲ့ အရာအားလုံး၏မိခင်ချီများက ဒယ်စောက်အိုးတွင် လှိုင်းထနေပေသည်။

အရာအားလုံး၏မိခင်ချီက အလွန်လေးလံသည်။ ၎င်း၏ ချီကြိုးမျှင်တစ်ခုပင် မိုင်ထောင်ချီသော တောင်တန်းနှင့်မြစ်များကို ချေမှုန်းနိုင်သည်။ သို့ဖြစ်ပေရာ သာမန်လက်နက်များက ဤစွမ်းအားကို မခံနိုင်ပေ။

သို့သော် အရာအားလုံး၏မိခင်ချီက အဓိပဓိလက်နက် ဖြစ်သည်။

အရေးအကြီးဆုံးကတော့၊ ၎င်းတွင် ဆက်လက်ကြီးထွားရန် အလားအလာရှိခြင်းပင်။

'တကယ်လို့ အဓိပဓိလက်နက်တစ်ခုဆိုရင် ကြယ်ရှစ်ပွင့် ရှားပါးဆုလာဘ်အဆင့်ကို ရောက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ အရာအားလုံးရဲ့မိခင်ချီဒယ်စောက်အိုးရဲ့

အလားအလာနဲ့ဆိုရင် ကေရာဇ်တစ်ပိုင်း၊
ကေရာဇ်လက်နက်နဲ့ အင်မော်တယ်လက်နက်တောင်
ဖြစ်လာနိုင်ချေရှိတယ်'

ကျွင်းရှောင်ယောက်က သူ့ကိုယ်သူ တွေးလိုက်မိသည်။

အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးကို ရှားပါး
ကြယ်ရှစ်ပွင့်ဆုလာဘ်ဟု သတ်မှတ်ရခြင်းက
လက်ရှိအဆင့်ကြောင့်မဟုတ်ဘဲ ၎င်း၏
အနာဂတ်အလားအလာကြောင့် ဖြစ်သည်။

ကေရာဇ်တစ်ပိုင်းလက်နက်၊ ကေရာဇ်လက်နက်နှင့်
အင်မော်တယ်လက်နက်...

အနာဂတ်တွင် အရာအားလုံး၏မိခင်ချီ
ဒယ်စောက်အိုးက အင်မော်တယ်အဆိပဆိအဆင့်သို့ပင်
ရောက်ရှိသွားနိုင်ချေ ရှိသည်။

နှစ်နှစ်ကြာ အချိန်အတွင်းတွင်
ကြေးအင်မော်တယ်နန်းတော်ရှိ
အရာအားလုံး၏မိခင်ချီ တစ်စိတ်တစ်ပိုင်းကို
ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်မှ
စုပ်ယူသွားခဲ့သည်။

ကျန်တစ်ပိုင်းကိုတော့ အရာအားလုံး၏မိခင်ချီ
ဒယ်စောက်အိုးမှ စုပ်ယူခဲ့ပေသည်။

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ပြီး
အရာအားလုံး၏ မိခင်ချီ ဒယ်စောက်အိုးကို
ဆင့်ခေါ်လိုက်သည်။

လေးလံလွန်းသော ဖိအားက
ကျွင်းရှောင်ယောက်၏လက်ကိုပင် အနည်းငယ်

နိမ့်ကျသွားစေခဲ့ပေသည်။

"အခြားနည်းလမ်းတွေ ဘေးဖယ်ထားရင်တောင် ဒီအိုးရဲ့ ဖိအားသက်သက်က သူတော်စင်တစ်ဦးရဲ့ ခန္ဓာကိုယ်ကို တိုက်ရိုက်ပေါက်ကွဲသွားစေနိုင်လောက်တယ်"

ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

တစ်ယောက်ယောက်ကို လက်သီးနှင့်ထိုးခြင်းထက် ဒယ်စောက်အိုးနှင့် ရိုက်သတ်ပါက ပို၍ ပျော်စရာကောင်းလိမ့်မည်။

ဤအခိုက်တွင်၊ စနစ်အသံက ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင် ထပ်မံထွက်ပေါ်လာသည်။

"ဒင်၊ လက်မှတ်ထိုးဝင်ဖို့ တည်နေရာအသစ်ကို

ပြန်လည်ဆန်းသစ်ပြီးပါပြီ၊ ကျေးဇူးပြု၍ ကေရာဇ်လမ်းမှာ လက်မှတ်ထိုးဝင်ပါ"

"အိုး၊ ဘယ်လောက်တောင် ကြာသွားပြီလဲမသိဘူး။ ကေရာဇ်လမ်းတောင် ပွင့်နေပြီ"

ကျွင်းရှောင်ယောက် အနည်းငယ် အံ့သြသွားသည်။

သူ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသလဲပင် မသိပေ။

ယခုအချိန်တွင်၊ ကြေးအင်မော်တယ်နန်းတော်မှ အရာအားလုံး၏မိခင်ချီအားလုံးကို ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်နှင့် အရာအားလုံး၏မိခင်ချီ ဒယ်စောက်အိုးမှ စုပ်ယူသွားခဲ့သည်။

သတ်ဖြတ်ခြင်းဝက်ပါကတော့
အရာအားလုံး၏မိခင်ချီစွမ်းအင်ကို ဆုံးရှုံးသွား၍
အလုပ်မလုပ်တော့ဘဲ အချိန်အတော်ကြာကပင်
ရပ်တန့်နေခဲ့ပြီ။

ဤအခိုက်တွင် ကျွင်းရှောင်ယောက်၏ မျက်လုံးများမှ
နားလည်ရခက်သော အလင်းတစ်ခု
လင်းလက်လာသည်။ ထို့နောက်မှာတော့
ဟင်းလင်းပြင်တစ်ခုကို မျက်နှာမူကာ အနည်းငယ်
လက်ယှက်လိုက်တော့သည်။

"ဒီအတောအတွင်းမှ ကျွန်တော့်ကို
ဂရုစိုက်ပေးခဲ့တဲ့အတွက် အကြီးအကဲတွေကို
ကျေးဇူးတင်ပါတယ်"

--------

အခန်း ( ၄၈၂ ) လျှို့ဝှက်ဆန်းကြယ်သော ကျွမ်းကျင်သူများ၊ ကံကြမ္မာသခင်၊ ဒီအမက မင်းရဲ့ခန္ဓာကိုယ်ကို စစ်ဆေးကြည့်ဖို့ ကူညီပေးမယ်။

ကျွင်းရှောင်ယောက်၏ စကားဆုံးသောအခါ ကြေးအင်မော်တယ်နန်းတော်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက အနည်းငယ် ကွေးညွတ်သွား၏။

ယခင် သူ၏အသိစိတ်က အမှောင်ထုထဲတွင် မနစ်မြုပ်ခင်မှာ အနည်းငယ် လှုပ်ရှားများ ရှိခဲ့သည်။

ထိုအချက်ကို ကောင်းစွာ ဖုံးကွယ်ထားသော်လည်း

ကျွင်းရှောင်ယောက်၏ ခိုင်မာသောခံစားနိုင်စွမ်းမှ မလွတ်မြောက်ခဲ့ပေ။

ဤကြေးအင်မော်တယ်နန်းတော်တွင် သူ့အပြင် အခြားလူများလည်း ရှိနေသေးကြောင်း ထင်ရှားသည်။

ထိုလူတချို့က ကြေးအင်မော်တယ်နန်းတော်နှင့် အဆက်အသွယ် ရှိကောင်းရှိလိမ့်မည်။

အချိန်အတော်ကြာမှ အိုမင်းသော အသံတစ်ခု ထွက်ပေါ်လာသည်။

"ဟားဟားဟား၊ မင်း ရှာတွေ့ထားတာ ကြာပြီလား"

စကားသံအဆုံးတွင် ကြေးအင်မော်တယ်နန်းတော်၏ ဟင်းလင်းပြင်လေးနေရာမှ ပုံရိပ်လေးခု ရုတ်တရက် ထွက်ပေါ်လာသည်။

ကျွင်းရှောင်ယောက် လှမ်းကြည့်လိုက်၏။

ဤပုံရိပ်လေးခုက အဘိုးကြီးနှစ်ယောက်၊ လှပသော မိန်းကလေးတစ်ယောက်နှင့် ကြက်တူရွေးတစ်ကောင်တို့ ဖြစ်သည်။

အဘိုးအိုနှစ်ဦးစလုံးက စုတ်ပြတ်နေသော ဝတ်စုံများ ဝတ်ထားကာ တစ်ယောက်က မျက်စိမှိတ်ထားသည်။

အခြားအဘိုးကြီးကတော့ ခြေတစ်ဖက်က လိမ်နေကာ ခြေတစ်ဖက်ကိုကွေးပြီး ထော့နဲ့ထော့နဲ့ လျှောက်လာခဲ့၏။ ၎င်းက မသန်စွမ်းသူဖြစ်ကြောင်း

ထင်ရှားသည်။

နူးညံ့သိမ်မွေ့ပြီး လှပသော အမျိုးသမီးကတော့ လှပသော မျက်နှာ၊ နှင်းဖြူ အသားအရည်နှင့် ပိန်ပိန်သွယ်သွယ် ရှိသည်။

သူမက အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားကာမို့မောက်သော အမွှာတောင်ထွတ်နှစ်ခု၊ သွယ်လျသောခါး၊ စွင့်ကားသော တင်ပါးဝိုင်းများနှင့် မိန်းမလှတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အလှများကို ပိုင်ဆိုင်ထားသည်။

သူမက ရင့်ကျက်ပြီး ဆွဲဆောင်မှုရှိသော အရှိန်အဝါများရှိကာ အရည်ရွှမ်းသော မက်မွန်သီးနှင့် တူလှသည်။

နောက်ဆုံးကတော့ ကြက်တူရွေးတစ်ကောင်ပင်။
သူ့တွင် ကျိုးတို့ကျဲတဲ အမွေးများရှိပြီး ခေါင်းပေါ်တွင်
ဦးခေါင်းပေါ်တွင် မွဲခြောက်ခြောက် အမွေးများ
ပေါက်နေသည်။ ၎င်းကိုကြည့်ရသည်မှာ
သာမန်ကြက်တူရွေးနှင့် မခြားပေ။

ကျွင်းရှောင်ယောက်၏ နားလည်မှုအရ
ဤလူသုံးယောက်နှင့် ကြက်တူရွေးတစ်ကောင်က
ကမ္ဘာပေါ်ရှိ နေရာအနှံ့တွင် မြင်တွေ့နိုင်သော
သက်ရှိသတ္တဝါများကဲ့သို့ ကြောက်မက်ဖွယ်
အရှိန်အဝါနှင့် ဖိအားမျိုးကို မတွေ့ရပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်က မမိုက်မဲပါ။
ကြေးအင်မော်တယ်နန်းတော်တွင်
အချိန်အကြာကြီးနေပြီး
ကြေးအင်မော်တယ်နန်းတော်နှင့် ပတ်သက်နေသော
ဤသူများမှာ မရိုးရှင်းကြောင်း သူသိသည်။

"ကျွင်းမိသားစုရဲ့ မျိုးဆက်သစ်
ကျွင်းရှောင်ယောက်က စီနီယာလေးယောက်ကို
နှုတ်ခွန်းဆက်ပါတယ်"

ကျွင်းရှောင်ယောက်က အနည်းငယ်လက်ယှက်ပြီး
ပြောလိုက်သည်။

သူ့နာမည်ကို ပြောပြစဉ်မှာပင် ကျွင်းမိသားစုဟူသော
နောက်ခံ အထောက်အထားကိုလည်း ထုတ်ဖော်ခဲ့၏။

ကျွင်းရှောင်ယောက်ဟာ သူ မည်သူမည်ဝါဖြစ်သည်ကို
သိပြီးနောက် ဤလူများမှ သူ့ကို အန္တရာယ်ပြုရန်
အလားအလာနည်းပါးသွားမည်ဖြစ်ကြောင်း
ယုံကြည်သည်။

"ဒီတော့ ကျွင်းမိသားစုရဲ့ ပါရမီရှင်ပဲ၊ အံ့သြစရာ

မဟုတ်တော့ပါဘူး..."

ဒုက္ခိတက ကျွင်းရှောင်ယောက်ကို အံ့အားသင့်စွာ ကြည့်လိုက်သည်။

ဤတည်ရှိမှုကြီးများက ကျွင်းမိသားစု၏ နာမည်ကို ကြားဖူးပုံရသည်။ သူတို့အားလုံး၏ မျက်လုံးများတွင် လေးနက်မှုတို့ ပေါ်လာခဲ့၏။

ကျွင်းရှောင်ယောက်၏ စွမ်းရည်များကြောင့် အင်မော်တယ်အင်အားစု၏ အမွေဆက်ခံသူဖြစ်မှန်း သူတို့ ခန့်မှန်းထားပြီးသား ဖြစ်သည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ နောက်ခံက ဤမျှကြီးမားမည်ဟု မမျှော်လင့်ထားပေ။

ကျွင်းမိသားစု၏ ခွန်အားအရ သူတို့ကဲ့သို့

တည်ရှိမှုများပင် သတိဖြင့် ဆက်ဆံသင့်ပြီး လျှော့မတွက်သင့်ပါချေ။

မျက်ကန်းအဘိုးကြီးက ပြောလိုက်သည်။

"ကျွင်းမိသားစုထဲက ကလေး၊ မင်း ငါတို့ကို မကြောက်ဘူးလား"

ကြေးအင်မော်တယ်နန်းတော်ကဲ့သို့ ထူးခြားပြီး လျှို့ဝှက်ဆန်းကြယ်သော နေရာတစ်ခုတွင် ၎င်းတို့ကို မြင်ရသူတိုင်း ကြောက်ရွံ့ထိတ်လန့်သွားရမည်မှာ အသေချာပင်။

သို့ရာတွင် ကျွင်းရှောင်ယောက်က ကြောက်ရွံ့မှု အနည်းငယ်ပင်မရှိဘဲ တည်ငြိမ်လွန်းလှသည်။

"စီနီယာတို့က ကျွန်တော်ကို

ခက်ခဲတဲ့အရာတွေလုပ်ချင်ရင် ဒီမှာရပ်နေပြီး
စကားပြောဖို့တောင် မဖြစ်နိုင်ပါဘူး"
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

"ဟင်း၊ ကံကြမ္မာသခင်က မျှော်လင့်ထားသလိုပါပဲ၊
ဒီလိုနှလုံးသားမျိုးက..."
ဒုက္ခိတက သက်ပြင်းချလိုက်သည်။

ယင်းကိုကြားတော့ ကျွင်းရှောင်ယောက်၏
မျက်လုံးများတွင် အရောင်တစ်ချက် လက်သွားသည်။

ကံကြမ္မာသခင်။

ကျွင်းရှောင်ယောက်က အခြေအနေကို
တွေးလိုက်မိသော်လည်း အလွန်ဉာဏ်ကောင်းပြီး

မေးရန် အစပြုခြင်းမရှိပေ။

"အပဟိ၊ အသက် ဆယ့်ရှစ်နှစ်နဲ့
သူတော်စင်ဖြစ်လာနိုင်တာဟာ
ခေတ်အဆက်ဆက်မှာတောင် ထူးခြားတယ်။
ဒီမောင်လေးက တကယ်ကို အံ့သြစရာပဲ"

ချောမောလှပသော အမျိုးသမီးက
ရွှန်းလဲ့တောက်ပသော မျက်လုံးဖြင့်ကြည့်ကာ
ချီးကျူးလိုက်၏။

သူမက အလွန်ဆာလောင်နေသောအကြည့်ဖြင့်
အဝတ်ဗလာရှိနေဆဲဖြစ်သော ကျွင်းရှောင်ယောက်ကို
စိုက်ကြည့်လိုက်သည်။

ကျွင်းရှောင်ယောက်ပင်လျှင် အနည်းငယ်
တုန်လှုပ်သွားကာ ကျောက်ကပ်ဝေဒနာကို

ခံစားလိုက်ရ၏။

ဤအမျိုးသမီးက သူ့ကို အလွန်အန္တရာယ်များသည်ဟု ခံစားရစေသည်။

"မောင်လေး၊ နင့်ရဲ့ ခန္ဓာကိုယ်ကို ပြန်ပုံဖော်တည်ဆောက်လိုက်တာ ဘယ်လိုခံစားရလဲ"

လှပသော အမျိုးသမီးက ရှေ့သို့ ခြေတစ်ချက်လှမ်းလိုက်သည်။

နောက်အခိုက်အတန့်တွင် ကျွင်းရှောင်ယောက်ရှေ့မှာ သူပေါ်လာခဲ့၏။

ဤလှုပ်ရှားမှုကြောင့် ကျွင်းရှောင်ယောက်၏ မျက်လုံးထဲတွင် ထူးဆန်းသော အလင်းတစ်ခု

လင်းလက်သွားသည်။

ဤလှပသောအမျိုးသမီးက
အဓိပဓိတန်ခိုးရှင်အထက်မှ
ကြောက်မက်ဖွယ်ကောင်းသော
တန်ခိုးရှင်တစ်ဦးဖြစ်သည်မှာ သေချာလှပေသည်။

မျက်ကန်းအဘိုးကြီး၊ ဒုက္ခိတနှင့်
ကြက်တူရွေးတို့ကလည်း အလားတူအဆင့်တွင်
ရှိနေနိုင်သည်။

ဤမျှအဆင့်အတန်းမြင့်သော တန်ခိုးရှင်များတွင်
အမှန်တကယ်ပင် သခင်ဟူ၍ ရှိ၏။

ထိုသခင်သည် အဘယ်မျှလောက် တန်ခိုးကြီးသနည်း။

ကျွင်းရှောင်ယောက် တွေးနေချိန်တွင်
ချောမောလှပသော အမျိုးသမီးက ရုတ်တရက်
သူမ၏လက်ကို ဆန့်ထုတ်လိုက်ပြီး
ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ကို
ဆုပ်ကိုင်လိုက်ကာ လက်များကို အပေါ်အောက်
ရွေ့လျားပွတ်သပ်လိုက်သည်။

"စီနီယာ"

ကျွင်းရှောင်ယောက်လည်း အံ့အားသင့်သွားပြီး
အခြေအနေကို လုံး၀ မတုံ့ပြန်နိုင်တော့ပေ။

"မောင်လေး၊ ခန္ဓာကိုယ်ကို ပြုပြင်မွမ်းမံတာက
လျှို့ဝှက်အန္တရာယ်တွေကို ချန်ထားခဲ့နိုင်တယ်။ အမက
မင်းရဲ့ ခန္ဓာကိုယ်ကို ကူညီစစ်ဆေးပေးမှာပါ"

လှပသော အမျိုးသမီးက ထိုသို့ပြောသော်လည်း

သူမ၏ ပါးစပ်မှ သွားရည်များပင် ကျနေပုံရသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်က
အရာအားလုံး၏မိခင်ချီဖြင့် သန့်စင်ထားပြီး
ဖင်းဂေါ့ခန္ဓာကေရာင်ဇ်ဖြစ်လာရန်ပင်
အခွင့်အလမ်းရှိသည်။ သို့ဖြစ်ပေရာ လျှို့ဝှက်
အန္တရာယ်များနှင့် ချို့ယွင်းချက်များ
မည်သို့ရှိနိုင်ပါမည်နည်း။

အကြောင်းပြချက်အားလုံးက ဆင်ခြေများသာ
ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်
အစိတ်အပိုင်းအချို့ကို ထိလိုက်ပြီးနောက် လှပသော
အမျိုးသမီး၏ မျက်လုံးများက ပြူးကျယ်လာပြီး
အသက်ပြင်းပြင်းရှူကာ ပြောလိုက်သည်။

"အရမ်းကြီးတာပဲ"

"စီနီယာ၊ ကိုယ့်ကိုကိုယ် လေးစားမှုရှိပါ"

ကျွင်းရှောင်ယောက်က နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ဖြောင့်မတ်စွာဖြင့် ပြောလိုက်သည်။

သူက ဘုန်းကြီးတစ်ပါးမဟုတ်သော်လည်း ဤမျှ ပေါ့ပေါ့ပါးပါး နေရန် မဖြစ်နိုင်ပေ။

လှပသော အမျိုးသမီး၏ မျက်လုံးများက တောက်ပလာပြီး ပြောလိုက်သည်။

"ရပါတယ်၊ အမက မင်းရဲ့ခန္ဓာကိုယ်ကို ပိုပြီးပြည့်စုံအောင် ကူညီပေးပါရစေ"

"ကျေးဇူးတင်ပါတယ် စီနီယာ၊ မလိုပါဘူး"
ကျွင်းရှောင်ယောက်က ထပ်မံ
နောက်ပြန်ဆုတ်သွား၏။

အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ဦးက
အသက်လေးဆယ်အရွယ် ကျားတစ်ကောင်နှင့်အတူ
မြေတွင်ထိုင်ပြီး တွင်းတူးနိုင်သည်ဟု ဆိုကြသည်။

ကြေးအင်မော်တယ်နန်းတော်တွင် နှစ်ပေါင်း
ဘယ်လောက်ထိကြာအောင် နေထိုင်ခဲ့သလဲမသိသော
သူ့ရှေ့မှ ဤအမျိုးသမီးဆိုလျှင် တွင်းတူးရုံမျှမကဘဲ
တွင်းနက်ကြီးတစ်ခု ဖြစ်နေလောက်ချေပြီ။

ကျွင်းရှောင်ယောက်က ကြေးအင်မော်တယ်နန်းတော်မှ
အသက်ရှင်လျက် ထွက်သွားချင်ဆဲပင်။ သူက
လူသေအလောင်း မဖြစ်လိုပါချေ။

"တော်လောက်ပြီ ဖန့်ရှို့နျန်း၊ သူက ကံကြမ္မာသခင်ပဲ။ နောက်တစ်ခါ သူနဲ့ ထပ်ရှုပ်ဝံ့ရင် သခင်သာ သိသွားရင်တော့..."

မျက်ကန်းအဘိုးကြီးက အေးစက်စက်ဖြင့် ပြောလိုက်သည်။

ဖန့်ရှို့နျန်းဟုခေါ်သော လှပသောအမျိုးသမီးလည်း မျက်ကန်းအဘိုးကြီး၏ စကားကိုကြားမှ သူမ၏လက်ကို တွန့်ဆုတ်စွာဖြင့် လွှတ်လိုက်သည်။

"ဟင်း၊ ရှေးဟောင်းမြင့်မြတ်ခန္ဓာက မျှော်လင့်ထားသလိုပါပဲ..."

ဖန့်ရှို့နျန်း စိတ်ထဲတွင် ယားယံသွားမိသည်။

ကျွင်းရှောင်ယောက်သာ သူ့သခင်နှင့်

မပတ်သက်ခဲ့ပါက ဖန့်ရှို့နျန်း အမှန်တကယ်
ထိန်းချုပ်နိုင်မည် မဟုတ်ပေ။

ကျွင်းရှောင်ယောက်လည်း
သက်ပြင်းတစ်ချက်ချလိုက်သည်။

ဖန့်ရှို့နျန်းက အမှန်တကယ် အတင်းအကြပ်
လုပ်ခဲ့မည်ဆိုလျှင် သူလည်း ဘာမျှတတ်နိုင်မည်
မဟုတ်ပေ။

"ကောင်လေး၊ မင်း ဘာဖြစ်လို့
အသက်ရှင်ခဲ့တာလဲဆိုတာ တွေးမိရဲ့လား"
မျက်ကန်းအဘိုးကြီးက ပြောလိုက်သည်။

"အဲ့ဒါကြောင့်ပဲလား"

ကျွင်းရှောင်ယောက်က ပြောလိုက်၏။

"ဟားဟားဟား၊ ငါတို့က သခင်ရဲ့အမိန့်ကိုအတိုင်း ကြေးအင်မော်တယ်နန်းတော်မှာ ထာဝရ မျောပါရင်း ကံကြမ္မာသခင်ကို စောင့်မျှော်နေတာ ဘယ်နှစ်နှစ်ရှိပြီလဲ။ မထင်မှတ်ပဲ နောက်ဆုံးတော့ မင်း ရောက်လာခဲ့ပြီ..."

မျက်ကန်းအဘိုးကြီးက သက်ပြင်းချလိုက်သည်။

"ဟုတ်တယ်၊ နောက်ဆုံးတော့ ကြေးအင်မော်တယ်နန်းတော်ကနေ ထွက်သွားနိုင်ပြီ"

ကြက်တူရွေးက ဘဲအသံကဲ့သို့ အသံဖြင့် အော်လိုက်၏။

"စီနီယာ၊ အသေးစိတ်ပြောပြလို့ရမလား..."

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထို့နောက် အမှန်တရားတစ်ခုကို သိရခဲ့ရသည်။

မျှော်လင့်ထားသည့်အတိုင်း သူတို့ပြောနေသော
သခင်က သရဲမျက်နှာဖုံးဖြင့် အမျိုးသမီး ဖြစ်သည်။

သူမက စိတ်ကူးမယဉ်နိုင်အောင် အစွမ်းထက်သော
ပုဂ္ဂိုလ်တစ်ဦးပင်။

ပို၍ လေးနက်သော အကြောင်းတရားနှင့်
အကျိုးသက်ရောက်မှုကိုတော့ မျက်ကန်း
အဘိုးကြီးနှင့် အခြားသူများက ဘာမျှ မပြောဘဲ
လျှို့ဝှက်ထားကြသည်။

ကျွင်းရှောင်ယောက်က အနာဂတ်တွင် သခင်ကို ရှာတွေ့နိုင်ခဲ့ပါက အရာအားလုံးကို သိနိုင်ပါလိမ့်မည်။

'ဒါက သူပဲ…'

ကျွင်းရှောင်ယောက်၏ စိတ်ထဲမှ ရေရွတ်လိုက်သည်။

သူက ကြေးစင်မြင့်ပေါ်သို့ တက်ပြီး သစ်သားစားပွဲဆီသို့ ရောက်လာသည်။

ဖုန်တက်နေသော မျက်နှာဖုံးကို လှမ်းယူလိုက်၏။

မျက်နှာဖုံးသည် ငိုနေပုံရသော်လည်း မငိုသကဲ့သို့ ပြုံးနေပုံရသော်လည်း မပြုံးပေ။ ဤမျက်နှာဖုံးကို ကြည့်ရသည်မှာ အနည်းငယ် ကိုးယို့ကားယားနိုင်ပုံ ရသည်။

အံ့မခန်း ခွန်အားရှိသည့် အမျိုးသမီးတစ်ဦးက
ထိုကဲ့သို့ ကိုးယို့ကားယားနှင့် ရယ်စရာကောင်းသော
မျက်နှာဖုံးကို ဝတ်ဆင်သည်မှာ အံ့ဩစရာပင်။

တစ်ချိန်တည်းမှာပင်၊ မျက်နှာဖုံးမှ
ငွေခေါင်းလောင်းသံကဲ့သို့ ကောင်မလေး၏
ရယ်မောသံကို ကျွင်းရှောင်ယောက်နားထဲတွင်
ယောင်ဝါးဝါး ကြားလိုက်ရသည်။

ဤရယ်မောသံကပင် သူ့ကို ဤနေရာသို့
ရောက်လာစေခဲ့ခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်ဟာ နံရံပေါ်မှ အဝါရောင်
ပန်းချီကားတစ်ချပ်ကို မြင်လိုက်ရသည်။
ပန်းချီကားထဲတွင် ကျွင်းရှောင်ယောက်ကိုယ်တိုင်ကဲ့သို့

အလွန်ချောမောပြီး အရပ်ရှည်သော
အမျိုးသားတစ်ဦး၏ ခပ်ဝါးဝါး ရုပ်ပုံလွှာကို
မြင်လိုက်ရ၏။

သို့သော်လည်း နောက်အခိုက်အတန့်တွင်
ကျွင်းရှောင်ယောက်၏ အမူအရာက
ဘာမျှမထူးခြားတော့ပါ။
သူ့လက်ကိုဝှေ့ယမ်းလိုက်သည်နှင့်
ထိုရှီကေရာဇ်မီးလျှံက ပေါက်ကွဲထွက်လာပြီး
ပန်းချီစာလိပ်ကို ပြာအဖြစ်သို့
လောင်ကျွမ်းသွားတော့သည်။

--------

အခန်း ( ၄၈၃ ) ငါ ကျွင်းရှောင်ယောက်က
တစ်စုံတစ်ယောက်အတွက် အစားထိုးမှာ မဟုတ်ဘူး၊

မျက်ကန်းအဘိုးကြီးနှင့် အခြားသူများ၏ အတိတ်၊
ရှန်းကုကမ္ဘာ၏အလိုတော်ဖြစ်လာသည်။

ဤမြင်ကွင်းကို မြင်ရသည့်အခါ
မျက်ကန်းအဘိုးကြီးနှင့် အခြားသူများက
အံ့သြသွားကြသော်လည်း ဘာမျှမပြောပေ။

ကျွင်းရှောင်ယောက်က ကံကြမ္မာရှိသူဖြစ်ကြောင်း
သူတို့ ဆုံးဖြတ်ထားကြပြီး ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက် ဘာပဲလုပ်နေပါစေ၊
သူတို့က ဝင်စွတ်ဖက်မည် မဟုတ်ချေ။

ပြာအဖြစ်ပြောင်းသွားသော ပန်းချီစာလိပ်ကိုကြည့်ကာ
ကျွင်းရှောင်ယောက်၏မျက်နှာက
တည်ငြိမ်သွားခဲ့သည်။ သို့ရာတွင် သူ၏

မျက်လုံးများကတော့ လျစ်လျူရှုလျက် ရှိနေဆဲပင်။

"ငါက ကျွင်းရှောင်ယောက်ပါပဲ၊
ကျွင်းရှောင်ယောက်က ဘယ်သူ့အတွက်မှ
အစားမထိုးဘူး။ ငါ့ကို ဒီလိုနည်းနဲ့
ဖြေသိမ့်စရာလိုချင်ရင်တော့ မင်းစိတ်ပျက်ရလိမ့်မယ်"
ကျွင်းရှောင်ယောက်က ခပ်တိုးတိုး
ရေရွတ်လိုက်သည်။

သရဲမျက်နှာဖုံးနှင့် မိန်းကလေးက သူ့ကို
အကြိမ်ပေါင်းများစွာ ကူညီပေးခဲ့သည်။

သို့ရာတွင် ယင်းက ကျွင်းရှောင်ယောက်ဟာ
တစ်စုံတစ်ယောက်၏ ရပ်တည်မှုဖြစ်လာလိမ့်မည်ဟု
မဆိုလိုပေ။

သူက ကျွင်းရှောင်ယောက်သာ ဖြစ်သည်။
တခြားဘယ်သူမှ မဟုတ်ပေ။

သရဲမျက်နှာဖုံးဖြင့် အမျိုးသမီးက သူ့တွင်
တခြားရင်းနှီးသူ၏ အရိပ်များကို
ရှာတွေ့ချင်သည်ဆိုလျှင်တော့ သူမ
စိတ်ပျက်သွားရပေလိမ့်မည်။

လူဝင်စားခြင်းအပေါ် ကျွင်းရှောင်ယောက်က
မှတ်ချက်မပေးလိုသော်လည်း
အခြားလူတစ်ယောက်၏
လူဝင်စားဖြစ်လိမ့်မည်ဟုတော့ သူ မထင်ပါချေ။

သရဲမျက်နှာဖုံးဖြင့် အမျိုးသမီးက သူ့အပေါ်တွင်
ကြီးစွာသော ကြင်နာမှုများ ပြခဲ့သည်။
အတိအကျပြောရလျှင် ကြေးအင်မော်တယ်နန်းတော်မှ

ကံကြမ္မာကလည်း သရဲမျက်နှာဖုံးဖြင့်အမျိုးသမီးမှ ပေးအပ်ခဲ့သော အခွင့်အရေးတစ်ခု ဖြစ်ပေသည်။

ထိုအတွက်ကြောင့် ကျွင်းရှောင်ယောက်ဟာ အနာဂတ်တွင် သရဲမျက်နှာဖုံးဖြင့် အမျိုးသမီးကို ရှာဖွေပြီး ကံအရှုပ်အထွေးကို ဖြေရှင်းနိုင်ရန် နည်းလမ်းရှာပေးမည် ဖြစ်သည်။

"ဒီညီလေး ရှောင်ယောက်မှာ အကျင့်စရိုက်တစ်ခု ရှိပုံရတယ်..."

ပန်းချီကားကို မီးရှို့လိုက်သော ကျွင်းရှောင်ယောက်ကိုကြည့်ကာ ဒုက္ခိတက သက်ပြင်းချလိုက်သည်။

"သူ့မှာ ထူးခြားတဲ့ အကျင့်ရှိ၊ မရှိကို ဘယ်သူက ဂရုစိုက်မှာလဲ။ နောက်ဆုံးတော့ ငါတို့တွေ

ကြေးအင်မော်တယ်နန်းတော်ကနေ ထွက်သွားလို့ရပြီ"

ကြက်တူရွေးက အလွန်စိတ်လှုပ်ရှားနေပုံရကာ သူ့၏ အမွေးများပင် ထောင်ထနေသည်။

၎င်းတို့၏ အဆင့်ရှိ အဆင့်အတန်းက အင်မော်တယ်အင်အားစုများ၏ ဘိုးဘေးများနှင့် တူညီသည်။

၎င်းတို့က နယ်မြေတစ်ခုကို သိမ်းပိုက်ထားနိုင်သော ကျွမ်းကျင်သူများ ဖြစ်ကြ၏။

သို့သော်လည်း သူတို့လေးယောက်ဟာ ကြေးအင်မော်တယ်နန်းတော်ကို ထာဝစဉ်စောင့်ထိန်းရန် ကံကြမ္မာရှင်တစ်ဦး ရောက်ရှိလာခြင်းကို စောင့်ဆိုင်းနေရန် ဆန္ဒရှိခဲ့သည်။

ဟုတ်ပေသည်၊ ဤသည်က မျက်ကန်းအဘိုးကြီးနှင့် အခြားသူများ ဆန္ဒရှိကြခြင်းဖြစ်ပြီး သရဲမျက်နှာဖုံးနှင့် အမျိုးသမီးက အတင်းအကြပ်လုပ်ခဲ့ခြင်း မဟုတ်ပေ။

"သခင်ရဲ့အမိန့်ကို မေ့သွားပြီလား၊ ငါတို့က ကံကြမ္မာသခင်ရဲ့ အမိန့်ကို နာခံရမယ်"

ဖန့်ရှို့ချန်းက ပြောလိုက်သည်။

သူတို့သုံးယောက်နှင့် ငှက်တစ်ကောင်တို့တွင် သွေးသား ဆွေမျိုးများ မရှိပေ။ ၎င်းတို့က ကြေးအင်မော်တယ်နန်းတော်ကို နှစ်ပေါင်း မရေတွက်နိုင်အောင် စောင့်ရှောက်နေကာ အပြင်သို့မထွက်၍ အဆက်အသွယ်ရှိသေးရန်မှာ ပို၍ပင် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် အပြင်ထွက်လျှင်ပင် လုပ်စရာတော့ မရှိပါ။

ဆန့်ကျင်ဘက်အနေဖြင့် ဖန့်ရှို့နျန်းဟာ စိတ်လှုပ်ရှားစရာများကိုကြည့်ရှုရန် ကျွင်းရှောင်ယောက်၏နောက်သို့ လိုက်ပါလိုစိတ် ရှိခဲ့သည်။

ဟုတ်သည်၊ သူ့တွင် အခြားအတွေးလေးတချို့တော့ ရှိနေပါသေးသည်။

"လေသံကတော့ ဂုဏ်သိက္ခာအပြည့်ပဲ။ တကယ်တမ်း နင်က ဒီကောင်လေးရဲ့ ခန္ဓာကိုယ်ကို လောဘကြီးနေတာ။ ဟမ့်… အောက်တန်းကျတဲ့မိန်းမပဲ"

ကြက်တူရွေးက အေးစက်စက်ဖြင့် လှောင်ပြောင်လိုက်သည်။

"ငါ အဘွားကြီးက အောက်တန်းကျတာ ဘာဖြစ်လဲ၊
နင်ကမှ သောက်ကျိုးနည်း အရူး"

ဖန့်ရှို့နျန်းကလည်း ခါးကိုထောက်ကာ
ကျိန်ဆဲလိုက်၏။

ဤအခိုက်တွင် သူမက အဆင့်အတန်းမြင့်မားပြီး
ဂုဏ်သိက္ခာကြီးမားသော အဓိပတိနှင့် လုံးဝ မတူပေ။
ထိုအစား လမ်းပေါ်တွင် ကျိန်ဆဲနေသော
မိန်းမငယ်လေးတစ်ယောက်နှင့် ပို၍တူနေသည်။

ဤသည်ကား ကြေးအင်မော်တယ်နန်းတော်ကို
စောင့်ကြပ်နေသော
ထိပ်တန်းတန်ခိုးရှင်များဖြစ်သည်အား
တွေးကြည့်ရန်ပင် ခဲယဉ်းသည်။

ကျွင်းရှောင်ယောက်လည်း တိတ်တဆိတ်

သက်ပြင်းချလိုက်သည်။ စာအုပ်တစ်အုပ်ကို မျက်နှာဖုံးကိုကြည့်ပြီး အကဲဖြတ်၍ မရပေ။

"ဘာပဲဖြစ်ဖြစ်၊ သခင့်အမိန့်ကို နာခံသင့်တယ်။ သူ့အတွက်သာ မဟုတမဟုတ်..."

မျက်ကန်းအဘိုးကြီးက သက်ပြင်းတစ်ချက် လိုက်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း မရေတွက်နိုင်သောအခါက သူဟာ မည်သူမျှ မသနားသော လမ်းဘေးမှ မျက်မမြင် သူတောင်းစားတစ်ဦးမျှသာ ဖြစ်ခဲ့သည်။

သရဲမျက်နှာဖုံးနှင့် ထိုအမျိုးသမီးကာ သူ့ကိုသနားကာ အစေခံအဖြစ် ခေါ်ဆောင်လာခြင်း ဖြစ်ချေသည်။

ဒုက္ခိတလည်း သက်ပြင်းချလိုက်သည်။ သူသည်

မူလက သေမျိုးတစ်ဦးသာဖြစ်ပြီး ရန်သူများကြောင့် ခြေထောက်များ ကျိုးသွားကာ အသက်လု၍ ပြေးခဲ့ရသည်။

သူ့သခင်နှင့်သာ မဆုံလျှင် လူသူမသိဘဲ ထောင့်တစ်နေရာ၌သာ သေသွားရလိမ့်မည်။

ဖန့်ရှို့နျန်းလည်း သတိရသွားသည်။

သူမက သူဆင်းရဲမျိုးရိုးမှ ဆင်းသက်လာကာ အိမ်နီတော်တွင် ဂေးရှား ဖြစ်ခဲ့သည်။ ဤအတွက် အခြားသူများ၏ နှိမ့်ချအရှက်ခွဲခြင်းကို ခံခဲ့ရပေသည်။

နောက်ဆုံး၊ နတ်မီးတောက်နယ်ပယ် ကျင့်ကြံသူတစ်ဦးကြောင့် အရှက်တကွဲ အကျိုးနည်း

ဖြစ်ခါနီးတွင် သရဲမျက်နှာဖုံးနှင့်
အမျိုးသမီးပေါ်လာပြီး ကယ်တင်ပေးခဲ့သည်။

ထိုအချိန်မှစ၍ ဖန်ရှို့နျန်းဟာ သူမနောက်သို့
စိတ်နှလုံးအကြွင်းမဲ့ လိုက်ပါခဲ့ပေသည်။

အတိတ်သို့ အောက်မေ့သတိရကြသောအခါ
ကြက်တူရွေးလည်း မကျန်ရစ်ပေ။
သူ၏အမှတ်တရမှာ ကြောက်စရာကောင်းပြီး
စဉ်းတီးတုံးပေါ်တွင် ခုတ်ထစ်ခံရ၍ ငှက်စွပ်ပြုတ်
ဖြစ်လုနီးပါး ရောက်ခဲ့ရခြင်း ဖြစ်သည်။

ဤအခိုက်တွင် သရဲမျက်နှာဖုံးနှင့်
အမျိုးသမီးပေါ်လာသည်။ ရှင်သန်နိုင်ရန်အတွက်
ခေါင်းမာစွာ ရုန်းကန်နေသော သူ့ကိုမြင်သောအခါ
ကယ်တင်ပြီး အိမ်မွေးတိရစ္ဆာန်အဖြစ် သူမအနားတွင်

ထားခဲ့သည်။

ထိုမျက်မမြင်သူတောင်းစားလေး၊ အသက်လုပြေးနေရသော ခြေကျိုး၊ အိမ်နီတော်မှ ဂေးရှားနှင့် ကြက်တူရွေးတို့ကမှ ယခု တန်ခိုးရှင်ကြီးများ ဖြစ်လာခဲ့ကြခြင်း ဖြစ်သည်။

မျက်ကန်းအဘိုးကြီးက ကျွင်းရှောင်ယောက်ကို ပြောလိုက်သည်။

"ကလေး၊ မင်းက သခင်နဲ့ ဘယ်လိုဆက်ဆံရေးမျိုးပဲ ရှိပါစေ၊ အခု မင်းက ကံကြမ္မာသခင် ဖြစ်သွားပြီ။ ငါတို့လေးယောက်စလုံး မင်းအနောက်ကို လိုက်ပါကြတော့မှာပါ၊ မင်းရဲ့အမိန့်က သိပ်လွန်ကဲမနေသရွေ့ ငါတို့ သဘောတူကြမယ်"

ထိုစကားကိုကြားတော့ ကျွင်းရှောင်ယောက် ခဏတာ

အံ့အားသင့်သွားသည်။

သူက အမိပမိအစေခံလေးဦးကို ရခဲ့ပါသလော။

ယင်းက သူ တွေးတောင်မတွေးဝံ့သေးသည့် ကိစ္စ
ဖြစ်သည်။

ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏
နတ်ဘုရားသားတော်ဖြစ်ပြီး ကျန်းမိသားစု၏
သခင်လေးဖြစ်လျှင်ပင် အမိပမိကို သူ့အစေခံအဖြစ်
ထားနိုင်ကြမည်မဟုတ်ပေ။

ယခုမူကား၊ ဤလေးယောက်ဟာ သူ့အမိန့်ကို
အမှန်တကယ် နာခံကြတော့မည် ဖြစ်သည်။

ယင်းက ကြီးမားသော အကျိုးအမြတ် တစ်ခုပင်။

သူတော်စင်နယ်ပယ်သာ ရောက်ရှိသေးသော
ကျွင်းရှောင်ယောက်ကို မဆိုထားနှင့်၊
အဓိပဓိများဖြစ်လျှင်ပင် သခင်အဖြစ်
အသိအမှတ်ပြုကြလိမ့်မည် မဟုတ်ပေ။

သူတို့အမြင်တွင် သူတော်စင်များက
ပုရွက်ဆိတ်များသာ ဖြစ်သည်။

ဟုတ်ပေသည်၊ ဤသည်ကလည်း သရဲမျက်နှာဖုံးနှင့်
အမျိုးသမီးအတွက်ကြောင့်သာ ဖြစ်သည်။
မဟုတ်လျှင် သူတို့လေးယောက်က
ကျွင်းရှောင်ယောက်ကို အာရုံစိုက်နေမည် မဟုတ်ပေ။

ဖန်ရှို့နျန်းသာလျှင် ကျွင်းရှောင်ယောက်နှင့် ကစားရန်

ဆန္ဒရှိနေခဲ့သည်။

ကျွင်းရှောင်ယောက်ကလည်း မိမိကိုယ်မိမိ အလွန်သိတတ်သည်။ ယင်းကြောင့် မာနမသွားဘဲ လက်ယှက်ပြီး အနည်းငယ်ဦးညွတ်ကာ ပြောလိုက်သည်။

"စီနီယာလေးယောက်ရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်ပါတယ်။ ဒီဂျူနီယာက စီနီယာတို့လေးယောက်ကို သဘာဝအတိုင်း အမိန့်ပေးမှာမဟုတ်ဘူး။ စီနီယာတို့ စိတ်မရှိရင်တော့ အင်မော်တယ်နန်းတော်ကနေ ထွက်ခွာပြီးရင် ကျွင်းမိသားစုကို လာလည်လို့ရပါတယ်"

ကျွင်းရှောင်ယောက်၏ အမူအရာမှာ လေးစားသမှုရှိပြီး စကားများကလည်း ကျိုးကြောင်းဆီလျော်သည်။ ယင်းကိုမြင်တော့ မျက်ကန်းအဘိုးကြီးနှင့် အခြားသူများ၏ အမူအရာက

အနည်းငယ်နူးညံ့သွားလေသည်။

ကျွင်းရှောင်ယောက်က တကယ်ကို မသိနားမလည်သောလူဆိုလျှင်တော့ သူတို့ စိတ်ပျက်ကြရမည် ဖြစ်သည်။

"ခစ်ခစ်၊ မောင်လေးရှောင်ယောက်က တကယ်ကို ယဉ်ကျေးတာပဲ။ ဒီလိုဆိုမှတော့ ညကျရင် မင်းအခန်းကို လာလည်ရလိမ့်မယ်"

ဖန့်ရှို့နျန်းက ခပ်လွင်လွင် ရယ်မောပြီး ပြောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ရှက်ရွံ့စိတ်ဖြင့် မျက်နှာမထားတတ်အောင် ဖြစ်သွားရလေသည်။

ထို့နောက် ကျွင်းရှောင်ယောက်ဟာ

သူတော်စင်ကပ်ဘေးအကြောင်း
မေးကြည့်လိုက်သည်။

ထိုအခါ မျက်ကန်းအဘိုးကြီးနှင့် အခြားသူများထံမှ
အဖြေပြန်ရခဲ့၏။

ကြေးအင်မော်တယ်နန်းတော်က မိုးနှင့်မြေ၏
ဥပဒေသများကို သီးခြားခွဲထုတ်ကာ
အကာအကွယ်ပေးနိုင်သည်။

ကျွင်းရှောင်ယောက်က
ကြေးအင်မော်တယ်နန်းတော်တွင် ရှိနေခဲ့ကာ
ကြေးအင်မော်တယ်နန်းတော်၏ အရှိန်အဝါများနှင့်
ရောယှက်နေ၍ သူတော်စင်ကပ်ဘေးဟာ
သတိမပြုမိတော့ဘဲ သဘာဝအတိုင်း
ဆင်းသက်လာမည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်က လိုချင်လျှင်တော့ သူ့ခန္ဓာပေါ်ရှိ ကြေးအင်မော်တယ်နန်းတော်၏ အငွေ့အသက်များကို ဖယ်ရှားကာ သူတော်စင်ကပ်ဘေးကို ဖြစ်ပေါ်လာစေနိုင်သည်။

"သူတော်စင်ကပ်ဘေးနဲ့ယှဉ်ရင် မင်း နောက်ထပ် ကိစ္စတစ်ခုကို ပိုစိတ်ဝင်စားသင့်တယ်လို့ ငါထင်တယ်" မျက်ကန်းအဘိုးကြီးက ပြောလိုက်သည်။

"ဘာများလဲ"

ကျွင်းရှောင်ယောက် သိချင်သွား၏။

"ရှန်းကုကမ္ဘာ”

မျက်ကန်းအဘိုးကြီးက တိုတိုတုတ်တုတ်ပင်

ပြောသည်။

"ရှန်းကုကမ္ဘာလား"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက သံသယများကို လှစ်ဟလာခဲ့၏။

မျက်ကန်းအဘိုးကြီးက ခါးသက်သက်ဖြင့် ခေါင်းခါယမ်းကာ ပြောလိုက်သည်။

"မင်းက ဘယ်လောက်တောင် ကံကောင်းနေမှန်းမသိတဲ့ ကောင်စုတ်လေးပဲ။ မူလက ရှန်းကုဝိညာဉ်ကို ငါသုံးချင်ခဲ့ပေမဲ့ နောက်ဆုံးတော့ မင်းအတွက်ပဲ ပေးလိုက်ရတယ်"

"လွန်ခဲ့တဲ့နှစ်နှစ်အတွင်းမှာ မင်းက ရှန်းကုဝိညာဉ်ကို အပြည့်အဝ သန့်စင်ခဲ့တယ်လေ။ မဟုတ်ရင် မင်းရဲ့ ရှေးဦးဝိညာဉ်က ဘယ်လိုလုပ်ပြီး အခုလို

အောင်မြင်မှုတွေရနိုင်မှာလဲ"

"ဒီလိုကိုး"

ဤတော့မှ ကျွင်းရှောင်ယောက် ရုတ်တရက် သဘောပေါက်သွားသည်။

သူ၏ ရှေးဦးဝိဉာဉ်စွမ်းအားသည် အဘယ်ကြောင့် ဤမျှလောက်အထိ တဟုန်ထိုး တက်လာသည်ကို နောက်ဆုံးတော့ နားလည်သဘောပေါက်ခဲ့ပြီ။ သူက ရှန်းကုဝိညာဉ်ကို အပြည့်အဝ သန့်စင်ခဲ့၍ဖြစ်ကြောင်း ထင်ရှားသည်။

မျက်ကန်းအဘိုးကြီး၏ စကားကို ဂရုတစိုက် သုံးသပ်ပြီးနောက် တစ်ခုခုကို တွေးတောမိကာ သူ့မျက်လုံးများ တောက်ပလာသည်။

"စီနီယာ၊ ကျွန်တော်ဟာ ရှန်းကုဝိညာဉ်ကို
အပြည့်အဝသန့်စင်ခဲ့လို့ အတိုင်းအတာတစ်ခုအထိ
ရှန်းကုကမ္ဘာရဲ့အလိုတော် ဖြစ်လာပြီလို့ ခင်ဗျား
ဆိုလိုတာလား"

"ဟုတ်တယ်"

မျက်မမြင်အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

ကျွင်းရှောင်ယောက် အသက်ပြင်းပြင်းရှူလိုက်၏။

သူက ရှန်းကုကမ္ဘာ၏အလိုတော် ဖြစ်လာသည်။
ယင်းက အဘယ်အရာကိုကိုယ်စားပြုသနည်း။

ယင်းက ကျွင်းရှောင်ယောက်ဟာ ရှန်းကုကမ္ဘာ၏
ထိပ်သီးအုပ်ချုပ်သူ ဖြစ်လာပြီဟူသော

အစိပ္ပာယ်သည်ပင် ဖြစ်တော့သည်။

--------

အခန်း ( ၄၈၄ ) အင်အားစုတစ်ခု ဖွဲ့စည်းရန် အစီအစဉ်၊ စိတ်ပျက်အားငယ်နေသော ရှန်းကုမျိုးနွယ်များ၊ ဗျူတီမျိုးနွယ်၏ ဘိုးဘေး လီရှန်း။

ရှန်းကုကမ္ဘာသည် မူလက ပါရမီရှင်များ လေ့ကျင့်ရာနေရာမဟုတ်ဘဲ အပြစ်သားတို့ကို ချုပ်နှောင်ထားသည့် အကျဉ်းထောင် ဖြစ်သည်။

အကျဉ်းထောင်ကို စောင့်ကြည့်ရန်က ရှန်းကုကမ္ဘာ၏အလိုတော် သို့မဟုတ် တစ်နည်းအားဖြင့် ရှန်းကုဝိညာဉ် ဖြစ်ပေသည်။

ယခုမူ ကျွင်းရှောင်ယောက်က ရှန်းကုဝိညာဉ်ကို
လုံးလုံးလျားလျား သန့်စင်ထားခဲ့ပြီ ဖြစ်သည်။
ဆိုလိုသည်မှာ သူ၏ အလိုဆန္ဒက ရှန်းကုကမ္ဘာ၏
အလိုဆန္ဒ ဖြစ်လာခဲ့ပေပြီ။

တစ်နည်းအားဖြင့်ပြောရလျှင် ကျွင်းရှောင်ယောက်က
ယခုအခါ ရှန်းကုကမ္ဘာ၏ စည်းမျဉ်းများကို
ထိန်းချုပ်သူ ဖြစ်သည်။

ရှန်းကုကမ္ဘာရှိ သတ္တဝါအားလုံးက
ကျွင်းရှောင်ယောက်၏ ထိန်းချုပ်မှုအောက်တွင်
ရှိနေခဲ့ချေပြီ။

ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာရှိ
သတ္တဝါအားလုံးထက် အားကောင်းသည်ဟု

မဆိုလိုပါ။

ယင်းအစား၊ ကျွင်းရှောင်ယောက်ဟာ ရှန်းကုကမ္ဘာ၏စည်းမျဉ်းများကို အသုံးပြုပြီး ရှန်းကုကမ္ဘာရှိ မည်သည့်သတ္တဝါကိုမဆို ချုပ်နှောင်၊ သတ်ဖြတ်ပစ်နိုင်သည်။

ပို၍ ပြတ်ပြတ်သားသား ဆိုရလျှင်…

ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာ၏ နတ်ဘုရား ဖြစ်သည်။

ယင်းက ဘာကိုဆိုလိုမှန်း ကျွင်းရှောင်ယောက် ကောင်းစွာသိပေသည်။

ရှန်းကုကမ္ဘာရှိ မျိုးနွယ်များက
အလွန်ကြောက်မက်ဖွယ်ကောင်းသော
အင်အားစုကြီးတစ်ခု ဖြစ်သည်။

အခြားမျိုးနွယ်များကို ဘေးဖယ်ထားလျှင်ပင်၊
ရှန်းကုကမ္ဘာစ အဓိကမျိုးနွယ်လေးခုက
အင်မော်တယ်အင်အားစုများနှင့် နှိုင်းယှဉ်နိုင်သော
ကြောက်မက်ဖွယ် အင်အားကြီးတစ်ခု ဖြစ်ချေသည်။

နဂါးလူမျိုးနွယ်၊ ရှေးဟောင်းမှော်မျိုးနွယ်၊
ဗျူတီမျိုးနွယ်နှင့် မျက်လုံးသုံးလုံးသူတော်စင်
မျိုးနွယ်...

ဤမျိုးနွယ်ကြီး လေးခုစလုံးတွင် အဓိပဓိအဆင့်
တန်ခိုးရှင်ကြီးများပင် ရှိကြသော်လည်း
ရှန်းကုကမ္ဘာ၏ စည်းမျဉ်းစည်းကမ်းများ

ကန့်သတ်ချက်ကြောင့် ဘိုးဘွားမြေမှ
မထွက်ခွာနိုင်ခဲ့ကြပေ။

၎င်းတို့တွင် အဓိပဓိများသာမကဘဲ
သူတော်စင်နယ်ပယ်အထက်မှ တန်ခိုးရှင်များလည်း
အများကြီးရှိသည်။

ဧကရာဇ်လက်နက်နှင့် အရင်းအမြစ်နောက်ခံ
မရှိခြင်းမှလွဲလျှင် ဤအဓိကမျိုးနွယ်ကြီးလေးခုမှ
ကျွမ်းကျင်သူ အရေအတွက်က
အင်မော်တယ်အင်အားစုများနှင့်
အင်မတန်နီးစပ်သည်ဟု ဆိုနိုင်သည်။

ဤရှန်းကုမျိုးနွယ်ကြီးလေးခုအပြင် အခြား
ရှန်းကုမျိုးနွယ်များလည်း များစွာ ရှိသေးသည်။
၎င်းတို့တွင် ထိပ်သီးတန်ခိုးရှင်များ မရှိသော်လည်း

ပျက်ဆီးခြင်းကောင်းကင်
အင်မော်တယ်နယ်မြေကြီးကို တုန်ခါစေနိုင်ဆဲ
ဖြစ်သည်။

ကျွင်းရှောင်ယောက်ကလည်း
အလွန်ထက်မြက်သူဖြစ်ရာ လက်ရှိ သူပိုင်ဆိုင်နိုင်သော
အင်အားကြီးကို နားမလည်ဘဲ မနေပေ။

"မောင်လေးရှောင်ယောက်၊ မင်းဘာဆက်လုပ်ရမလဲ"
ဖန့်ရှူ့နျန်က စိတ်ဝင်တစားဖြင့် မေးလိုက်သည်။

"ရှန်းကုကမ္ဘာကို အရင်သွားမယ်"
ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

ငတုံးမှသာ ဤအခြေအနေကို အခွင့်ကောင်းမယူဘဲ

နေလိမ့်မည်။

ကျွင်းရှောင်ယောက်က ယခုအခါ ရှန်းကုကမ္ဘာ၏ နတ်ဘုရား ဖြစ်သည်။

ရှန်းကုကမ္ဘာရှိ မျိုးနွယ်အားလုံးက အကျဉ်းသားများ ဖြစ်ချေသည်။ ဤသည်က အဓိပဓိများဖြစ်လျှင်ပင် ခြွင်းချက်မရှိပေ။

ထို့အတွက် ကျွင်းရှောင်ယောက်ဟာ ဤစွမ်းအားကို မျက်ကွယ်ပြုရန် မဖြစ်နိုင်ပါချေ။

ယုတ္တိဗေဒအရ ရှန်းကုကမ္ဘာကြီး ပိတ်သွားပြီးနောက် သူ့ဘာသာသူ ပြန်ပေါ်မလာလျှင် မည်သူမျှ ရှန်းကုကမ္ဘာသို့ ဝင်ရောက်နိုင်တော့မည် မဟုတ်ပါ။

သို့ရာတွင် ကျွင်းရှောင်ယောက်က ခြားနားသည်။ လက်ရှိတွင် သူက ရှန်းကုကမ္ဘာ၏ အလိုဆန္ဒအဖြစ် အစားထိုးခဲ့ပြီးပြီ။

ကျွင်းရှောင်ယောက်၏ အတွေးတစ်ချက်ဖြင့် ရှန်းကုကမ္ဘာ၏ ဟင်းလင်ပြင် ကိုသြဒိနိတ်ဆိုမှတ်များ ပေါ်လာခဲ့ရသည်။

"စီနီယာ၊ ခင်ဗျား ကြေးအင်မော်တယ်နန်းတော်ကို မောင်းနှင်နိုင်မလား"

ကျွင်းရှောင်ယောက်က မေးလိုက်သည်။

ကျွင်းရှောင်ယောက်က ယခုအခါ သူတော်စင်တစ်ပါးဖြစ်၍ လက်ဝှေ့ယမ်းရုံဖြင့် ဟင်းလင်းပြင်အား အက်ကွဲစေနိုင်သည်။

သို့သော်လည်း အဆုံးမဲ့ဟင်းလင်းပြင်ကို
ဖြတ်သန်းသွားချင်လျှင်တော့ ဟင်းလင်းပြင်ကျမ်းကို
လေ့ကျင့်ထားရန် လိုသည်။

ကျွင်းရှောင်ယောက်တွင်
ထိုဟင်းလင်းပြင်ကျမ်းတစ်ဝက်ကို လေ့ကျင့်ရန်
အချိန်မရှိသေးပါ။

"သဘာဝအတိုင်းပေါ့"

မျက်ကန်းအဘိုးကြီးက အနည်းငယ်
ခေါင်းညိတ်လိုက်သည်။

ယခင်ကတော့ ကြေးအင်မော်တယ်နန်းတော်ဟာ
ဦးတည်ချက်မဲ့ လွင့်မျောနေခဲ့သည်။

ယခုတော့ ကံကြမ္မာသခင်ကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ရာ
ကြေးအင်မော်တယ်နန်းတော်ကလည်း
ကျွင်းရှောင်ယောက်၏ပိုင်ဆိုင်မှုတစ်ခု ဖြစ်လာခဲ့ရပြီ။

ထို့နောက်တွင် မျက်မမြင်အဘိုးကြီး၊ ဒုက္ခိတ၊
ကြက်တူရွေးနှင့် ဖန့်ရှို့နျန်းက
ကြေးအင်မော်တယ်နန်းတော်ကို ထိန်းချုပ်ကာ
အဆုံးမဲ့ဟင်းလင်းပြင်သို့
ဖြတ်ကာပျံသန်းစေလိုက်သည်။

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းထောင့်မှာတော့
အပြုံးတစ်ခု ရှိနေပြီ။

ကျွင်းရှောင်ယောက်နှင့် ရင်းနှီးသူများဖြစ်လျှင်တော့
သူ့အပြုံးက အလွန်အန္တရာယ်များမှန်း သိလိမ့်မည်။

မည်သို့ ကိုင်တွယ်ရမလဲဟု တွေးတောမနေလျှင်၊ မည်သို့သတ်မရလဲဟု စဉ်းစားနေတတ်သည်။

ထိုအကြောင်းကိုပြောရလျှင် ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာမှ ရှန်းကုမျိုးနွယ်များနှင့် ကောင်းမွန်သောအခြေအနေတွင် မရှိပေ။

ဗျူတီမျိုးနွယ်မှ လီချိုးရွှေနှင့် ဆက်ဆံရေး အနည်းငယ် ပိုကောင်းသည်မှတစ်ပါး၊ အခြား ရှန်းကုမျိုးနွယ်ကြီးသုံးခုနှင့် ပြဿနာများ ရှိခဲ့သည်။

"မင်းတို့တွေ သိတတ်ကြဖို့ပဲ ငါမျှော်လင့်တယ်၊ မဟုတ်ရင်လို့ အားလုံးကို သတ်လိုက်ရင် နှာခြောစရာ ဖြစ်လိမ့်မယ်"

ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

ဟုတ်ပေသည်၊ ဤသည်က အဆိုးရွားဆုံး အခြေအနေ ဖြစ်သည်။ ထိုရှန်းကုမျိုးနွယ်များက သိတတ်သရွေ့တော့ ကျွင်းရှောင်ယောက်က အနည်းငယ် ကရုဏာပြရန် စိတ်ထဲမထားပေ။

နောက်ဆုံးတွင် လူသေများက တန်ဖိုးမရှိပါ။

ကျွင်းရှောင်ယောက်က ရှန်းကုမျိုးနွယ်များ၏ စွမ်းအားကို ထိန်းချုပ်လိုခြင်းမှာ...

သူ့စိတ်ထဲတွင် အတွေးတစ်ခုရှိနေ၍ ဖြစ်သည်။

သူက သူ့အတွက် သီးသန့်အသုံးပြုနိုင်သော အင်အားမျိုးကို လိုချင်သည်။

ဟုတ်ပေသည်၊ ဤသည်က အပျော်သဘောသာ ဖြစ်သည်။

ကျွင်းမိသားစုနှင့် ကျန်းမိသားစုတို့၏ ရတနာတစ်ခုနှယ် တန်ဖိုးထားခံရသူအနေဖြင့် ကျွင်းရှောင်ယောက်အတွက် အင်အားစုတည်ဆောက်ရန် မလိုပေ။

သူလိုချင်သရွေ့ မိသားစုကြီးနှစ်ခု၏ အမျိုးမျိုးသော အင်အားစုများကို စုစည်း၍ရသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ကိုယ်တိုင် အကြွင်းမဲ့ ထိန်းချုပ်ထားနိုင်သော အင်အားစုတစ်ခုကို ဖွဲ့စည်းနိုင်ရန် မျှော်လင့်နေဆဲပင်။

ထိုရှန်းကုမျိုးနွယ်များကတော့ အသင့်စား
အရင်းအမြစ်များဖြစ်သည်မှာ သေချာသည်။

ကျွင်းရှောင်ယောက်က
ကိုယ်ပိုင်အခြေအနေများအတွက်
စဉ်းစားခန်းထုတ်နေချိန်တွင်…

ရှန်းကုကမ္ဘာ၌ စိတ်ပျက်အားငယ်မှု
အငွေ့အသက်များက လေထဲသို့ စိမ့်ဝင်သွားသည်။

ရှန်းကုဝိညာဉ်ကို
ကြေးအင်မော်တယ်နန်းတော်အတွင်းသို့
ဖိနှိပ်ခံရသော်လည်း ရှန်းကုကမ္ဘာ၏စည်းမျဉ်းများက
ပျောက်ကွယ်သွားခြင်း မရှိပါ။ သို့ရာတွင်
အရာအားလုံးက ပုံသေဖြစ်သွားပြီး
ပြောင်းလဲ၍မရတော့ပေ။

ရှန်းကုကမ္ဘာ၏အလိုတော် ပြန်မပေါ်ပါက
စည်းမျဉ်းများကို ပြောင်းလဲမရတော့ပါ။

အံ့ဖွယ်ခုနစ်ပါးထဲမှ တစ်ခုအနေဖြင့်၊
ကြေးအင်မော်တယ်နန်းတော်သည်
ခေတ်များတစ်လျှောက် မျောလွင့်နေပြီး
နောက်တစ်ကြိမ်တွင် မည်သည့်နေရာ၌
ပြန်ပေါ်လာမည်ကို မည်သူမျှ မသိနိုင်ပါချေ။

ပေါ်လာလျှင်ပင်၊ ရှန်းကုကမ္ဘာတွင် ပြန်ပေါ်လာရန်
မဖြစ်နိုင်သလောက်ပင်။

ထို့ကြောင့် ဤရှန်းကုမျိုးနွယ်ဝင် သတ္တဝါအားလုံး
လုံးဝ စိတ်ပျက်အားငယ်သွားရသည်။

သူတို့ တစ်သက်လုံး ဤလှောင်အိမ်ထဲမှ ထွက်သွားနိုင်မည် မဟုတ်တော့ပေ။

"ဘာကြောင့် ဒီလို ဖြစ်ရတာလဲ... ဘိုးဘေးတွေရဲ့ အပြစ်တွေအတွက် ငါတို့ ဘယ်လောက်ကြာကြာ ပေးဆပ်ရမှာလဲ"

ဗျူတီမျိုးနွယ်၏ ဘိုးဘွားမြေတွင် တော်ဝင်ဝတ်စုံ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်က လည်တိုင်ကျော့ကျော့ကိုမော့ကာ သက်ပြင်းချလိုက်သည်။

သူမက ဗျူတီမျိုးနွယ်၏ ခေါင်းဆောင် လီရှန်း ဖြစ်ချေသည်။ သူမ၏ ခွန်အားကမူ မဟာကောင်းကင်သခင်နယ်ပယ်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ရှန်းကုကမ္ဘာကြီးတွင်ဖြစ်စေ၊ ကောင်းကင်ကိုးခု
အင်မော်တယ်နယ်မြေတွင်ဖြစ်စေ၊
မဟာကောင်းကင်သခင်က ထိပ်သီးတန်ခိုးရှင်တစ်ဦး
ဖြစ်နေပြီဟု ဆို၍ရပေသည်။

အစိပစိ အင်အားစုကြီးများမှာပင် ၎င်းတို့အားလုံးက
အကြွင်းမဲ့ ဘိုးဘေးများ အဆင့်တွင် ရှိသည်။

သို့သော၊ မဟာကောင်းကင်သခင် ခွန်အားမျိုး
ရှိထားခဲ့လျှင်ပင်...

ရှန်းကုကမ္ဘာ၏ စည်းမျဉ်းများက
ကန့်သတ်ထားသောကြောင့် ဗျူဟာမျိုးနွယ်၏
ခေါင်းဆောင်လီရှန်းတွင် မဟာကောင်းကင်သခင်
ကျင့်ကြံခြင်းအခြေခံရှိလျှင်ပင်

သူ၏ဘိုးဘွားနယ်မြေအတွင်းသာ သွားလာ လှုပ်ရှား၍ ရသည်။

ဤအခြေအနေက ခွန်အား အားကောင်းလေလေ၊ ပို၍ ဝမ်းနည်းရလေလေပင်။

သူတို့က လှောင်အိမ်ထဲမှ တိရစ္ဆာန်များ ကဲ့သို့ပင် ဖြစ်သည်။

ယခင်ကတော့ လီရှန်းမှာ မျှော်လင့်ချက်တစ်ခု ရှိသေးသည်။

အနာဂတ်တွင် သူတို့၏ အပြစ်များကို ခွင့်လွှတ်နိုင်မည်။

ရှန်းကုကမ္ဘာ၏အလိုတော်က ၎င်းတို့ကို
လွတ်မြောက်စေနိုင်ပေလိမ့်မည်။

သို့သော်လည်း၊ ယခုအခါ တစ်ခုတည်းသော
ဤမျှော်လင့်ချက်ပင် မရှိတော့ပြီ။

သူတို့ မျိုးဆက်မှဆက်၍ ထာဝရ
ဝမ်းနည်းဖွယ်ကောင်းအောင် အကျဉ်းသားများသာ
ဖြစ်နိုင်ကြတော့မည် ဖြစ်သည်။

"ခေါင်းဆောင်၊ စိတ်မပျက်ပါနဲ့။ ချိုးယွဲ့က
ရှင်နဲ့အတူရှိနေတုန်းပဲ"

လီရှန်း၏ဘေးတွင် နူးညံ့သော မျက်လုံးများနှင့်
ကန်ရေပြင်ထက်မှ ကြာပန်းကဲ့သို့ လှပသော
မိန်းကလေးတစ်ဦး ရှိနေသည်။

ကျွင်းရှောင်ယောက်သာ ဤနေရာတွင် ရှိခဲ့လျှင်တော့ သူမက ဗျူတီမျိုးနွယ်၏ ဘုရင်ငယ် လီချိုးရွှေနှင့် ခုနစ်ဆယ်ရာခိုင်နှုန်းခန့် ဆင်တူကြောင်း သူ သတိပြုလိမ့်မည်။

"မိုက်မဲတဲ့ကလေးရယ်၊ အရင်က ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ဟာ ရှန်းကုတံဆိပ်ပြားတချို့ကို ရှာတွေ့ခဲ့တယ်။ အဲဒီကတည်းက မင်းရဲ့အမနဲ့ ရှန်းကုကမ္ဘာကနေ ထွက်သွားနိုင်ပြီပဲကွယ်။ ဘာလို့ မသွားရတာလဲ"

လီရှန်းက သက်ပြင်းချလိုက်သည်။

ဤချစ်စရာကောင်းသော မိန်းကလေးက လီချိုးရွှေ၏ ညီမ၊ လီချိုးယွဲ့ပင် ဖြစ်ချေသည်။

ယခင်က ကျွင်းရှောင်ယောက်ဟာ

ကောင်းကင်တားမြစ်နယ်မြေ၌
ရှန်းကုတံဆိပ်ပြားတချို့ကို ရှာဖွေတွေ့ခဲ့သည်။
ယင်းက လီရှန်းနှင့် အခြား အစစ်အမှန်ဘိုးဘေးများကို
ထွက်ခွာရန် မကူညီနိုင်သော်လည်း
မျိုးဆက်သစ်လူငယ်များအား ရှန်းကုကမ္ဘာမှ
ထွက်ခွာသွားရန် ပြုလုပ်ပေးနိုင်သည်။

မူလက လီချိုးယွဲ့သည် သူ့အမနှင့်
ထွက်သွားသင့်သော်လည်း နောက်ပိုင်းတွင်
ငြင်းဆန်ခဲ့ပေသည်။

"အပြင်ထွက်ရတာက ဘာအကျိုးရှိလို့လဲ။ အမက
အရမ်းထက်မြက်တယ်၊ သူက အပြင်လောကကြီးမှာ
နာမည်တစ်ခု ရရှိနိုင်ပါတယ်၊ ဒါပေမဲ့ ချိုးယွဲ့ရဲ့
အရည်အချင်းက နိမ့်ကျပြီး ခွန်အားကလည်း
မမြင့်မားဘူး။ ကျွန်မ အပြင်လိုက်သွားရင် သူ့ကို
ဝန်ထုပ်ဝန်ပိုးပဲ ဖြစ်စေပါလိမ့်မယ်"

"ချိုးယွဲ့ရဲ့ အခန်းကဏ္ဍက ရှန်းကုကမ္ဘာမှာနေပြီး ခေါင်းဆောင်နဲ့ အဖော်ပြုတာပဲရှိတာပါ"

လီချိုးယွဲ့က ချိုသာယဉ်ကျေးစွာ ပြောလိုက်သည်။

"ကလေးရယ်..."

လီရှန်း၏ မျက်လုံးများတွင် စိတ်မကောင်းဖြစ်မှုတို့ ထင်ဟပ်လာခဲ့သည်။

လီချိုးယွဲ့ မသွားရခြင်းမှာ နောက်ထပ်အကြောင်းရင်းတစ်ခု ရှိနေသေးကြောင်း သူ သိ၏။ သူမက မျိုးနွယ်ထဲမှ အခြား အရည်အချင်းရှိသော အဖွဲ့ဝင်များကို ရှန်းကုတံဆိပ်ပြား ပေးအပ်လိုက်ပေသည်။

လီချိုးယွဲ့ကဲ့သို့ နှလုံးသားက မိန်းကလေးတိုင်းတွင်

မရှိနိုင်ပေ။

တစ်ခုခုကို တွေးနေဟန်ဖြင့် လီရှန်းက ရုတ်တရက် ပြောလိုက်သည်။

"ရှန်းကုကမ္ဘာကနေ ထွက်သွားဖို့ အခွင့်အရေးကို စွန့်လွှတ်လိုက်တာဟာ မင်း အရမ်းလွမ်းဆွတ်နေတဲ့ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ မဆိုလိုဘူးလား"

--------

အခန်း ( ၄၈၅ ) ရှန်းကုကမ္ဘာသို့ ကျွင်းရှောင်ယောက် ပြန်လာပြီ၊ မျောက်များကိုခြောက်ရန်အတွက် ကြက်များကို သတ်ရန်၊ နဂါးလူမျိုးနွယ်နဲ့ စတင်မယ်။

လီရှန်း၏ စကားကြားတော့

လီချိုးယွဲ့၏လှပသောမျက်နှာလေးမှာ ရှက်ရွံ့မှုကြောင့် ချက်ချင်း နီမြန်းလာသည်။

"ခေါင်းဆောင်၊ ရှင် ဘာတွေပြောနေတာလဲ"

"ကောင်မစုတ်လေး၊ ငါ့ဆီကနေ ဘာတွေပုန်းကွယ်နေတာလဲ"

"ရွှမ်ထျန်းတောင်တန်းက တိုက်ပွဲမှာလည်း သူ့ကို ခိုးကြည့်နေခဲ့တာပဲ မဟုတ်လား။ ကျွင်းမိသားစုရဲ့သားကို မြင်မြင်ချင်း ချစ်သွားခဲ့ပြီပေါ့"

လီရှန်းက အရွှန်းဖောက်လိုက်သည်။

တခါတရံ ဤမိန်းကလေးကို စနောက်ခြင်းက စိတ်ဓာတ်ကျခြင်းအား သက်သာစေနိုင်သည်။

"ခေါင်းဆောင်၊ ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ…”

လီချိုးယွဲ့၏ လှပသောမျက်နှာလေးမှာ နီမြန်းနေသော်လည်း ငြင်းဆန်ရန် ခွန်အားမရှိပေ။

"ဘာမှရှင်းပြနေစရာ မလိုပါဘူး။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က လူသားထဲက နဂါးတစ်ကောင်ပဲ။ ငါသာ အနှစ်ထောင်သောင်းမက ငယ်သေးမယ်ဆိုရင် ငါလည်း သွေးဆောင်ခံရလိမ့်မယ်"

လီရှန်းက ပြုံးကာ ပြောလိုက်သည်။

သူမက အလွန်လှပပြီး ကျက်သရေရှိကာ အသက်သုံးဆယ် သို့မဟုတ် လေးဆယ်ခန့်သာ ရှိပုံရသည်။

သို့သော်လည်း ကျင့်ကြံသူများ၏အသက်ကို
၎င်းတို့၏ အသွင်အပြင်ဖြင့် မဆုံးဖြတ်နိုင်ပေ။

လီရှန်း၏ နောက်ပြောင်သံကိုကြားတော့ လီချိုးယွဲ့
အလွန်ရှက်သွားပြီး နားများအထိပင် နီမြန်းလာကာ
နှုတ်ဆိတ်သွားခဲ့သည်။

သူမအတွက် သွေးဆောင်မခံရဘူးဟု ပြောရန်တော့
မဖြစ်နိုင်ပေ။

လီချိုးယွဲ့သည် ပြင်ပကမ္ဘာသို့ တစ်ခါမှ မထွက်ဘဲ
ဆန့်ကျင်ဘက်လိင်နှင့် ထိတွေ့မှုလည်း
အလွန်နည်းပါးသောကြောင့် ဖြူစင်လွန်းလှသည်။

သူမအဖို့ ကျွင်းရှောင်ယောက်ကို မြင်ရခြင်းမှာ
မြင်းဖြူပေါ်မှ မင်းသားလေးကို

ရဲတိုက်လေသာဆောင်မှ မြင်လိုက်ရသော
မင်းသမီးလေးတစ်ယောက်ကဲ့သို့ပင်။

အမှန်တကယ်ပင်၊ လီချိုးယွဲ့က ရှမ်ထျန်းတောင်တန်းမှ
တိုက်ပွဲများကို လျှို့ဝှက်စွာ စောင့်ကြည့်နေခဲ့သည်။

ကျွင်းရှောင်ယောက်က ဤကမ္ဘာကို
ဆင်းသက်လာသော မသေမျိုး နတ်တစ်ပါးကဲ့သို့ပင်။
သူ၏လှုပ်ရှားမှုတိုင်းတွင် ဒေါသအရိပ်အယောင်
အနည်းငယ်မျှ မမြင်ရသော်လည်း ရန်သူအားလုံးကို
ချက်ချင်းသတ်နိုင်သည်။

ထိုကဲ့သို့ လွတ်လပ်ပြီး ကြီးစိုးသောအမူအရာက
လီချိုးယွဲ့၏ နှလုံးသားကို လုံးဝ ဖမ်းစားသွားခဲ့သည်။

ထို့အပြင်၊ ကျွင်းရှောင်ယောက်က သူမ၏အမကို

ရှန်းကုတံဆိပ်ပြားများရှာတွေ့ရန် ကူညီပေးခဲ့ကြောင်း
သိရပြန်ရာ ချစ်ခင်ကြင်နာမှုများ ပို၍
နက်ရှိုင်းလာတော့သည်။

ကံမကောင်းစွာဖြင့် လီချိုးယွဲ့က အလွန်ရှက်တတ်သူ
ဖြစ်သည်။ ကျွင်းရှောင်ယောက်နှင့် စကားပြောရန်
နေနေသာသာ မျက်နှာချင်းဆိုင်ပင် မတွေ့ဝံ့ခဲ့ပေ။

လျှို့ဝှက်စွာဖြင့်သာ စောင့်ကြည့်ဝံ့ခဲ့သည်။

ထို့နောက်တွင်၊ ကျွင်းရှောင်ယောက်က
ကြေးအင်မော်တယ်နန်းတော်သို့ဝင်ပြီး
ပြန်ထွက်မလာသောအခါ လီချိုးယွဲ့လည်း
မျက်ရည်ကျရပြီး အချိန် အကြာကြီး
ဝမ်းနည်းခဲ့ရသည်။

နောက်ဆုံးတွင် လီရှန်းက ကျွင်းရှောင်ယောက်ကို
ဘေးဒုက္ခမှလွတ်မြောက်ပြီး အပြင်လောကကို
ဘေးကင်းစွာ ပြန်လာမည်ဟုသာ နှစ်သိမ့်နိုင်ခဲ့သည်။
ဤတော့မှ လီချိုးယွဲ့လည်း အငိုရပ်သွားခဲ့လေသည်။

"ဒါက ဘာမှမဟုတ်တော့ပါဘူး။
သခင်လေးနတ်ဘုရားသားတော်နဲ့ နောက်ထပ်
မတွေ့ရတော့ဘူးဆိုတာကို ထည့်မပြောရင်တောင်
သူက ကျွန်မကို သဘောကျမှာ မဟုတ်ဘူးလို့
ထင်တယ်"

လီချိုးယွဲ့က ခေါင်းငုံ့ပြီး ညည်းညူလိုက်သည်။

သူမက မိမိကိုယ်ကို သိသည်။

သူမ၏ ရုပ်ရည်က မဆိုးသော်လည်း ထိုကဲ့သို့
တည်ရှိမှုမျိုးနှင့် လိုက်ဖက်ရန် မဖြစ်နိုင်မှန်းတော့

သိပြီးသားပင်။

"မိုက်မဲတဲ့မိန်းကလေးရယ်..."

လီရှန်း၏ မျက်လုံးများက ကြင်နာ သနားမှုများ ပြည့်နှက်သွားကာ လီချိုးယွဲ့၏ခေါင်းကို ခပ်ဖွဖွ ပွတ်သပ်လိုက်သည်။

သို့သော်လည်း ဤအခိုက်တွင် ရှန်းကုကမ္ဘာ၏ ကောင်းကင်ထက်၌ ဆူညံသံကြီးတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုအသံမျိုးက ရှန်းကုကမ္ဘာကို တစ်စုံတစ်ခုမှ ဝင်တိုက်လိုက်သကဲ့သို့ပင်။

"ဟင်၊ ဒါက ဘယ်လိုအတက်အကျမျိုးလဲ"

လီရှန်းက အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

ရှန်းကုကမ္ဘာသည် ပိတ်သွားသည်နှင့် လုံးဝ အထီးကျန်နေမည်ဖြစ်ပြီး မည်သူမျှ ရှာဖွေနိုင်မည်မဟုတ်ပေ။

ရှာတွေ့လျှင်ပင် ဝင်၍မရပါချေ။

ရှန်းကုကမ္ဘာကြီး သူ့ဘာသာ ပြန်ပွင့်လာမည့်အချိန်ကိုသာ စောင့်နေကြရမည် ဖြစ်သည်။ ဤသည်က ရှန်းကုကမ္ဘာ၏ သဘာဝစည်းမျဉ်း ဖြစ်ချေသည်။

သို့သော်လည်း ယခုအခါတွင်၊ ရှန်းကုကမ္ဘာ၏ ကောင်းကင်ထက်၌ လျှို့ဝှက်ဆန်းကြယ်သော အသံတစ်ခု ထွက်ပေါ်လာသည်။ ဤသည်က

မဟာကောင်းကင်အသျှင်နယ်ပယ် တန်ခိုးရှင်
လီရှန်းကိုပင် အလွန်အံ့သြသွားစေသည်။

"ချိုးယွဲ့၊ အခြေအနေကို စုံစမ်းဖို့ လူတစ်စုကို
ခေါ်သွားပြီး ကြည့်လိုက်စမ်း"

လီရှန်း အမိန့်ပေးလိုက်သည်။

ဗျူတီမျိုးနွယ်၏ အစစ်အမှန်ဘိုးဘေးအနေဖြင့်
ဘိုးဘွားမြေကို မစွန့်ခွာနိုင်ပေ။ ထိုအတွက်
လီချိုးယွဲ့နှင့် အခြားသူများကိုသာ အားကိုးနိုင်သည်။

"ကောင်းပါပြီ၊ ချိုးယွဲ့ သွားလိုက်ပါမယ်"

လီချိုးယွဲ့က အနည်းငယ် ခေါင်းညိတ်လိုက်သည်။

သူမလည်း အလွန်သိချင်မိပေသည်။ ရှန်းကုကမ္ဘာတွင်

အပြောင်းအလဲများ အမှန်တကယ် ရှိနိုင်ပါသလော။

ဤသို့ တုန်လှုပ်သွားသည်က
ဗျူတီမျိုးနွယ်သာမကပေ။

အခြား ရှန်းကုမျိုးနွယ်သုံးခု၏
ဘိုးဘေးများသည်လည်း ဤအတက်အကျကို
သတိပြုမိ၍ စုံစမ်းစစ်ဆေးရန် လူများကို
စေလွှတ်ခဲ့ကြသည်။

ကျန်မျိုးနွယ်ငယ်များလည်း
ထိတ်လန့်သွားခဲ့ကြပေသည်။ တချို့က
စူးစမ်းရန်အတွက် ထွက်လာခဲ့ကြသည်။

တခဏချင်းမှာပင် စိတ်ဓာတ်ကျခြင်းများနှင့်
ပြည့်နှက်နေသော ကမ္ဘာကြီးက ပြန်လည်

တုန်ခါလာခဲ့သည်။

ရှန်းကုကမ္ဘာကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်ခါစတွင် ကောင်းကင်ယံ၌ ပုံရိပ်ကြီးတစ်ခု ရုတ်တရက် ပေါ်လာသည်။

ယင်းက တည်ငြိမ်ခန့်ညားသော အဖြူရောင်ဝတ် ကျွင်းရှောင်ယောက်ပင် ဖြစ်ချေသည်။

ရှန်းကုဝိညာဉ်ကို သန့်စင်ပြီးနောက် ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာ၏အလိုတော်နှင့် ညီမျှသည်။

အခြားသူများက ရှန်းကုကမ္ဘာကို မဝင်နိုင်သော်လည်း သူကတော့ သဘာဝအတိုင်း တတ်နိုင်သည်။

ထို့ပြင် ရှန်းကုကမ္ဘာ၏ စည်းမျဉ်းများကိုလည်း ပေါ့ပေါ့ပါးပါး ပြောင်းလဲနိုင်ပေသည်။

ဟုတ်ပေသည်၊ ကျွင်းရှောင်ယောက်က ထိုသို့မလုပ်ချင်သေးပေ။ သူက ရှန်းကုမျိုးနွယ်ကို အနိုင်ယူပြီး သူ့အတွက် အသုံးပြုချင်နေဆဲ ဖြစ်သည်။

ရှန်းကုကမ္ဘာကို ပြန်ရောက်လာချိန်မှာတော့ ကျွင်းရှောင်ယောက်၏ ခံစားချက်က မတူတော့ပေ။

သူက ကောင်းကင်တာအိုရဲ့ အလိုတော် ဖြစ်လာပုံရသည်။ သူဟာ ရှန်းကုကမ္ဘာရှိ သက်ရှိအားလုံး၏ တည်နေရာကို ခံစားနိုင်သည့်အပြင် ၎င်းတို့၏ ပျော်ရွှင်မှု၊ ဒေါသ၊ ဝမ်းနည်းမှုနှင့် ရွှင်လန်းမှုတို့ကိုပင် ခံစားနိုင်သေးသည်။

ရှန်းကုကမ္ဘာတွင် ရှာမတွေ့သေးသော အခွင့်အလမ်းအချို့လည်း ရှိသည်။ ကျွင်းရှောင်ယောက်က ၎င်းတို့ကို အလိုအလျောက် ခံစားနိုင်ပေသည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာ၏နတ်ဘုရား ဖြစ်လာပုံရသည်။

"ရှန်းကုမျိုးနွယ်မှာ ကျွမ်းကျင်သူ အရေအတွက်က ငါ စိတ်ကူးယဉ်ထားတာထက် အများကြီး ပိုတာပဲ"

"အဲ့ဒီအခွင့်အလမ်းတွေကိုတော့ နောင်မှပဲ ရှာဖွေရလိမ့်မယ်။ ဒါတွေက အနာဂတ်မှာ အင်အားစုတစ်ခု တည်ဆောက်ဖို့အတွက် နောက်ခံနဲ့ အရင်းအမြစ်တွေ ဖြစ်လာနိုင်တယ်"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

သူက ကိုယ်ပိုင်အားစုတည်ထောင်ရန် အစပြုနေခဲ့ပြီ။

အပျော်သဘောသက်သက်ဆိုလျှင်ပင်
လှည့်ကွက်အနည်းငယ် ကစား၍ရသည်။

"ဒါထက်၊ ဘယ်မျိုးနွယ်ရဲ့ ဘိုးဘွားမြေကို ငါ
အရင်သွားသင့်လဲ"
ကျွင်းရှောင်ယောက်က တွေးလိုက်သည်။

စဉ်းစားပြီးနောက်၊ ကျွင်းရှောင်ယောက်က
ပေါ့ပေါ့ပါးပါး ပြုံးကာ ပြောလိုက်လေသည်။
"နဂါးလူမျိုးနွယ်ကို အရင်သွားမယ်"

ကျွင်းရှောင်ယောက်က မျောက်များကိုခြောက်ရန် ကြက်ကိုသတ်သော နည်းလမ်းများနှင့် အလွန်ရင်းနှီးသည်။

ဤရှန်းကုမျိုးနွယ်များကို သူ့ထံ အလွယ်တကူလက်အောက်ခံစေရန်က မဖြစ်နိုင်သည်မှာ အသိသာကြီးပင်။

ထိုအတွက်ကြောင့် သူ၏အာဏာကို တည်ဆောက်ရန်လိုသည်။

နဂါးလူမျိုးနွယ်က ကျွင်းရှောင်ယောက်နှင့် ပြဿနာအကြီးဆုံး မျိုးနွယ်စုတစ်ခု ဖြစ်ချေသည်။

ထို့ကြောင့် နဂါးလူမျိုးနွယ်ဖြင့်သာ စတင်နိုင်သည်။

သူ့နှလုံးသားထဲတွင် နဂါးလူမျိုးနွယ်ကို ခေတ္တ ကရုဏာသက်စွာ ညည်းတွားခဲ့ပြီးနောက် ဟင်းလင်းပြင်ကို ဖြတ်သန်းသွားခဲ့သည်။

လက်ရှိတွင် ကျွင်းရှောင်ယောက်က သူတော်စင်နယ်ပယ်တွင်ရှိ၍ ဟင်းလင်းပြင်အား ရေတို ဖြတ်ကျော်သွားနိုင်ပြီ ဖြစ်သည်။

နဂါးလူမျိုးနွယ်၏ ဘိုးဘွားမြေအပြင်ဘက်တွင် ပါရမီရှင် လူငယ်အများအပြား ကင်းလှည့်နေကြသည်။

ယခင်လှုပ်ရှားမှုက နဂါးလူမျိုးနွယ်၏ အာရုံကိုလည်း ဆွဲဆောင်ခဲ့ပေသည်။

"အစောပိုင်းက ကောင်းကင်မှာ တုန်ခါသွားတာ ဘာလဲဟ။ တစ်ယောက်ယောက်က ရှန်းကုကမ္ဘာကို ထပ်ဝင်လာတာလား"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်က ပြောလိုက်သည်။

"ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ရှန်းကုကမ္ဘာ ပိတ်သွားပြီဆိုရင် ဘယ်သူမှ ရှာမတွေ့နိုင်ဘူး။ တွေ့ရင်တောင် ဝင်နိုင်မှာမဟုတ်ဘူး"

နောက်တစ်ယောက်ကလည်း ဝင်ပြောသည်။

"ကြေးအင်မော်တယ်နန်းတော်မှာ ပိတ်မိနေတဲ့ ကျွင်းရှောင်ယောက် ပြန်လာတာလို့ မင်းထင်လား"

အခြားတစ်ယောက်က အရွှန်းဖောက်လိုက်၏။

"ဟားဟားဟား၊ မင်းရဲ့ဟာသက တကယ်

ရယ်စရာကောင်းတယ်"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်အားလုံး
ရယ်မောလိုက်ကြသည်။

မင်းသားအိုကွမ်ကို သတ်ဖြတ်ခဲ့သည့်
ကျွင်းရှောင်ယောက်အပေါ် သူတို့ အမြင်ကောင်းများ
မရှိပေ။

ထို့ကြောင့်ပင် ကြေးအင်မော်တယ်နန်းတော်တွင်
ကျွင်းရှောင်ယောက် ပိတ်မိသွားသည်အား
မြင်ရပြီးနောက် သူတို့က အခြားသူများထက် ပို၍
ပျော်ရွှင်ခဲ့ကြသည်။

မြင်ကွင်းက ကြည်နူးစရာ အငွေ့အသက်များနှင့်
ပြည့်နေခဲ့ပေသည်။

သို့သော်လည်း ဤအခိုက်တွင်
တည်ငြိမ်အေးဆေးသော အသံက ကောင်းကင်ထက်မှ
ရုတ်တရက် ထွက်ပေါ်လာသည်။

"မင်းတို့ ဘာတွေပြောနေတာလဲကွ။ မင်းတို့က
ဒီလောက်ပျော်နေမှတော့ ဒီနတ်ဘုရားသားတော်လည်း
နားဆင်ကြည့်ရအောင်"

ငယ်ရွယ်သော လူရိပ်တစ်ခုက နတ်ဘုရားတစ်ပါးကဲ့သို့
ဤနေရာကို ဆင်းသက်လာခဲ့သည်။

ဤအသံကိုကြားတော့ နဂါးလူမျိုးနွယ်ထဲမှ
ပါရမီရှင်အားလုံး မသိစိတ်မှ
ခေါင်းမော့ကြည့်လိုက်၏။

ထို့နောက်မှာတော့...

နတ်ဘုရားကဲ့သို့ တာအိုရစ်သမ်များ ဝန်းရံထားသော လူငယ်တစ်ယောက်ကို မြင်လိုက်ရတော့သည်။

မြင်ကွင်းတစ်ခုလုံး တိတ်ဆိတ်သွားသည်။

--------

အခန်း ( ၄၈၆ ) အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ နဂါးမျိုးနွယ်မှ ပါရမီရှင်များ ကြောက်ရွံ့ကုန်ပြီ၊ အရပ်ရပ်မှ ရှန်းကုမျိုးနွယ်စုများ စုစည်းခြင်း။

ကျွင်းရှောင်ယောက်၏ အနှင်းထက်သာလွန်သော ဖြူရောင်အဝတ်အစားများက လေထဲတွင် တဖျတ်ဖျတ်လူးလွန့်နေသည်။ သူက လေထဲတွင်

ရပ်နေခဲ့ပေသည်။

တာအိုအမှတ်အသားများက သူ့ခန္ဓာအနှံ့ ပျံ့နှံ့သွားနေကာ အင်မော်တယ်ကောရာဇ်၏ သားမြေးကဲ့သို့ ရောင်ခြည်များ ထွက်ပေါ်နေခဲ့သည်။

"ဒါ၊ ကျွင်း... ကျွင်း... ကျွင်းရှောင်ယောက်လား"

နဂါးလူမျိုးနွယ်မှ ပါရမီရှင်တစ်ယောက်က ယင်းကိုမြင်သောအခါ သူ့မျက်လုံးများ ပြူးသွားသည်။ သူဟာ ထိတ်လန့်လွန်း၍ စကားပင် ဖြောင့်အောင် မပြောနိုင်တော့ပေ။

သူသာမကဘဲ နဂါးလူမျိုးနွယ်၏ အခြားပါရမီရှင်များလည်း တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသကဲ့သို့ မယုံကြည်နိုင်မှုများ ပြည့်နှက်သွားသည်။

ဟုတ်ပေသည်၊ သရဲတစ္ဆေကို မြင်ရသကဲ့သို့ပင် ဖြစ်သည်။

ကျွင်းရှောင်ယောက်က ကြေးအင်မော်တယ်နန်းတော်တွင် ကျဆုံးသွားပြီ မဟုတ်လော။

ယခု သူတို့ရှေ့တွင် အဘယ်ကြောင့် ပြန်ပေါ်လာသနည်း။

"ငါ အမြင်မှားနေတာပဲလား"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်တချို့က သူတို့၏မျက်လုံးများကို ခပ်ကြမ်းကြမ်း ပွတ်သပ်လိုက်ကြသည်။ သို့သော်၊ ကျွင်းရှောင်ယောက်၏ ရုပ်သွင်က

ကောင်းကင်ပြင်တွင် ရပ်နေဆဲပင်။

"ဒီနတ်ဘုရားသားတော်ကိုမြင်ရတာနဲ့ မင်းတို့ ဘာလို့အံ့ဩနေတာလဲ"

ကျွင်းရှောင်ယောက်က တည်ငြိမ်ပြီး နူးညံ့သိမ်မွေ့သောအပြုံးဖြင့် ပြောလိုက်သည်။

သို့သော်၊ နဂါးမျိုးနွယ်မှ ပါရမီရှင်များက ထိုသို့မထင်ပါ။

ကျွင်းရှောင်ယောက်၏ မကောင်းသတင်းက ရှန်းကုကမ္ဘာကြီးတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့သည်။

ရှန်းကုကမ္ဘာတွင်၊ ကျွင်းရှောင်ယောက်ကို မသိသူမရှိပေ။

သူတို့ ရှန်းကုသတ္တဝါများ၏အမြင်တွင် ကျွင်းရှောင်ယောက်က သေခြင်း နတ်ဘုရားနှင့် တူညီသည်။

"မင်း... မင်း ကြေးအင်မော်တယ်နန်းတော်မှာ မသေသွားဘူးလား"

နဂါးမျိုးနွယ်၏ ပါရမီရှင်တစ်ဦးက တုန်လှုပ်စွာဖြင့် ပြောသည်။

"သေခြင်းလား။ ဒီနတ်ဘုရားသားတော်က မသေချင်ဘူးဆိုရင် ငါ့အသက်ကို ဘယ်သူက ခြွေယူနိုင်မှာလဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး အေးအေးဆေးဆေး ပြောလိုက်သည်။

'သောက်ကျိုးနည်းကွာ၊
ကြေးအင်မော်တယ်နန်းတော်တောင်မှ သူ့ကို
မသေစေနိုင်ဘူး...'

နဂါးမျိုးနွယ်၏ ပါရမီရှင်များ ရင်ထဲမှာ
ငိုကြွေးလိုက်ကြသည်။

ယခုလေးတင် ကျွင်းရှောင်ယောက်
ပြန်မလာနိုင်တော့ဘူးဟု သူတို့
အရွှန်းဖောက်နေကြသေးသည်။

ယခုတော့ ကတယ် ပြန်ရောက်လာခဲ့ပြီ ဖြစ်သည်။

"ကျွင်းရှောင်ယောက်၊ တော်ဝင်မင်းသားကို
သတ်ပြီးတာတောင်မှ ငါ့နဂါးလူမျိုးနွယ်ရဲ့
ဘိုးဘွားမြေမှာ ပေါ်လာဝံ့သေးတယ်။ နင့်ကိုယ်နင်
သတ်သေချင်နေတာလား"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်တစ်ဦးက မုန်းတီးမှုအပြည့်ဖြင့် ပြောလိုက်သည်။

ဘိုးဘွားနဂါးသိုက်ကဲ့သို့ပင်၊ နဂါးမျိုးနွယ်တွင် မတူညီသော အတွင်းပိုင်း သွေးအဆက်အနွယ်များ ရှိသည်။

ဤနဂါးလူမိန်းကလေးက မင်းသားအိုကွမ်၏ အဆက်အနွယ်ဝင်တစ်ဦး ဖြစ်ချေသည်။

"သတ်သေတာလား"

ကျွင်းရှောင်ယောက်က ထိုမိန်းကလေးကို ကြည့်လိုက်သည်။

သူ့မျက်နှာပေါ်တွင် နွေးထွေးသော အပြုံးတစ်ခုဖြင့်

လက်တစ်ဖက်ကို ဖြည်းညှင်းစွာ ဆန့်ထုတ်လိုက်၏။

တခဏအတွင်းမှာပင် သူတော်စင်နယ်ပယ်၏
အရှိန်အဝါများ ထွက်ပေါ်လာတော့သည်။

သူ့ခန္ဓာတွင် ကြေးအင်မော်တယ်နန်းတော်၏
အငွေ့အသက်များဖြင့် စွန်းထင်းနေသေးသောကြောင့်
သူတော်စင်ကပ်ဘေး ဆင်းသက်မလာသေးပေ။

သို့ရာတွင် ဤသည်က ကျွင်းရှောင်ယောက်ဟာ
သူတော်စင် မဟုတ်ဘူးဟု မဆိုလိုပါချေ။

"ဝုန်း"
ကျွင်းရှောင်ယောက်က သူ့လက်ကို ဆန့်ထုတ်လိုက်ရာ
တာအိုအမှတ်အသားများနှင့် ရောယှက်နေသော

ရောမလက်ကြီးတစ်ဖက် ကျဆင်းလာသည်။

နဂါးလူမိန်းကလေးလည်း လွန်စွာ ထိတ်လန့်သွား၏။

သို့သော်လည်း အော်ပင် မအော်နိုင်ဘဲ
အသားပုံကြီးအဖြစ် ဖိသိပ်ခံလိုက်ရတော့သည်။

နဂါးလူမျိုးနွယ်၏ ပါရမီရှင်အားလုံး
အံ့အားသင့်သွားခဲ့ကြသည်။

ဤအခိုက်တွင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်မှ
ထွက်ပေါ်လာသော အရှိန်အဝါက
သူတို့အသိစိတ်များကို ဗလာကျင်းသွားစေခဲ့သည်။

"သူ... သူတော်စင်ရဲ့ အရှိန်အဝါလား"

ခဏတာ ငေးမောနေပြီးနောက်မှာတော့
မယုံကြည်နိုင်ဘဲ တုန်လှုပ်သွားတော့သည်။

"ဒါ မဖြစ်နိုင်ဘူး"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်အားလုံး လွန်စွာ
ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

ရှန်းကုကမ္ဘာတွင် ကျွင်းရှောင်ယောက်ရှိစဉ်က
သူ၏ကျင့်ကြံခြင်းအခြေခံဟာ
တာအိုနတ်ဘုရားနယ်ပယ်တွင်ရှိ၍
အလွန်ထက်မြက်နေခဲ့ပြီ ဖြစ်သည်။

ယခုဆိုလျှင်...

သူက သူတော်စင်တစ်ဦးပင် ဖြစ်သွားပြီ။

ဒုံးပျံစီးထားလျှင်ပင် ဤမျှမြန်မြန် လေ့ကျင့်ရန် မဖြစ်နိုင်ပါချေ။

"မင်း...မင်းဘာလျှို့ဝှက်နည်းကိုသုံးခဲ့တာလဲ"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်များက အော်ဟစ်လိုက်ကြသည်။

"မင်းတို့ မယုံရင် ထပ်ပြီး ခံစားကြည့်လိုက်ကြ"

ကျွင်းရှောင်ယောက်က နေရာမှ တစ်ချက်ပင်မလှုပ်ပေ။

သူတော်စင်တစ်ပါး၏ အရှိန်အဝါ ဖိအားသက်သက်က နဂါးလူမျိုးနွယ်၏ ပါရမီရှင်များကို ခန္ဓာကိုယ်များ ကွဲအက်ကာ ကောင်းကင်တစ်ခုလုံး သွေးများ

စီးကျစေခဲ့သည်။

ကျွင်းရှောင်ယောက်၏အမြင်တွင် ဤနဂါးလူမျိုးနွယ်၏ ပါရမီရှင်က တန်ဖိုးမရှိသော အမှိုက်များဖြစ်ပြီး သူ့အင်အားစုတွင် ပါဝင်ရန် အရည်အချင်းမပြည့်မီပေ။

"ပြေးကြဟေ့"

"သူက တကယ်ကြီး သူတော်စင်ဟ၊ ဘုရား... ဘုရား"

"သွားကြ၊ ဘိုးဘွားမြေကို သွားကြဟေ့။ ကျွင်းရှောင်ယောက်က သူတော်စင်ဖြစ်နေရင်တောင် ငါတို့ မျိုးနွယ်ရဲ့ ဘိုးဘွားမြေထဲကို ဘယ်တော့မှ မဝင်ဝံ့ဘူး"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်များက
တစ်ယောက်တစ်ပေါက် အော်ကာ ဘိုးဘွားမြေသို့
ပြေးကြသည်။

၎င်းတို့ နဂါးမျိုးနွယ်၏ တန်ခိုးရှင်ကြီးများက
ဘိုးဘွားမြေအတွင်း၌သာ ရှိပေသည်။

ကျွင်းရှောင်ယောက်က အသည်းအသန်ပြေးနေသော
ထိုသူများကို တိုက်ရိုက်သတ်နိုင်သော်လည်း
မလုပ်ခဲ့ပေ။

လှောင်အိမ်ထဲမှ ကြွက်တစ်ကောင်ကို
ကြည့်နေသကဲ့သို့ သူ၏မျက်လုံးများက
လှောင်ပြောင်သရော်ခြင်းများ ပြည့်နေသည်။

"နဂါးမျိုးရဲ့ ဘိုးဘွားမြေထဲကို ငါမဝင်ရဲဘူးလို့ ထင်နေတာလား။ ရယ်စရာကောင်းပါဘိသကွယ်"

ကျွင်းရှောင်ယောက်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

ဤနဂါးလူမျိုးနွယ်၏ ပါရမီရှင်များအပေါ် သူ အမှန်တကယ် သနားသက်ဝင်မိပေသည်။

သူ၏ စွမ်းရည်များကို သူတို့ ဘာမျှ မသိပေ။

ကျွင်းရှောင်ယောက်က နဂါးလူမျိုးနွယ်၏ ဘိုးဘွားမြေရှေ့တွင် နဂါးလူမျိုးနွယ်၏ ပါရမီရှင်များကို သတ်ဖြတ်နေချိန်...

ဤလှုပ်ရှားမှုကို အနီးတဝိုက်ရှိ အခြား မျိုးနွယ်များ၏

သူလျှိုအချို့က မေးမြန်းခဲ့ကြသည်။

အချိန်တိုအတွင်းမှာပင် နဂါးလူမျိုးနွယ်၏ ဘိုးဘွားမြေဆီသို့ မျိုးနွယ်များစွာ စုဝေးလာတော့သည်။

အခြားတစ်နေရာတွင် မျက်ခုံးနှစ်ခုကြား၌ တတိယမျက်လုံးရှိသော သတ္တဝါတစ်စုသည်လည်း သတင်းရရှိခဲ့ကြသည်။

"ဘယ်လိုပါလိမ့်၊ နဂါးလူမျိုးနွယ်ရဲ့ လှုပ်ရှားမှုက ကောင်းကင်မှာ ပေါ်လာခဲ့တဲ့ တုန်ခါမှုတွေနဲ့ ဆက်စပ်နေတာပဲလား"

ဤသတ္တဝါများက မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်မှ ပါရမီရှင်များ ဖြစ်သည်။

သတင်းရပြီးနောက်မှာတော့ နဂါးလူမျိုးနွယ်ထံသို့ ပြေးသွားကြတော့သည်။

ရှေးဟောင်းမျော်မျိုးနွယ်မှ ပါရမီရှင်များကလည်း သတင်းရပြီး နဂါးလူမျိုးနွယ်သို့ အမြန်ဆုံးသွားခဲ့ကြသည်။

"နဂါးလူမျိုးနွယ်မှာ လှုပ်ရှားမှုရှိတယ်၊ နဂါးမျိုးနွယ်ကို ဘယ်သူက ပြဿနာလုပ်ရဲမှာလဲ"

လီရှန်း၏အမိန့်ဖြင့် အခြေအနေကို စုံစမ်းစစ်ဆေးရန် ထွက်လာသော လီချိုးယွဲ့လည်း သတင်းရခဲ့သည်။

"သွားကြည့်ရအောင်"

လီချိုးယွဲ့လည်း ဗျူတီမျိုးနွယ်မှ ပါရမီရှင်များကိုခေါ်ကာ နဂါးမျိုးနွယ်၏ ဘိုးဘွားမြေသို့ ပြေးသွားတော့သည်။

အချိန်အတိုင်းအတာတစ်ခုအတွင်း နဂါးမျိုးနွယ်၏
ဘိုးဘွားမြေက ရှန်းကုကမ္ဘာ၏ ဗဟိုဖြစ်လာပုံ
ရသည်။

မျိုးနွယ်အများကြီး အပြေး လှမ်းလာခဲ့ကြ၏။

ထိုသို့ လှုပ်ရှားကြရသည့်အကြောင်းရင်းက
ကောင်းကင်ယံအှ ပုံမှန်မဟုတ်သော တုန်ခါမှုနှင့်
ဤအဖြစ်အပျက်ကို ချိတ်ဆက်မိကြ၍ ဖြစ်သည်။

လွတ်လပ်မှုကို တောင့်တနေသော
ဤရှန်းကုမျိုးနွယ်များကို မည်သည့်မူမမှန်မှုမဆို
အလွန် စိတ်ဝင်စားကာ ဆွဲဆောင်စေနိုင်သည်။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်ကတော့

နဂါးလူမျိုးနွယ်၏ ဘိုးဘွားမြေသို့ ချဉ်းကပ်လာခဲ့ပြီ။

ရှေးယခင်ကလည်း နဂါးလူမျိုးနွယ်၏
ပါရမီရှင်တချို့က ဘိုးဘွားမြေသို့
ထွက်ပြေးခဲ့ဖူးသည်။

ဘိုးဘွားမြေထဲသို့ ဝင်ရောက်ပြီးမှ နဂါးလူမျိုးနွယ်၏
ပါရမီရှင်အားလုံး သက်ပြင်းချနိုင်ကြလေသည်။
ထို့နောက်တွင် စွတ်ဝင်လိုက်လာသော
ကျွင်းရှောင်ယောက်ကို လှောင်ပြောင်သရော်ဟန်ဖြင့်
ကြည့်လိုက်သည်။

နဂါးမျိုးနွယ်၏ ကျွမ်းကျင်သူများက ဘိုးဘွားမြေကို
မစွန့်နိုင်ပါ။

သို့ရာတွင် ဘိုးဘွားမြေထဲကို ဝင်ရောက်ဝံ့သရွေ့

ကျွင်းရှောင်ယောက် အသက်ရှင်လျက်
ပြန်မထွက်နိုင်ဘူးဟု အာမခံနိုင်သည်။

"ကျွင်းရှောင်ယောက်၊ မင်း သူတော်စင်နယ်ပယ်ကို
ခေတ္တရောက်ဖို့ ဘယ်လိုနည်းလမ်းကို
အသုံးပြုထားလဲ ငါမသိပေမယ့် ဒါက
နဂါးလူမျိုးနွယ်ရဲ့ ဘိုးဘွားမြေပဲ။ မင်းဝင်လာဝံ့ရင်
သေလိမ့်မယ်"

"မင်းက အရမ်း အစွမ်းထက်တယ် မဟုတ်လား။
သတ္တိရှိရင် ဝင်လာခဲ့လေကွာ"

နဂါးလူမျိုးနွယ်၏ ပါရမီရှင်က
လက်ခလယ်ထောင်သူထောင်ကာ
ကျွင်းရှောင်ယောက်ကို ရန်စလိုက်ကြသည်။

ယင်းကိုမြင်တော့ ကျွင်းရှောင်ယောက်က ခေါင်းကို ညင်သာစွာ ခါယမ်းပြီး တစ်ခွန်းသာ ပြော၏။

"အရှုံး"

ထို့နောက်တွင် ကျွင်းရှောင်ယောက်က နဂါးလူမျိုးနွယ်၏ ပါရမီရှင်များကို ကြည့်လိုက်သည်။ မျိုးဆက်သုံးခု ရှေးဦးဝိညာဉ်က တုန်ခါကာ စိတ်စွမ်းအားများ လှိုင်းထလာခဲ့၏။။။

"ဖောင်း"

ရိုင်းရိုင်းစိုင်းစိုင်း လှောင်ပြောင်ပြောဆိုသော နဂါးလူမျိုးနွယ်သား ပါရမီရှင်များ၏ ရှေးဦးဝိညာဉ်များ ဖျက်ဆီးခံလိုက်ရသည်။ သူတို့၏ ဦးခေါင်းများက သွေးရောင် မီးရှူးမီးပန်းများကဲ့သို့ ပေါက်ကွဲသွားတော့သည်။

"အတင့်ရဲလိုက်တာ"

နဂါးလူမျိုးများ၏ ဘိုးဘွားမြေတွင် အေးစက်စက်
အော်သံတစ်ခု ထွက်ပေါ်လာသည်။
သူတော်စင်တစ်ဦး၏ အရှိန်အဝါများလည်း
ပေါက်ကွဲကာ ထွက်ပေါ်လာခဲ့၏။

နဂါးမျိုးနွယ်၏ သူတော်စင် ထွက်ပေါ်လာခဲ့ပြီ။

ထိုအချိန်တွင် အခြား ရှန်းကုမျိုးနွယ်များ
နဂါးမျိုးနွယ်၏ ဘိုးဘွားမြေတစ်ဝိုက်သို့
ရောက်ရှိလာကြသည်။

မျက်စိသုံးလုံး သူတော်စင်မျိုးနွယ်နှင့်
ရှေးဟောင်းမှော်မျိုးနွယ်တို့အားလုံး
ရောက်ရှိလာခဲ့ကြ၏။

လီချိုးယွဲ့ ဦးဆောင်သော ဗျူတီမျိုးနွယ်လည်း ရောက်ရှိလာခဲ့သည်။

သို့သော်လည်း အဝေးမှ အဖြူရောင် အဝတ်အစားများနှင့် လူရိပ်ကိုမြင်သောအခါ သူမ၏စိတ်က တုန်ခါပြီး အသိစိတ်ပျောက်သကဲ့သို့ ဖြစ်သွားတော့သည်။

ဤလူကား သူ နေ့ရောညပါ တောင့်တခဲ့ရသောသူ မဟုတ်လော။

"ဒါ... သခင်လေး နတ်ဘုရားသားတော်"

လီချိုးယွဲ့က သူမ၏ ပန်းနုရောင်နှုတ်ခမ်းများကို လက်ဖြင့်အုပ်လိုက်သည်။ သူမ အံ့အားသင့်ပြီး နက်နက်ရှိုင်းရှိုင်း ဝမ်းသာ ပျော်ရွှင်သွားတော့သည်။

---------

အခန်း ( ၄၈၇ ) ကောင်းကင်ခွင်းမဲ့ နတ်ဆင်၊ နဂါးမျိုးနွယ်မှ သူတော်စင်အကြီးအကဲကို ချက်ချင်းသတ်လိုက်ခြင်း၊ နဂါးမျိုးနွယ်၏ အစိပ်ပမိထွက်ပေါ်လာပြီ။

ကြေးအင်မော်တယ်နန်းတော်နှင့် ကျွင်းရှောင်ယောက်ပျောက်ကွယ်သွားကတည်းက လီချိုးယွဲ့သည် သူမတစ်သက်တာလုံး ကျွင်းရှောင်ယောက်ကို ဘယ်တော့မှ ပြန်မတွေ့ရတော့ဟု တွေးခဲ့သည်။

ကျွင်းရှောင်ယောက်သည် ကြေးအင်မော်တယ်နန်းတော်မှ လွတ်မြောက်ခဲ့လျှင်ပင် ရှန်းကုကမ္ဘာသို့ပြန်သွားရန် မဖြစ်နိုင်ပေ။

ယခုမူ၊ လေထဲတွင် တဖျတ်ဖျတ်လူးလွန့်နေသော အဖြူရောင် အဝတ်အစားများနှင့် လူပုဂ္ဂိုလ်က ကျွင်းရှောင်ယောက်ပင် မဟုတ်ပါလော။

လီချိုးယွဲ့ အနည်းငယ် စိတ်လှုပ်ရှားသွားပြီး သူမ၏ နှုတ်ခမ်းများကို လက်ဖြင့် အုပ်ထားလိုက်မိသည်။

"ဒါက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပဲ"

"သူက ကြေးအင်မော်တယ်နန်းတော်ကနေ ပြန်ထွက်လာရုံမကဘဲ ရှန်းကုကမ္ဘာကိုတောင် ပြန်ရောက်လာနိုင်တယ်"

"ဘာတွေဖြစ်နေတာလဲဟ"

ရှန်းကုကမ္ဘာတွင် ကျွင်းရှောင်ယောက်ကို
လူတိုင်းသိကြသည်။

ရှန်းကုကမ္ဘာ၏ ရှန်းကုသတ္တဝါများစွာလည်း
ကျွင်းရှောင်ယောက်၏ ပြန်လည်ပေါ်ထွန်းခြင်းကို
မြင်ရသောအခါ သူတို့အားလုံး
တုန်လှုပ်သွားတော့သည်။

ရှန်းကုမျိုးနွယ်များစွာ၏ အမူအရာများကို
မြင်ရသောအခါ ကျွင်းရှောင်ယောက်၏မျက်နှာက
တည်ငြိမ်သွားသည်။ ဤသည်က သူမြင်လိုသည့်အရာ
ဖြစ်ချေသည်။

မျောက်ကိုခြောက်ရန် ကြက်ကိုသတ်ခြင်း...

သို့ဆိုလျှင် မျောက်များက မည်သူနည်း။

သဘာဝအတိုင်း ဤရှန်းကုမျိုးနွယ်များ ဖြစ်သည်။

"ကျွင်းရှောင်ယောက်၊ မင်းက
တကယ်သတ္တိကောင်းတယ်။ ငါ့ နဂါးမျိုးနွယ်ရဲ့
ဘိုးဘွားမြေမှာ ဆောင့်ကြွားကြွား ပြုမူဝံ့တယ်"

အစွမ်းထက် အရှိန်အဝါများနှင့် ပုံရိပ်များစွာ
ပေါ်လာသည်။ ၎င်းတို့က နဂါးမျိုးနွယ်၏
အကြီးအကဲများ ဖြစ်ချေသည်။

၎င်းတို့ကြားတွင် သူတော်စင်တစ်ပိုင်းနှင့်
သူတော်စင်များရှိပြီး အားလုံး၏ အရှိန်အဝါများက
အလွန်အစွမ်းထက်သည်။

နဂါးလူမျိုးနွယ်ဝင် ပါရမီရှင်များ၏ အလောင်းများကို
မြင်လိုက်ရသောအခါ နဂါးမျိုးနွယ်

အကြီးအကဲများ၏ မျက်နှာများက ပို၍ပင် အေးစက်လာတော့သည်။

အသက်ရှင်ကျန်ရစ်သော နဂါးမျိုးနွယ်ဝင် ပါရမီရှင်တချို့လည်း အကြီးအကဲများ ရောက်လာသည်ကို မြင်ရပြီးမှ သက်ပြင်းချနိုင်သည်။

နဂါးမျိုးနွယ်၏ အကြီးအကဲများ ရောက်လာပြီဖြစ်၍ ကျွင်းရှောင်ယောက် အတင့်ရဲစွာ ပြုမူဝံ့တော့မည် မဟုတ်ပေ။

"နောက်ဆုံးတော့ အရည်အချင်းရှိတဲ့သူတွေ ထွက်လာပြီပေါ့"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက တောက်ပလာသည်။

"ကျွင်းရှောင်ယောက်၊ ကြေးအင်မော်တယ်နန်းတော်ကနေ မင်း ဘယ်လိုထွက်လာပြီး ရှန်းကုကမ္ဘာကို ပြန်ဝင်လာမှန်းမသိပေမဲ့ ငါတို့နဂါးမျိုးနွယ်မှာ ဂုဏ်ယူဝံ့ကြွားချင်ရင်တော့ နံ့အလွန်းတယ်"

နဂါးမျိုးနွယ်၏ သူတော်စင် အကြီးအကဲတစ်ဦးက ပြောလိုက်သည်။

"ဒီနတ်ဘုရားသားတော်က အပိုတွေပြောဖို့ ပျင်းတယ်ကွာ။ ငါ မင်းကို ရွေးချယ်စရာ နှစ်ခု ပေးမယ်"

"ပထမ၊ ဒီနတ်ဘုရားသားတော်ကို လက်အောက်ခံပြီး ငါ့ရဲ့ကျွန် ထာဝရဖြစ်ပါစေ"

"ဒုတိယ၊ မျိုးနွယ်တစ်ခုလုံး သုတ်သင်ခံရမယ်။

ဘယ်သူမှ မကျန်စေရဘူး"

ကျွင်းရှောင်ယောက်က သူ့အကျႌလက်ကို ဆတ်ခနဲ ခါယမ်းရင်း အေးစက်ပြီး ခံစားချက်မဲ့သောလေသံဖြင့် ပြောလိုက်သည်။

ဤစကားများကို ပြောဆိုပြီးနောက် စောင့်ကြည့်နေသော ရှန်းကုသတ္တဝါအားလုံး ထိတ်လန့်တုန်လှုပ်သွားတော့သည်။

"ငါနားကြားမလွဲဘူး မဟုတ်လား၊ ကျွင်းရှောင်ယောက်က နဂါးမျိုးနွယ်ကို သူ့ကျွန်ဖြစ်စေချင်တာလား"

"ကျွင်းရှောင်ယောက် ကြေးအင်မော်တယ်နန်းတော်ထဲမှာ ရှုံးသွားတာကြောင့် ပေါက်ကရလေးဆယ် လျှောက်ပြောနေတာပဲလား"

နဂါးမျိုးနွယ်အပြင် အခြား
ရှန်းကုမျိုးနွယ်ဝင်များလည်း အံ့အားသင့်ကာ
ပြောဆိုလိုက်ကြသည်။

ကြေးအင်မော်တယ်နန်းတော်တွင်
ကျွင်းရှောင်ယောက်၏
ဦးနှောက်ပျက်ဆီးသွားသည်ဟုပင် သူတို့
သံသယရှိသွားသည်။

ထိုသို့မဟုတ်လျှင် ဤမျှရယ်စရာကောင်းသော
အခြေအနေကို အဆိုပြုနေပါမည်နည်း။

"သခင်လေး နတ်ဘုရားသားတော်..."

လီချိုးယွဲ့နှင့် ဗျူတီမျိုးနွယ်၏ ပါရမီရှင်များလည်း
မယုံကြည်နိုင် ဖြစ်သွားခဲ့ကြသည်။

သူတို့က ကျွင်းရှောင်ယောက်အပေါ်တွင်
မကောင်းသော ခံစားချက် မရှိသော်လည်း
ကျွင်းရှောင်ယောက်ဟာ အနည်းငယ်
နုံအလွန်းသည်ဟု ခံစားခဲ့ရသည်။

ဤတုံ့ပြန်မှုကိုမြင်သော်လည်း ကျွင်းရှောင်ယောက်က
မပြောင်းလဲပါ။

သူက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး
ပြောလိုက်သည်။

"ဒီနတ်ဘုရားသားတော်ပေးတဲ့ ရွေးချယ်မှုက
နဂါးမျိုးနွယ်အတွက်ပဲ မဟုတ်ဘူး၊
ရှန်းကုမျိုးနွယ်အားလုံးအတွက်ပဲ"

“မင်းတို့အားလုံးမှာ ရွေးချယ်စရာနှစ်ခုပဲရှိတယ်၊

အညှံ့ခံပါ၊ ဒါမှမဟုတ် ... သေရမယ်"

ထိုစကားများ ထွက်လာသည်နှင့် ကြည့်ရှုနေသော ရှန်းကုသတ္တဝါအားလုံး မျက်နှာများ မည်းမှောင်သွားကြသည်။

"ဟားဟားဟား၊ စိတ်ဝင်စားစရာကောင်းတယ်... တကယ်ကို စိတ်ဝင်စားစရာပဲ။ တကယ်ပဲ ကြေးအင်မော်တယ်နန်းတော်မှာ မင်းရဲ့ဦးနှောက် ပျက်ဆီးသွားခဲ့ပုံရတယ်"

"မင်းက နဂါးမျိုးနွယ်ကို အနိုင်ယူချင်တာကတော့ ဟုတ်ပါပြီ။ မင်းအနေနဲ့ ဘိုးဘွားမြေထဲကို ဝင်ပြီးတော့ကော ငါနဲ့ တိုက်ခိုက်ဝံ့ရဲ့လား"

နဂါးမျိုးနွယ်၏ သူတော်စင်က ဒေါသတကြီးဖြင့် ရယ်မောကာ ပြောလိုက်သည်။

"ဘာလို့မဝံ့ရမှာလဲ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး ဘိုးဘွားမြေထဲသို့ လှမ်းဝင်တော့မည်။

"သခင်လေး နတ်ဘုရားသားတော်၊ မလုပ်နဲ့"

ဤမြင်ကွင်းကိုမြင်တော့ လီချိုးယွဲ့က ရှေ့တစ်လှမ်းတိုးပြီး ဟစ်အော်လိုက်သည်။

"ဟင်"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး လှည့်ကြည့်လိုက်ရာ အတော်ရင်းနှီးသော မျက်နှာလှလှလေးကို တွေ့လိုက်ရ၏။

'လီချိုးရွှေနဲ့ ပတ်သက်တဲ့သူ တစ်ယောက်လား'

ကျွင်းရှောင်ယောက်က သူ့ကိုယ်သူ တွေးလိုက်မိသည်။

သို့သော်လည်း ဤကိစ္စတွင်၊ လီချိုးယွဲ့က အရှေ့တိုးပြီး သတိပေးဝံ့၍ အလွန်ကောင်းသည်ဟု ဆိုနိုင်သည်။

ကျွင်းရှောင်ယောက်က လီချိုးယွဲ့ကို တစ်ချက်ပြုံးပြကာ ဘိုးဘွားမြေထဲသို့ ဆက်လက် ခြေချခဲ့ပေသည်။

လီချိုးယွဲ့ လွန်စွာ စိုးရိမ်သွားခဲ့သည်။

ယင်းက နဂါးမျိုးနွယ်၏ သူတော်စင် ဖြစ်ပေသည်၊ ကျွင်းရှောင်ယောက်က ၎င်းကို မည်သို့ဖြေရှင်းပါမည်နည်း။

'ငါဘာလုပ်ရမလဲ၊ ငါတို့ ဗျူတီမျိုးနွယ်ရဲ့ အကြီးအကဲတွေကလည်း ဘိုးဘွားမြေကို မစွန့်နိုင်ဘူး...'

လီချိုးယွဲ့၏ ရင်ထဲတွင် စိုးရိမ်စိတ်ဖြင့် ပူလောင်သွားသည်။

ကျွင်းရှောင်ယောက်က ဘိုးဘွားမြေထဲသို့ ခြေလှမ်းလာသည်အား မြင်ရသောအခါ အကြီးအကဲများ၏ မျက်နှာပေါ်တွင် ရက်စက်သောအကြည့်များ လှစ်ဟလာခဲ့သည်။

"ကောင်လေး၊ ငါတို့မျိုးနွယ်က မင်းသားရဲ့အသက်ကို ပြန်ပေးဆပ်စမ်း"

နဂါးမျိုးနွယ်၏ အကြီးအကဲက သူ့လက်ကိုဆန့်ထုတ်ပြီး သူတော်စင်တစ်ပါး၏

စွမ်းအားကို ထုတ်ဖော်လိုက်သည်။ စွမ်းအင်များက
နဂါးလက်သည်းကြီးအဖြစ်ပြောင်းကာ
ကျွင်းရှောင်ယောက်ကို ဖမ်းဆုပ်လိုက်သည်။

ဤလက်ဝါးကြီးကြောင့် ကျွင်းရှောင်ယောက်
ပတ်ပတ်လည်ရှိ ဟင်းလင်းပြင်သည် အက်ကွဲသွား၏။

လီချိုးယွဲ့လည်း နောက်မြင်ကွင်းကို မမြင်လိုဟန်ဖြင့်
သူမ၏ မျက်လုံးများကို အလိုလို
ဖုံးကွယ်လိုက်တော့သည်။

သို့သော်...

ကျွင်းရှောင်ယောက်၏ မျက်လုံးများတွင်
မထီမဲ့မြင်ပြုမှု အရိပ်အမြွက်များ ပေါ်လာသည်။

သူ့ခန္ဓာကိုယ်က တုန်ခါသွားကာ သူတော်စင်နယ်ပယ် အရှိန်အဝါများလည်း ထွက်လာခဲ့၏။

တစ်ချိန်တည်းမှာပင် သူ၏ခန္ဓာကိုယ်ထဲရှိ
နတ်ဆင်အမှုန်တစ်သိန်းခန့်က
ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားကို
ထုတ်လွှတ်လာတော့သည်။

ထက်မြက်သော စွမ်းအင်နှင့် သွေးများသည်
ကောင်းကင်သို့ ပျံတက်သွားပြီး
ကြောက်မက်ဖွယ်ကောင်းသော
ရှေးဦးဆင်ရုပ်တုအဖြစ် ပြောင်းလဲသွားသည်။

ဤသည်မှာ ပုံရိပ်ယောင်အရိပ်မဟုတ်ဘဲ
ရှေးဦးနတ်ဆင်စွမ်းအား၏ အစစ်အမှန်ထင်ရှားမှု

ဖြစ်သည်။

ဤသည်က အစစ်အမှန် နတ်ဆင်ပင်။

"ကောင်းကင်ခွင်းမဲ့ နတ်ဆင်"

ကျွင်းရှောင်ယောက်က အစစ်အမှန် နတ်ဆင်ခန္ဓာကို ထုတ်ဖော်လိုက်သည်။ ရှေးဟောင်းနတ်ဆင်က ကောင်းကင်ကိုမော့၍ ဟိန်းဟောက်လိုက်သည်နှင့် ကောင်းကင်မှ ကြယ်အားလုံးကို ပြိုကျစေနိုင်ပုံရသည်။

ရှေးဟောင်းနတ်ဆင်၏ လှုပ်ရှားမှုက ကောင်းကင်ကိုပင် ဖျက်ဆီးပစ်နိုင်ပုံရ၏။

နဂါးလက်သည်းကြီးက တိုက်ရိုက်

ပြိုကျသွားတော့သည်။

ရှေးဦးနတ်ဆင်ခန္ဓာကမှ မပြောင်းလဲဘဲ နဂါးမျိုးနွယ်၏ အကြီးအကဲဆီသို့ ဆက်လက် ပြေးဝင်သွားခဲ့သည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ"

နဂါးမျိုးနွယ်ဝင် အကြီးအကဲ၏ အမူအရာက ရုတ်တရက် ပြောင်းလဲသွားခဲ့သည်။ သူ့မျက်နှာက သူအလွန်ဖျော့သွားကာ မကြုံစဖူး တုန်လှုပ်ချောက်ချားသွားတော့သည်။

သူဟာ ရက်စက်ကြမ်းကြုတ်သော ရှေးဟောင်းသားရဲကြီးတစ်ကောင်နှင့် ရင်ဆိုင်နေရပုံရသည်။

နောက်အခိုက်တွင် ရှေးဦးနတ်ဆင်ခန္ဓာက
တစ်ဆယ်ဘီလီယံ ဂျင်ခွန်အားကျော်သော
နတ်ဆင်အမှုန်တစ်သိန်းအားဖြင့် ပေါက်ကွဲလိုက်သည်။

ကျွင်းရှောင်ယောက်၏ သူတော်စင်နယ်ပယ်
ကျင့်ကြံခြင်းအခြေခံကို ထပ်မံ
ပေါင်းထည့်လိုက်သော်၊ နဂါးမျိုးနွယ်ဝင်
အကြီးအကဲ၏ခန္ဓာက တိုက်ရိုက် ပေါက်ကွဲသွားပြီး
ရှေးဦးဝိညာဉ်သည်ပင် ပျက်သုဉ်းသွားတော့သည်။

နဂါးမျိုးနွယ်၏ သူတော်စင် အကြီးအကဲတစ်ဦး
ကျဆုံးသွားခဲ့ပြီ ဖြစ်သည်။

ဤမြင်ကွင်းကို မြင်လိုက်ရသော
ရှန်းကုသတ္တဝါအားလုံး ဝိညာဉ်များ စုပ်ယူခံရပြီး

ခန္ဓာကိုယ်အခွံကြီးသာ ကျန်ရှိသကဲ့သို့
ငြိမ်သက်သွားတော့သည်။

မျက်စိသုံးလုံး သူတော်စင်မျိုးနွယ်နှင့်
ရှေးဟောင်းမှော်မျိုးနွယ်လည်း အလွန်တရာ
ထိတ်လန့်တုန်လှုပ်သွားကြသည်။

သူတို့ ဘာမြင်ခဲ့ရပါသနည်း။

ကျွင်းရှောင်ယောက်က သူတော်စင်နယ်ပယ်
အကြီးကအကဲတစ်ဦးကို ချက်ခြင်း
သတ်ပစ်ခဲ့သလော။

သိထားရမည်မှာ၊ မကြာသေးမီက
ကျွင်းရှောင်ယောက်ဟာ
မျိုးဆက်သစ်လူငယ်များကြား၌ အသန်မာဆုံးသာ

ဖြစ်ခဲ့သည်။

ယခုမူ၊ မျိုးဆက်ဟောင်းမှ သူတော်စင်နယ်ပယ် အကြီးအကဲသည်ပင် တစ်ချက်တည်းဖြင့် အသတ်ခံလိုက်ရချေပြီ။

ဤသည်က သူတို့၏ စိတ်ကူးစိတ်သန်းများကို လုံးဝပြောင်းသွားစေခဲ့သည်။

"သခင်လေး နတ်ဘုရားသားတော်က အရမ်းအစွမ်းထက်တာပဲ"

လီချိုးယွဲ့လည်း မျက်လုံးများတုန်ယင်ကာ အနီရောင်နှုတ်ခမ်းများလည်း ဝိုင်းစက်သွားသည်။

နဂါးမျိုးနွယ်ဝင် အကြီးအကဲ၏လက်ချက်ဖြင့် ကျွင်းရှောင်ယောက် ကျဆုံးသွားမည်ကို သူမ

စိုးရိမ်နေခဲ့သော်လည်း...

အမှန်တကယ် သေဆုံးသွားခဲ့သူမှာ နဂါးမျိုးနွယ်ဝင် အကြီးအကဲပဲ ဖြစ်ခဲ့ပြီ။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ကျွင်းရှောင်ယောက်က ဘယ်လိုလုပ်ပြီး ဒီလောက်ထိ သန်မာနိုင်တာလဲ"

ကျန် နဂါးမျိုးနွယ်၏ အကြီးအကဲအားလုံးလည်း အံ့သြသွားကြသည်။

ကျွင်းရှောင်ယောက်က ကောင်းကင်ကိုဆန့်ကျင်ပြီး သူတော်စင်နယ်ပယ်သို့ အမှန်တကယ် ရောက်ရှိခဲ့လျှင်ပင်...

သူတော်စင်နယ်ပယ်ချင်း တူညီနေသောအခါတွင်

ချက်ချင်းသတ်ဖြတ်ရန်မှာ မဖြစ်နိုင်ဘူး မဟုတ်လော။

ယင်းက ဘာကို ကိုယ်စားပြုသနည်း။

ကျွင်းရှောင်ယောက်၏နယ်ပယ်က သူတော်စင် နယ်ပယ်တွင် ရှိနေသော်လည်း သူ၏ အစစ်အမှန်ခွန်အားက သူတော်စင် နယ်ပယ်ထက် များစွာ သာလွန်နေခဲ့ပြီ ဖြစ်သည်။

အကယ်၍ ကျွင်းရှောင်ယောက်က သူတော်စင်ကပ်ဘေးဒုက္ခကို မဖြတ်ကျော်သေးဘူးဆိုတာ သူတို့သိလျှင် ပို၍ပင် အံ့သြသွားကြပေလိမ့်မည်။

"မဆိုးပါဘူး"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့တန်တန်ပြောပြီး

သူ့အင်အားကို အကဲဖြတ်လိုက်လေသည်။

နဂါးမျိုးနွယ်မှ အကြီးအကဲက
သူတော်စင်နယ်ပယ်တွင် သာမန်အဆင့်များမှသာ
ဖြစ်သည်။

"မင်းတို့လည်း စမ်းကြည့်ချင်ကြလား"
ကျွင်းရှောင်ယောက်က ကျန်နဂါးမျိုးနွယ်မှ
အကြီးအကဲများကို ကြည့်လိုက်သည်။

သူတော်စင်တစ်ပိုင်းနှင့် သူတော်စင်များက
ပထမတန်းစား အင်အားစုများ၏ မဏ္ဍိုင်များနှင့်
ညီမျှသည်။

ကျွင်းရှောင်ယောက်က ဤအရင်းအမြစ်များကို

မဖြုန်းတီးချင်ပေ။

ဟုတ်သည်၊ သူတို့အတွက် ဘာကကောင်းမှန်း မသိလျှင်တော့ ကျွင်းရှောင်ယောက်ဟာ သူတို့ကိုသတ်ရန် စိတ်မဝင်စားပေ။

"မင်း... မင်းဘယ်လို..."

နဂါးမျိုးနွယ်၏ အကြီးအကဲများတွင် ယခင်က မောက်မာမှုမျိုးမရှိတော့ဘဲ သဘောထားများလည်း သိသိသာသာ ပြောင်းလဲသွားကြသည်။

သန်မာသူများသာလျှင် အခြားသူများကို ကြောက်ရွံ့စေရန် အရည်အချင်းပြည့်မီသည်။

"မင်းတို့အတွက် ရွေးချယ်ခွင့်ရှိသေးတယ်နော်။

အညှံ့ခံလိုက်၊ ဒါမှမဟုတ် သေရမယ်"

ကျွင်းရှောင်ယောက်က ရှင်းပြနေရန် ပျင်းလွန်းသည်။

"ဝုန်း"

ဤအခိုက်တွင် နဂါးမျိုးနွယ်၏ ဘိုးဘွားမြေ

နက်ရှိုင်းသောနေရာမှ ကြောက်စရာကောင်းသော

အရှိန်အဝါတစ်ခု ထွက်ပေါ်လာသည်။

ယင်းက အဓိပဓိပင်။

"မကောင်းတော့ဘူး၊ သခင်လေး

နတ်ဘုရားသားတော်က နဂါးမျိုးနွယ်ရဲ့ အဓိပဓိကို

ထိတ်လန့်စေခဲ့ပြီ"

လီချိုးယွဲ့၏ မျက်နှာက ရုတ်တရက်

ဖြူဖျော့သွားသည်။

ကျွင်းရှောင်ယောက်က ကောင်းကင်ကိုအန်တုပြီး
သူတော်စင်နယ်ပယ် ကျင့်ကြံခြင်းအခြေခံကို
ပိုင်ဆိုင်ထားခဲ့လျှင်ပင်...

ဤတစ်ကြိမ်တွင် ထွက်ပေါ်လာခဲ့သူက
အဓိပဓိဘိုးဘေး ဖြစ်သည်။

ကျွင်းရှောင်ယောက်က ကောင်းကင်ကို
ဆန့်ကျင်နေခဲ့လျှင်ပင်၊ အဓိပဓိတန်ခိုးရှင်ကို
ရင်ဆိုင်ရန်တော့ မဖြစ်နိုင်ဘူး မဟုတ်လား။

---------

အခန်း ( ၄၈၈ ) ငါ့ကို ဆန့်ကျင်သူမှန်သမျှ
သေရမယ်၊ ငါလက်ချော်သွားတာ၊

ကောင်းကင်အဓိပဓိငယ်တစ်ဦး သေသွားပြီ။

နဂါးမျိုးနွယ်၏ ဘိုးဘွားမြေ အတွင်းပိုင်း
နက်ရှိုင်းသောအရပ်မှ ကြောက်စရာအရှိန်အဝါတစ်ခု
ထွက်ပေါ်လာကာ စကြဝဠာကြီးကို
တုန်လှုပ်စေခဲ့သည်။

"မကောင်းဆိုးရွားလေး၊ ငါ့နဂါးမျိုးနွယ်က မင်း
ရိုင်းစိုင်းလို့ရတဲ့ နေရာမဟုတ်ဘူး"
သတ်ဖြတ်လိုစိတ် ပြည့်နှက်နေသောအသံနှင့်
ဘိုးဘွားမြေ အတွင်းပိုင်းမှ ပုံရိပ်တစ်ခု တဖြည်းဖြည်း
ထွက်ပေါ်လာသည်။

"ကျွင်းရှောင်ယောက်က နဂါးမျိုးနွယ်ရဲ့
အဓိပဓိဘိုးဘေးကိုတောင် တုန်လှုပ်စေခဲ့တာပဲ"

"ငါသာ ကျွင်းရှောင်ယောက်ဆိုရင်တော့ အခုပဲ ဘိုးဘွားမြေကနေ ဆုတ်ခွာသွားတော့မှာ"

ရှန်းကု သတ္တဝါများစွာ တုန်လှုပ်သွားကြသည်။

အဓိပမိအဆင့် ဘိုးဘေးများက တော်ရုံဖြင့် ပေါ်လာလေ့မရှိပေ။

သို့ရာတွင် လူတိုင်းကို အံ့အားသင့်စေခြင်းမှာ ကျွင်းရှောင်ယောက်က ဘိုးဘွားမြေမှ မထွက်ခွာသေးဘဲ လက်နှစ်ဖက်ကို နောက်ပစ်၍ အေးအေးဆေးဆေး ရပ်နေခြင်း ဖြစ်သည်။

"အရူးပဲ၊ ဒီ ကျွင်းရှောင်ယောက်က ရူးနေပြီဆိုတာ သေချာတယ်။ သူတော်စင်ဆိုတာက အဓိပမိရှေ့မှာ ပုရွက်ဆိတ်တစ်ကောင်နဲ့ မခြားဘူးလေ"

"သူက မာနကြီးလွန်းတယ်။ သူ့ကိုယ်သူ အမိပမိနဲ့ ရင်ဆိုင်နိုင်မယ်လို့ တကယ်ကြီး ထင်နေတာလား"

ကျွင်းရှောင်ယောက်၏ အေးဆေးတည်ငြိမ်မှုကိုမြင်တော့ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"သခင်လေး နတ်ဘုရားသားတော်..."

လီချိုးယွဲ့လည်း အလွန်အမင်း တုန်လှုပ်သွား၏။

နောက်ဆုံးတွင်၊ ကျွင်းရှောင်ယောက် ရင်ဆိုင်နေရသည်က အမိပမိဘိုးဘေးကြီး ဖြစ်သည်။

နဂါးမျိုးနွယ်၏ ဘိုးဘေးမှာ နဖူးတွင် ရွှေရောင်နဂါးဦးချိုရှိသော ရွှေရောင်ဝတ်စုံဝတ် အဖိုးအိုတစ်ဦးဖြစ်သည်။ သူ့အမူအရာကတော့ အလွန်

အေးစက်နေကာ ကျွင်းရှောင်ယောက်ကိုကြည့်သည့် အကြည့်များကလည်း သတ်ဖြတ်လိုစိတ်တို့ ပြည့်နှက်နေတော့သည်။

"အဲဒီ အဓိပဓိက မင်းသားအိုကွမ်ရဲ့ အဆက်အနွယ်က ဘိုးဘေးအိုထျန်းမင် ဖြစ်ပုံရတယ်။ ဒီတစ်ခါတော့ ကျွင်းရှောင်ယောက် ပြီးပြီပဲ"

ရွှေရောင်ဝတ် အဘိုးအိုကို မြင်ရပြီးနောက် လူအများမှာ မနေနိုင်ဘဲ အော်ဟစ်လိုက်ကြသည်။

၎င်းက အိုကွမ်၏မျိုးရိုးမှ ဘိုးဘေး ဖြစ်ချေသည်။ အိုကွမ်က ကျွင်းရှောင်ယောက်၏လက်တွင် ကျဆုံးခဲ့ရခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏

လက်ရှိအခြေအနေကို တွေးကြည့်၍ရသည်။

"ကောင်းလိုက်တာ၊ ဘိုးဘေးအိုထျန်းမင် ရောက်လာပြီဆိုမှတော့ ဒီလူသတ်သမားကို အပြစ်ပေးလို့ရပြီ"

ယင်းကိုမြင်တော့ နဂါးမျိုးနွယ်၏ ပါရမီရှင်များနှင့် အကြီးအကဲများ၏မျက်လုံးတွင် မျှော်လင့်ချက်များ လှစ်ဟလာခဲ့သည်။

ကျွင်းရှောင်ယောက်က မည်မျှပင် သန်မာနေစေကာမူ၊ အဓိပတိကို ကိုင်တွယ်ရန်တော့ လုံး၀ မဖြစ်နိုင်ပေ။

"မကောင်းဆိုးရွားလေး၊ ဒီဘိုးဘေးက အိုကွမ်ရဲ့အကြွေးကိုတောင် ပြန်တောင်းဖို့ လုပ်ဆောင်ခဲ့တာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းက

အိမ်တံခါးကို ကိုယ်တိုင်အစပြုပြီး
ရောက်လာခဲ့တယ်ပေါ့"

အိုထျန်းမင်၏လေသံက အေးစက်ပြီး
သူ့မျက်လုံးအကြည့်များလည်း အေးစက်သွားခဲ့သည်။

"အဘိုးကြီး၊ မင်းပါးစပ်ကို စည်းစောင့်ပါ။
မင်းတို့မှာသာ အသုံးဝင်မှု မရှိဘူးဆိုရင်
ဒီနတ်ဘုရားသားတော်က သတ်ခဲ့တာ ကြာပြီ"

ကျွင်းရှောင်ယောက်၏ လေသံမှာလည်း
အလွန်အေးစက်နေကာ ဂရုမစိုက်ပေ။

"မင်း သေချင်နေတာပဲ"

ယင်းကိုမြင်တော့ အိုထျန်းမင်က
ကျွင်းရှောင်ယောက်ကို လက်ညိုးထိုးကာ
ငေါက်လိုက်သည်။

ကောင်းကင်အဓိပဓိငယ် ကျင့်ကြံခြင်းအရ
ကျွင်းရှောင်ယောက်ကိုချေမှုန်းရန်
လက်တစ်ချောင်းကိုသာ လိုသည်။

ပတ်ဝန်းကျင်မှ ရှန်းကုသတ္တဝါအားလုံး သူတို့ရှေ့မှ
မြင်ကွင်းကို စိုက်ကြည့်နေခဲ့သည်။

လီချိုးယွဲ့၏ နှလုံးသားလည်း သူမ၏
လည်ချောင်းဆီသို့ ခုန်တက်သွားတော့မည်။

"ငတုံး"
ကျွင်းရှောင်ယောက်က သူ့လက်ချောင်းများကိုပင်
မလှုပ်ဘဲ လက်နှစ်ဖက်ကို နောက်ပစ်ကာ
ရပ်နေဆဲပင်။

အိုထျန်းမင်၏ ပတ်ဝန်းကျင် ဟင်းလင်းပြင်မှ

နတ်အမိန့်များ ထွက်ပေါ်လာသည်။ ယင်းက အိုထျန်းမင်၏ လက်ညှိုးကို တိုက်ရိုက်ဖြတ်တောက်လိုက်တော့သည်။

"ရှပ်"

အစိပစိသွေးများ စီးကျလာကာ အိုထျန်းမင် လုံး၀ အံ့အားသင့်သွားသည်။

"ဒါ... ဒါက... ရှန်းကုကမ္ဘာရဲ့ နိယာမ စွမ်းအားပဲ။ ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ရှန်းကုကမ္ဘာရဲ့ စည်းမျဉ်းတွေက မင်းကို ဒီဘိုးဘေး သတ်မရအောင် ဘာကြောင့် တားဆီးရတာလဲ"

အိုထျန်းမင်လည်း ပြတ်ကျသွားသော လက်ချောင်းကိုဆုပ်ကိုင်ကာ အော်ဟစ်လိုက်သည်။

သူက ကောင်းကင်အစိပစိငယ်ဖြစ်သော်လည်း

ရှန်ကုကမ္ဘာ၏ အကျဉ်းသားအဖြစ် ရှိနေပါသေးသည်။

အိုထျန်းမင် သာမကဘဲ အခြား
ရှန်းကုသတ္တဝါများလည်း ဤနိယာမစွမ်းအားကို
ခံစားရ၍ ကြက်သီးတဖြန်းဖြန်းထကာ
ခေါင်းမွေးထောင်ထသွားကြသည်။

ဤသည်မှာ ၎င်းတို့၏ဘိုးဘေးများကို
မျိုးဆက်ပေါင်းများစွာ ချုပ်နှောင်ထားသည့်
ရှန်းကုကမ္ဘာ၏ နိယာမစွမ်းအားများ ဖြစ်သည်။

"ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာရဲ့
အကာကွယ်ကို ရခဲ့တာပဲလား"
ရှန်းကုသတ္တဝါတစ်ကောင်က အော်ပြောလိုက်သည်။

မဟုတ်ပါက၊ ရှန်းကုကမ္ဘာ၏ စည်းမျဉ်းများက

အဘယ်ကြောင့် ကျွင်းရှောင်ယောက်ကို ကာကွယ်နိုင်မည်နည်း။

လူအုပ်ကြီး၏ ထိတ်လန့်တုန်လှုပ်နေသော မျက်နှာများကို မြင်ရသောအခါ ကျွင်းရှောင်ယောက်က အောင်မြင်ခန့်ညားသောအသံဖြင့် ပြောလိုက်သည်။

"ဒီနတ်ဘုရားသားတော်ရဲ့ အလိုက ရှန်းကုကမ္ဘာရဲ့ အလိုတော်ပဲ။ ငါ့ကို ဆန့်ကျင်သူမှန်သမျှ သေရမယ်"

ကျွင်းရှောင်ယောက်က ပြောပြီးသည်နှင့် သူ၏လက်ကို ဖြည်းညှင်းစွာမြှောက်ကာ အိုထျန်းမင်ကိုရည်ရွယ်ပြီး လေထဲသို့ ဖမ်းဆုပ်လိုက်သည်။

တခဏအတွင်းမှာပင်၊ မရေမတွက်နိုင်သော

နတ်သံကြိုးများက ရှန်းကုကမ္ဘာ၏ ကောင်းကင်ယံ၌ ထွက်ပေါ်လာသည်။

မရေတွက်နိုင်သော နတ်သံကြိုးများစွာက တစ်ခုနှင့်တစ်ခု ယှက်သန်းကာ အိုထျန်းမင်ထံသို့ ဆင်းသက်ကြ၏။

"မဟုတ်ဘူး...မဖြစ်နိုင်ဘူး၊ မင်းက ဘာဖြစ်လို့ ရှန်းကုကမ္ဘာရဲ့အလိုတော်ကို ကိုယ်စားပြုတာလဲ"

အိုထျန်းမင်က ကောင်းကင်ပေါ်မော့ကာ ဟိန်းဟောက်လိုက်သည်။ ကောင်းကင်အဓိပမိငယ် အရှိန်အဝါများကလည်း ပေါက်ကွဲကာ ထွက်လာသည်။

သူက တောက်ပသော ဓမ္မနဂါးခန္ဓာကိုပင် ပြသခဲ့ကာ မိုးနှင့်မြေကို တုန်ခါစေခဲ့၏။

ကောင်းကင်အဓိပဓိငယ်က အစွမ်းရှိသမျှ
ပေါက်ကွဲလိုက်လျှင် ထိုစွမ်းအားက မည်မျှ
ကြောက်စရာကောင်းနေပါမည်နည်း။

သို့သော်လည်း...

၎င်းတို့က မည်မျှပင် အစွမ်းထက်နေစေကာမူ၊
ရှန်းကုကမ္ဘာ၏ စည်းမျဉ်းများနှင့်
ကန့်သတ်ခံထားရဆဲပင်။

"ဖောက် ဖောက် ဖောက်"

နတ်သံကြိုးများက ဓမ္မနဂါးပုံရိပ်မှတစ်ဆင့်
အိုထျန်းမင်၏ ခန္ဓာကို တိုက်ရိုက်
ဖောက်ထွင်းဝင်ရောက်သွားခဲ့သည်။

အဓိပဓိ၏ သွေးများကလည်း မြေပြင်သို့ ကျဆင်းကာ တွင်းကြီးများအဖြစ် ဖောက်ဝင်သွားခဲ့ကြလေသည်။

အနီးတဝိုက်ရှိ ရှန်းကုမျိုးနွယ်အားလုံးလည်း ကမ္ဘာကြီးအဆုံးသတ် ရောက်လာခြင်းကို သက်သေခံနေသကဲ့သို့ ထိတ်လန့်တကြားဖြင့် နောက်ဆုတ်သွားကြသည်။

ယင်းက လမ်းဘေးမှ ကြောင်များ၊ ခွေးများမဟုတ်ဘဲ ကောင်းကင်အဓိပဓိငယ် ဖြစ်ချေသည်။

သို့သော်လည်း ဤအခိုက်တွင် သူက အကျဉ်းသားတစ်ဦးကဲ့သို့ နတ်သံကြိုးများစွာဖြင့် ထိုးဖောက်ခြင်းအား ခံခဲ့ရသည်။

"မဟုတ်ဘူး၊ ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ"

အိုထျန်းမင်၏ မျက်လုံးများက မယုံကြည်နိုင်မှုများ ပြည့်နှက်သွားခဲ့သည်။

သူသည် ဂုဏ်သိက္ခာရှိသော ကောင်းကင်အမိပမိငယ် တန်ခိုးရှင်ဖြစ်သော်လည်း သူတော်စင်တစ်ယောက်ကြောင့် သရုပ်ပျက်နေခဲ့ရပြီ။

"ဟမ့်၊ မင်းက နိမ့်ကျတဲ့ အကျဉ်းသားတစ်ယောက်ပဲလေ။ မင်းကိုယ်မင်း ဂုဏ်သိက္ခာကြီးမားတဲ့ ကောင်းကင်အမိပမိငယ်လို့ တကယ်ကြီးထင်နေတာလား"

ကျွင်းရှောင်ယောက်က လှောင်ရယ်လိုက်သည်။

သူ၏ မျက်လုံးများက လျစ်လျူရှုကာ အပြောင်းအလဲမရှိပေ။

အခြားသူများကို စံနမူနာပြရန်
အကောင်းဆုံးနည်းလမ်းက အဓိပမိ
ဘိုးဘေးတစ်ဦးကို သတ်ဖြတ်ခြင်း ဖြစ်သည်။

ဤနည်းဖြင့်သာလျှင် အဟန့်အတားကို
ဖြစ်ပေါ်စေလိမ့်မည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ ကျေးဇူးပြုပြီး
ရပ်လိုက်ပါ..."

ဤအချိန်တွင် နဂါးမျိုးနွယ်၏ ဘိုးဘွားမြေအတွင်း၌
အိုမင်းသော အသံတစ်ခု ထပ်မံထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပဲ နောက်ထပ် ခြောက်ခြားဖွယ်ရာ
အရှိန်အဝါတစ်ခု ထွက်ပေါ်လာခဲ့၏။

"နောက်ထပ် ဘိုးဘေးတစ်ဦး"

ရှန်းကုသတ္တဝါအားလုံး တုန်လှုပ်သွားတော့သည်။

သာမန်နေ့များတွင် တွေ့ရခဲသော
အဓိပတိဘိုးဘေးများ ယခုအခါ တစ်ဦးပြီးတစ်ဦး
ပေါ်လာခဲ့ကြပြီ ဖြစ်သည်။

ဤအရာအားလုံးက ကျွင်းရှောင်ယောက်ကြောင့်ပင်
ဖြစ်ပေသည်။

ခေါင်းပေါ်တွင် နဂါးဦးချိုများရှိသော အစိမ်းရောင်ဝတ်
အဖိုးအိုတစ်ဦး ပေါ်လာသည်။ ၎င်း၏ အရှိန်အဝါက
အိုထျန်းမင်ထက်ပင် ပို၍ နက်ရှိုင်းလှပေသည်။

သူက မဟာကောင်းကင်အဓိပမိ တန်ခိုးရှင် ဖြစ်သည်။

'တကယ် အာဏာရှိသူက နောက်ဆုံးတော့ ရောက်လာပြီ'

ကျွင်းရှောင်ယောက်၏ မျက်လုံးများက နက်နဲသွားသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ အခုရပ်လိုက်ပါ"

အစိမ်းရောင်ဝတ်အဘိုးအိုက ပြောလိုက်သည်။

သူ၏ အိုမင်းသော မျက်လုံးများမှာတော့ အံ့အားသင့်မှုတစ်ခု ရှိနေသည်။

ရှန်းကုကမ္ဘာ၏အလိုတော်ကို ထိန်းချုပ်နိုင်သည့်

မည်သူ့ကိုမျှ မကြားခဲ့ဖူးပါ။

သို့ရာတွင် သူ့ရှေ့မှ မြင်ကွင်းများက အစစ်အမှန် ဖြစ်သည်။

အစိမ်းရောင်ဝတ်ဘိုးဘေး၏ စကားကိုကြားသော်လည်း သူ့အမူအရာမှာ ပြောင်းလဲခြင်းမရှိပေ။

ဆန့်တန်းထားသော သူ့လက်ဝါးများက ရုတ်တရက် ပိတ်သွားသည်။

ချက်ချင်းပင် ပတ်ဝန်းကျင်မှ နတ်သံကြိုး အားလုံးက အိုထျန်းမင်ကို ထပ်မံ၍ ထိုးဖောက်ဝင်ရောက်သွားတော့သည်။

"ဖောက် ဖောက်..."

အိုထျန်းမင်၏ ခန္ဓာကိုယ် တစ်ခုလုံးကို ဆန်ခါပေါက်ဖြစ်အောင် ဖောက်သွားပြီး ရှေးဦးဝိညာဉ်ကိုပင် ရှန်းကုနိယာမများက တိုက်ရိုက် ချေမွပစ်လိုက်သည်။

ကောင်းကင်အဓိပမိငယ်တစ်ဦး သေဆုံးသွားခဲ့ပြီ။

တိတ်ဆိတ်သည်။

ပတ်ဝန်းကျင်ရှိ ရှန်းကုသတ္တဝါအားလုံး အလွန်အံ့သြသွားကြသည်။

နဂါးမျိုးနွယ်၏ မဟာကောင်းကင်အဓိပမိဘိုးဘေး

ပေါ်လာပြီးနောက် ကျွင်းရှောင်ယောက်က
မျက်နှာသာပေးကာ သူ့ကိုယ်သူ အနည်းငယ်
ထိန်းထားမည်ဟု သူတို့အားလုံး တွေးထားခဲ့ကြသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်က အိုထျန်းမင်ကို
တိုက်ရိုက်သတ်လိုက်မည်ဟု မည်သူက
ထင်ထားခဲ့မည်နည်း။

ယင်းက လွန်လွန်းလှသည် မဟုတ်လော။

"ကျွင်းရှောင်ယောက်၊ မင်း... "

နဂါးမျိုးနွယ်၏ဘိုးဘေး ဒေါ်သအလွန်ထွက်ကာ
သူ့မျက်နှာ အရေပြားများ အနည်းငယ်
တုန်လှုပ်သွားသည်။

"တောင်းပန်ပါတယ်၊ ငါ လက်ချော်သွားတယ်"
ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

လက်ချော်သွားတာလား။

ဤအကြောင်းပြချက်ကြောင့် အားလုံး ဆွံ့အကာ
အံ့သြသွားကြသည်။

သာမန်ကာလျှံကာ လက်ချော်ရုံဖြင့်
ကောင်းကင်အဓိပဓိငယ် တန်ခိုးရှင်တစ်ဦး
သေဆုံးသွားခဲ့ပြီ။

ဤလက်ချော်ခြင်းမျိုးက အမှန်တကယ်
ရက်စက်လွန်းလှသည်။

---------

အခန်း ( ၄၈၉ ) ချိုမြိန်တဲ့ တုတ်ထိုးတချို့ ပေးလိုက်မယ်၊ လွတ်လပ်ခြင်း၏ကတိနှင့် နဂါးမျိုးနွယ် အညံ့ခံခြင်း။

သဘာဝအတိုင်း ကျွင်းရှောင်ယောက် လက်ချော်မသွားပေ။

အိုထျန်းမင်က သေကိုသေရမည် ဖြစ်သည်။

ပထမအနေဖြင့် မျောက်များကိုခြောက်ရန် ကြက်ကိုသတ်ရန်အတွက် တစ်စုံတစ်ယောက်ကို သေချာပေါက် လိုသည်။

ဒုတိယကတော့ အိုထျန်းမင်နှင့် အိုကွမ်၏
ဆက်ဆံရေးကြောင့် ဖြစ်ပေသည်။

သူက အိုကွမ်ကို သတ်ဖြတ်ခဲ့သည်။ ထိုအတွက်
အနှီအိုထျန်းမင်က မကောင်းသော
အကြံအစည်များကို အမြဲကြံဆနေမည်ဖြစ်ရာ သူ့ကို
တိုက်ရိုက်သတ်လိုက်သည်က ပိုကောင်းသည်။

နဂါးမျိုးနွယ်၏
အခြားသွေးအဆက်အနွယ်များကတော့ အိုကွမ်နှင့်
နီးစပ်မှု မရှိသောကြောင့် ကျွင်းရှောက်ယောက်သည်
၎င်းတို့အား သဘာဝအတိုင်း ယဉ်ပါးစေမည်မှာ
သေချာသည်။

'သခင်လေး နတ်ဘုရားသားတော်က
အဓိပမိဘိုးဘေးကို တကယ် သတ်လိုက်တယ်...'

လီချိုးယွဲ့၏ နှလုံးသားထဲတွင် ဖော်မပြနိုင်အောင် ထိတ်လန့်တုန်လှုပ်သွားမိသည်။

အဖြူရောင်ဝတ် ထိုလူရိပ်က နတ်ဘုရားနှင့်တူသော တည်ရှိမှုတစ်ခု ဖြစ်ပေသည်။

သူမလုပ်နိုင်သည်မှာ ဘာများရှိသေးပါသနည်း။

ဤအခိုက်အတန့်တွင်၊ လီချိုးယွဲ့၏ နှလုံးသားက ကျွင်းရှောက်ယောက်၏ပုံရိပ်များဖြင့် နက်နက်ရှိုင်းရှိုင်း စွဲထင်သွားခဲ့သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ မင်းအရမ်းလွန်သွားပြီ"

နဂါးမျိုးနွယ်၏ဘိုးဘေးက သူ့ဒေါသကို ထိန်းကာ

ပြောလိုက်သည်။

သူ၏အမြင်တွင် သူတော်စင်နယ်ပယ်က အတွေးတစ်ခုဖြင့် ချေမှုန်းနိုင်သည့် တည်ရှိမှုတစ်ခု ဖြစ်သည်။

သို့သော်လည်း ယခုမူ၊ ကျွင်းရှောက်ယောက်က သူတို့၏ ရှင်သန်ခြင်းနှင့် သေဆုံးခြင်းကို ထိန်းချုပ်နိုင်သော နတ်ဘုရား ဖြစ်လာပုံရသည်။

"မင်း အခြေအနေကို နားမလည်သေးဘူးထင်တယ်"

ကျွင်းရှောက်ယောက်က ခေါင်းကို အနည်းငယ်စောင်းပြီး ပြောလိုက်သည်။

"မင်းဘာကိုဆိုလိုတာလဲ"

နဂါးမျိုးနွယ်၏ဘိုးဘေးက
မျက်နှာမည်းမှောင်သွားကာ ပြောလိုက်၏။

"ဒီနတ်ဘုရားသားတော်ရှေ့မှာ မင်းက
အလွယ်တကူသတ်လိုက်လို့ရတဲ့
ပုရွက်ဆိတ်တစ်ကောင်ပဲ၊
မဟာကောင်းကင်အဓိပမိလောက်နဲ့ ငါ့ရှေ့မှာ
ဘယ်လိုတောင် ဝံ့ကြွားနေတာလဲ"

ကျွင်းရှောက်ယောက်က အေးစက်စက်ဖြင့်
ပြောလိုက်၏။

"မင်း..."

နဂါးမျိုးနွယ်၏ဘိုးဘေး ဒေါသအလွန်ထွက်ကာ
သူ့မျက်နှာတစ်ခုလုံး ခရမ်းရောင်သန်းပြီး
အဆုတ်များပင် ပေါက်ကွဲလုနီးပါး
ဖြစ်လာတော့သည်။

ယင်းကိုမြင်တော့ ကျွင်းရှောက်ယောက်က သူ့လက်ကို ဖြည်းညှင်းစွာ ထပ်မံမြှောက်လိုက်သည်။

နဂါးမျိုးနွယ်ဝင်ဘိုးဘေး၏ ပတ်ဝန်းကျင် ဟင်းလင်းပြင်တွင် မရေမတွက်နိုင်သော နတ်သံကြိုးများ ထွက်ပေါ်လာခဲ့၏။

ယင်းကိုမြင်တော့ နဂါးမျိုးနွယ်ရဲ့ ဘိုးဘေးလည်း ကြက်သီးတဖြန်းဖြန်းထပြီး ခေါင်းမွေးထောင်ထသွားတော့သည်။

သူ၏စိတ်ထဲမှ မကျေမနပ်မှုများကိုဖိနှိပ်ကာ အနည်းငယ် လက်ယှက်ပြီး ပြောလိုက်သည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်၊ ဒီအဘိုးကြီး မှားသွားပါတယ်။ အခု  မင်းဘာဖြစ်လို့

ဒီကိုရောက်နေတာလဲဆိုတာ ပြောပါဦး"

ဤစကားကိုကြားတော့ ပတ်ဝန်းကျင်မှ ရှန်းကုသတ္တဝါအားလုံး အံ့သြသွားကြသည်။

မဟာကောင်းကင်အဓိပဓိ တန်ခိုးရှင်တစ်ဦးက ကျွင်းရှောက်ယောက်အား နှိမ့်ချသောပုံစံဖြင့် စကားပြောဆိုနေလေသည်။

ပို၍အရေးကြီးသည်မှာ ကျွင်းရှောက်ယောက်က သူတို့မျိုးနွယ်မှ ကောင်းကင်အဓိပဓိငယ်အား သတ်လိုက်ခြင်း ဖြစ်သည်။

"ဒီလိုဖြစ်သင့်တာ၊ ငါလာရတဲ့ ရည်ရွယ်ချက်ကတော့ ရှင်းပြပြီးပါပြီ။ အညံ့ခံပါ၊ မဟုတ်ရင် သေရမယ်။ ဒီအတွက် တတိယနည်းလမ်း မရှိဘူး"

ကျွင်းရှောက်ယောက်က လျစ်လျူရှုစွာ
ပြောလိုက်သည်။

"ဒါက... ငါ့မျိုးနွယ်စုကို ရက်နည်းနည်းလောက်
ဆွေးနွေးခွင့်ပေးလို့ရမလား၊ နောက်ဆုံးတော့၊
နဂါးမျိုးနွယ်ရဲ့ ဘိုးဘေးက ဒီအဘိုးကြီးပဲ မဟုတ်ဘူး"
နဂါးမျိုးနွယ်၏ ဘိုးဘေးက ပြောလိုက်သည်။

"အပိုတွေပြောနေစရာ မလိုပါဘူး၊ အဲဒီဘိုးဘွားတွေ
သဘောမတူရင် မြစ်ဝါမြစ်ကို အတူတူ သွားရမယ်"
ကျွင်းရှောက်ယောက်က သူတို့နှင့် ငြင်းခုံရန်
စိတ်မဝင်စားပေ။

နဂါးမျိုးနွယ် ဘိုးဘေး၏ မျက်နှာပေါ်တွင်
ရှက်ကိုးရှက်ကန်းနှင့် စိတ်ဓာတ်ကျသော
အမူအရာများ ပေါ်လာသည်။

သူတော်စင်နယ်ပယ် ဂျူနီယာတစ်ဦးကို အညံ့ခံခြင်းက သူတို့ နဂါးမျိုးနွယ်ကြီးအတွက်တော့ အနည်းငယ် အရှက်ရစရာဖြစ်သည်မှာ အမှန်ပင်။

ကျွင်းရှောက်ယောက်က နဂါးမျိုးနွယ်၏ဘိုးဘေးကို လျစ်လျူရှုပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ကာ ပြောလိုက်သည်။

"နဂါးမျိုးနွယ်လိုပဲ ကျန်တဲ့ ရှန်းကုမျိုးနွယ်တွေလည်း အသင့်ပြင်ထားပါ၊ အညံ့ခံမလား၊ အသေခံမလား"

"ဒီနတ်ဘုရားသားတော်ကို တစ်ရက်အတွင်း အကြောင်းပြန်ရင်တော့ ပိုကောင်းမယ်။ မဟုတ်ရင် မင်းတို့ ဘိုးဘွားမြေတွေကို တစ်ခုပြီးတစ်ခု ငါလာပြီး လည်ပတ်မယ်"

ကျွင်းရှောက်ယောက်၏ စကားကြောင့်

မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်၊
ရှေးဟောင်းမှော်မျိုးနွယ်နှင့် အခြား
မျိုးနွယ်ဝင်အားလုံး မျက်ခုံလှုပ်သွားခဲ့ကြသည်။

အကယ်၍ သတ်ဖြတ်ခြင်းနတ်ဘုရား
ကျွင်းရှောက်ယောက်သာ ၎င်းတို့၏ ဘိုးဘွားမြေသို့
သွားခဲ့ပါက နဂါးမျိုးနွယ်ကဲ့သို့ လူအများအပြားကို
ဆုံးရှုံးစေမည် မဟုတ်လော။

"မြန်မြန်… မြန်မြန်ပြန်သွားပြီး ဘိုးဘေးတွေကို
သတင်းပို့ရမယ်"

ရှန်းကုမျိုးနွယ်များလည်း သက်ဆိုင်ရာ
မျိုးနွယ်များ၏ ဘိုးဘေးများကို သတင်းပို့ရန်
အူးယားဖားယား ပြေးထွက်သွားတော့သည်။

လီချိုးယွဲ့နှင့် ဗျူတီမျိုးနွယ်ဘက်မှ အခြားသူများသာ

ထိတ်လန့်ခြင်းမရှိဘဲ ကျန်ရစ်ခဲ့ကြသည်။

အကြောင်းမှာ ကျွင်းရှောက်ယောက်က သူတို့နှင့် ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း သူတို့ သိသောကြောင့်ပင် ဖြစ်ပေသည်။

'အစ်မက တကယ်ပဲ အမြော်အမြင်ရှိတယ်၊ မဟုတ်ရင် ငါတို့ရဲ့ ဗျူတီမျိုးနွယ်လည်း ဒုက္ခရောက်ရမှာကို ငါကြောက်တယ်'

လီချိုးယွဲ့က သူမ၏ နှလုံးသားထဲတွင် ရေရွတ်လိုက်မိသည်။

ကျွင်းရှောက်ယောက်လည်း လီချိုးယွဲ့ကိုကြည့်ကာ ပြုံးလျက် ပြောလိုက်သည်။

"ငါ ဗျူတီမျိုးနွယ်ကိုလည်း သွားရဦးမယ်"

ယင်းကိုကြားတော့ လီချိုးယွဲ့က မကြောက်ရွံ့ဘဲ ခေါင်းညိတ်လိုက်၏။

ကျွင်းရှောက်ယောက်က ပြောလိုက်ချိန်တွင် သတ်ဖြတ်လိုစိတ်မရှိပေ။ သူ့တွင် ဗျူတီမျိုးနွယ်ကို ထိခိုက်စေလိုစိတ်မရှိကြောင်း သိသာထင်ရှားသည်။

ဤမြင်ကွင်းကို မြင်တော့ ကျန်မျိုးနွယ်စုများလည်း မနာလိုသွားခဲ့ကြလေသည်။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်မှာ ဒီလိုစွမ်းရည်ရှိတယ်ဆိုတာ ငါသိခဲ့ရင် ရှန်းကုကမ္ဘာပွင့်ကတည်းက သူနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ခုကို တည်ဆောက်ထားသင့်တယ်"

"ကျွင်းရှောက်ယောက်က တအားကို သဘာဝလွန်ပြီး
ရှန်းကုကမ္ဘာရဲ့အလိုတော်ကိုတောင် လွှမ်းမိုးခဲ့တယ်"

ရှန်းကုသတ္တဝါ အများအပြားလည်း ၎င်းတို့၏
အမှားများအတွက် နောင်တရခဲ့ကြလေသည်။

ရှန်းကုမျိုးနွယ်စုများစွာ၏ စိတ်ပျက်လက်ပျက်
အမူအရာများကို မြင်လိုက်ရသောအခါ
ကျွင်းရှောက်ယောက်၏ မျက်လုံးများတွင်
နားလည်ရခက်သော အကြည့်တစ်ခု ပေါ်လာသည်။

မုန်လာဥနီနှင့် တုတ်ထိုးနည်းကို
သူကျွမ်းကျင်ပြီးသားပင် ဖြစ်သည်။

ယခုက တုတ်ထိုးလေးများ၏ ချိုမြိန်မှုကို
ပေးရမည့်အချိန်ရောက်ချေပြီ။

"အဲဒါကို မင်းစဉ်းစားပြီးပြီလား"

ကျွင်းရှောက်ယောက်က မသိချင်ယောင်ဆောင်ကာ မေးလိုက်သည်။

နဂါးမျိုးနွယ်ဝင် ဘိုးဘေးလည်း စိတ်ပျက်အားငယ်သွားပုံရလေသည်။

ဤအခိုက်တွင် သူ ဘာများလုပ်နိုင်ဦးမည်နည်း။

အညွှံ့မခံလျှင် သေရမည် ဖြစ်သည်၊ အညွှံ့ခံလျှင်တော့ အနည်းဆုံး ဆက်လက်ရှင်သန်နိုင်ဦးမည်။

အသက်ပိုရှည်ပြီး ကျင့်ကြံခြင်းအဆင့်မြင့်လေလေ၊ သူတို့၏အသက်ကို ပိုမြတ်နိုးလေလေဖြစ်ကာ

သေခြင်းကို ပို၍ကြောက်လေ ဖြစ်သည်။

"ငါတို့ အညံ့ခံပါတယ်..."

ထိုသို့ ပြောလိုက်ချိန်တွင် နဂါးမျိုးနွယ်၏ ဘိုးဘေးမှာ နှစ်ပေါင်းများစွာ ပို၍အိုစာသွားခဲ့ပုံရသည်။

နဂါးမျိုးနွယ်၏ အဓိပတိ ဘိုးဘေးများ အညံ့ခံခြင်းကို မြင်တွေ့ရသောအခါ ပတ်ဝန်းကျင်ရှိ ရှန်းကုမျိုးနွယ်အားလုံး ဝမ်းနည်းမှုကို ခံစားလိုက်ရလေသည်။

ခဏချင်းမှာပင် သူတို့၏ မျှော်လင့်ချက်အားလုံး ပျောက်ဆုံးသွားသကဲ့သို့ ဖြစ်သည်။

မူလလွတ်လပ်မှုလေး ပျောက်ကွယ်သွားရုံတင်မကဘဲ သူတို့ဘဝများက တခြားသူ၏ လက်ထဲသို့ပင်

ရောက်နေပြီ။

"ဟားဟားဟား၊ မင်း စိတ်ဓာတ်ကျစရာ မလိုပါဘူး။ မင်းတို့ ရှန်းကုကမ္ဘာကို မထွက်ခွာနိုင်ဘူးဆိုရင် ဒီနတ်ဘုရားသားတော်က ဘာအတွက် အညံ့ခံစေရမှာလဲ"

ကျွင်းရှောက်ယောက်က ခေါင်းခါယမ်းကာ ရယ်မောလိုက်သည်။

ထိုစကားများ ထွက်လာသည်နှင့် တပြိုင်နက် နဂါးမျိုးနွယ်ဝင် ဘိုးဘေး၏ မျက်လုံးများ ပြူးကျယ်သွားသည်။ ထို့နောက်မှာတော့ သူတို့၏မျက်လုံးများဟာ ကြေးခေါင်းလောင်းများထက်ပင် တောက်ပလာတော့သည်။

အသက်ရှူသံ မြန်လာပြီး နှလုံးကလည်း ခုန်ရလွန်း၍ လည်ချောင်းထဲသို့ ရောက်လာသည်။

မဟာကောင်းကင်အဓိပဓိဘိုးဘေးတစ်ယောက်က ထိုကဲ့သို့ စိတ်တည်ငြိမ်မှု ဆုံးရှုံးသွားသည်မှာ တွေးကြည့်ရန်ပင် ခက်ခဲသည်။

ဤသည် နဂါးမျိုးနွယ်၏ဘိုးဘေး မည်မျှထိတ်လန့်ပြီး စိတ်လှုပ်ရှားသွားသည်ကို ဖော်ပြရန် လုံလောက်ခဲ့ပေသည်။

"ဒီနတ်ဘုရားသားတော်ရဲ့ အလိုဆန္ဒက ရှန်းကုကမ္ဘာရဲ့အလိုတော်ပဲ။ ငါက မင်းကို သတ်နိုင်တာကြောင့် မင်းကို သဘာဝအတိုင်း လွတ်မြောက်စေနိုင်တယ်"

ကျွင်းရှောက်ယောက်က ပြောလိုက်သည်။

ဤအခိုက်အတန့်တွင် ရှန်းကုသတ္တဝါအားလုံး အသက်ရှူရပ်သွားခဲ့ကြ၏။

"ငါ...ငါတို့ အပြင်ထွက်ဖို့ အခွင့်အရေးရှိတာလား"

"ဘုရားရေ၊ ငါတို့ ရှန်းကုကမ္ဘာရဲ့ အပြင်ကမ္ဘာကို သွားနိုင်ကြမှာလား"

"ငါ အိပ်မက်မက်နေတာပဲ ဖြစ်ရမယ်..."

ဤအခိုက်တွင် ရှန်းကုသတ္တဝါအားလုံး ခဏချင်း ရူးသွပ်သွားကြသည်။

နဂါးမျိုးနွယ်၏ ဘိုးဘေးသည်လည်း စိတ်တည်ငြိမ်မှု

ပျောက်ဆုံးသွားရလေသည်။ သူက ကျွင်းရှောက်ယောက်ရှေ့တွင် ဖုံးကွယ်မရသော စိတ်လှုပ်ရှားမှုများဖြင့် ပြောလိုက်သည်။

"အတင့်ရဲပြီး မေးပါရစေ၊ နတ်ဘုရားသားတော်ပြောတဲ့စကားက တကယ်ပဲ အမှန်လား။ ငါတို့တွေ ရှန်းကုကမ္ဘာကနေ တကယ်ပဲ ထွက်သွားလို့ရမှာလား"

ကျွင်းရှောက်ယောက်က နှုတ်ခမ်းတွန့်ကွေးရုံ ပြုံး၍ ပြောလိုက်သည်။

"အခု ဘိုးဘွားမြေထဲကနေ ထွက်ကြည့်လိုက်"

နဂါးမျိုးနွယ်၏ ဘိုးဘေးလည်း သူ၏စိတ်လှုပ်ရှားမှုကို ဖိနှိပ်ကာ ဘိုးဘွားမြေနယ်နိမိတ်သို့ ဖြည်းညှင်းစွာ လျှောက်သွားသည်။

ယခင်ကဆိုလျှင် ရှန်းကုကမ္ဘာ၏ စည်းမျဥ်းများကြောင့် သန်မာသူများက ဘိုးဘွားမြေမှ မထွက်ခွာနိုင်ပေ။

သို့သော် ယခုအချိန်တွင် နဂါးမျိုးနွယ်၏ ဘိုးဘေးက ခြေတစ်လှမ်းတိုးပြီး ဘိုးဘွားမြေမှ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။

"အမှန်... အမှန်တကယ်ပဲ၊ ဟားဟားဟား"

နဂါးမျိုးနွယ်၏ ဘိုးဘေးလည်း စိတ်လှုပ်ရှားမှုကို မထိန်းနိုင်တော့ဘဲ အားပါးတရ ရယ်မောလိုက်သည်။

ဤရက်ကိုရောက်ဖို့ ဘယ်လောက်ကြာကြာ သူ စောင့်ခဲ့ရသလဲ။

မဟာကောင်းကင်အဓိပမိ ကျင့်ကြံခြင်းအခြေခံ

ရှိပါလျက်နှင့် ဘာမျှမလုပ်တတ်ခဲ့ပေ။

ဤခံစားချက်က သိပ်အဆင်မပြေပါချေ။

ယခုတော့ ကျွင်းရှောက်ယောက်က သူ့ကို
လွတ်လပ်မှုပေးနိုင်စွမ်း ရှိနေပြီ ဖြစ်သည်။

"ဘိုးဘွားမြေကနေ ထွက်လာနိုင်ရုံလေးနဲ့
အရမ်းပျော်နေပြီလား။ မင်းတို့အားလုံးကို
ရှန်းကုကမ္ဘာကထွက်ခွာပြီး ပိုကျယ်ပြောတဲ့
အင်မော်တယ်နယ်မြေကြီးကို သွားခွင့်ပြုမယ်လို့
ငါပြောလိုက်ရင် ဘယ်လိုနေမှာလဲ"
ကျွင်းရှောက်ယောက်က ပြုံးကာ ပြောလိုက်သည်။

ရှန်းကုသတ္တဝါအားလုံးလည်း ဦးနှောက်များ

ပေါက်ကွဲသွားပုံ ရ၏။

ဤခံစားချက်က ကြိုးမိန့်ကျ၍ စိတ်ပျက်အားငယ်နေချိန်တွင် လွတ်မြောက်ရန် မျှော်လင့်ချက်ကို ရုတ်တရက်ရလိုက်သော အကျဉ်းသားတစ်ယောက်ကဲ့သို့ပင် ဖြစ်သည်။

"သခင်လေး နတ်ဘုရားသားတော်၊ မဟုတ်သေးဘူး... သခင်၊ ဒီအဘိုးကြီးက အိုခန်းယွမ်ပါ။ ငါက နဂါးမျိုးနွယ်ကို ဦးဆောင်ပြီး သခင်လေးဆီအပ်နှံဖို့ ဆန္ဒရှိပါတယ်"

နဂါးမျိုးနွယ်၏ ဂုဏ်သိက္ခာကြီးမားသော မဟာကောင်းကင်အဓိပမိ ဘိုးဘေးကြီးအိုခန်းယွမ်သည် ကျွင်းရှောက်ယောက်ကို လက်ယှက်ပြီး ကိုးဆယ်ဒီဂရီ ဦးညွတ်အရိုအသေပေးလိုက်သည်။ သူ၏ စိတ်နေသဘောထားက အလွန်ရိုးသားကာ

စိတ်အားထက်သန်မှုများပင် တောက်ပနေတော့သည်။

လွတ်လပ်ခွင့်ကို ပေးစွမ်းနိုင်သူက သူ့ဖခင် ဖြစ်သည်။

---------

အခန်း ( ၄၉၀ ) စိတ်ဝင်စားဖွယ်ကောင်းသော လီရှန်း၊ ဗျူတီမျိုးနွယ်ကို အနိုင်ယူသည်။

အိုခန်းယွမ်နှင့် အခြားဘိုးဘေးများသည် ရှန်းကုကမ္ဘာ၌ နှစ်ပေါင်းများစွာ ပိတ်မိနေခဲ့သည်။

မျှော်လင့်ချက် လုံးဝမရှိဟုပင် ဆို၍ရပေသည်။

ၛင်းတို့က အခြား ရှန်းကုသတ္တဝါများထက် ပို၍ပင်

သနားစရာကောင်းကာ ဘိုးဘွားမြေကိုပင်
မစွန့်ခွာနိုင်ကြပေ။

သူတို့အတွက်တော့ လွတ်လပ်မှုဟာ ပကတိ
ဇိမ်ခံပစ္စည်းတစ်ခု ဖြစ်သည်။

ယခုမူ၊ ကျွင်းရှောက်ယောက်က သူ့ကို ဘိုးဘွားမြေမှ
ထွက်ခွာခွင့်ပြုရုံသာမကဘဲ ရှန်းကုကမ္ဘာမှ
ထွက်ခွာခွင့်ပြုမည်ဟုလည်း ကတိပေးခဲ့ပြီ။

ကျွင်းရှောက်ယောက်၏ တောင်းဆိုချက်ကို
ငတုံးတစ်ယောက်သာ ငြင်းပယ်မည် ဖြစ်သည်။

လွတ်လပ်မှုနှင့်ယှဉ်လျှင် ဂုဏ်သိက္ခာက
ဘာမျှမဟုတ်ပေ။

ယခုဆိုလျှင်၊ အိုခန်းယွမ်အနေဖြင့် ကျွင်းရှောက်ယောက်အား အကြိမ်တစ်ရာ ဦးညွတ်နေရလျှင်ပင် မည်သည့်အခါမျှ ငြီးငွေ့မည်မဟုတ်ပေ။

ယင်းမှာ အိုခန်းယွမ်၌ မဟာကောင်းကင်အဓိပတိ၏ ဂုဏ်သိက္ခာ မရှိခြင်း မဟုတ်ဘဲ လွတ်လပ်မှုကို အလွန်တောင့်တသောကြောင့်ပင် ဖြစ်သည်။

ကျင့်ကြံခြင်း၏ အနှစ်သာရကိုက လွတ်မြောက်ခြင်းနှင့် လွတ်လပ်မှုကို လိုက်စားခြင်းပင် ဖြစ်ပေသည်။

"အိမ်း၊ ဒီနတ်ဘုရားသားတော်က ထက်မြက်တဲ့သူတွေကို သဘောကျတယ်။

အစောပိုင်းကသာ လုပ်မယ်ဆိုရင်
ဘာမှဖြစ်မှာမဟုတ်ဘူး"
ကျွင်းရှောက်ယောက်က ပြုံးကာ ပြောလိုက်သည်။

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ အိုထျန်းမင်နဲ့
အိုကွမ်က အမြင်မရှိလို့ သခင်ကို စော်ကားမိခဲ့တာ"
အိုခန်းယွမ်က တောင်းပန်သည်။

"မင်းသဘောတူပြီးရင်၊ ရှန်းကုကမ္ဘာရဲ့
နိယာမကိုသုံးပြီး မင်းရဲ့ရှေးဦးဝိညာဉ်ထဲမှာ ကျွန်တံဆိပ်
ခပ်နှိပ်ရမယ်။ မင်းမှာ ကန့်ကွက်စရာရှိလား"
ကျွင်းရှောက်ယောက်က မေးလိုက်သည်။

ကျွင်းရှောက်ယောက်က ၎င်းတို့ကို မျက်စိတ်မှိတ်၍
ယုံရလောက်အောင် မမိုက်မဲပေ။
ကျွန်အမှတ်အသားကို စိုက်ထူခြင်းက လိုအပ်သော

နည်းလမ်းတစ်ခု ဖြစ်သည်။

အိုခန်းယွမ်နှင့် နဂါးမျိုးနွယ်မှ အကြီးအကဲများစွာ၏ အမူအရာများ အနည်းငယ်ပြောင်းသွားခဲ့ကြသည်။

ကျွန်အမှတ်အသားကို စိုက်ထားခြင်းက ပြီးပြည့်စုံသည့် ကျွန်တစ်ယောက် ဖြစ်လာရသော အဓိပ္ပာယ်ပင်။ သူတို့တွင် အတွေးတစ်ခုရှိလျှင်ပင် ကျွင်းရှောက်ယောက်က သတိထားမိမည် ဖြစ်သည်။

ထိုအချိန်တွင် သူတို့၏ နှလုံးသားထဲတွင် မကောင်းမှု အရိပ်အယောင်လေးပင် ရှိနေပါက ကျွင်းရှောက်ယောက်က ချက်ချင်း သတိပြုမိလိမ့်မည်။

သို့သော်လည်း အကျဉ်းသားများ ဖြစ်ရခြင်းထက်

လွတ်လပ်သော ကျွန်ဖြစ်ရခြင်းက
သာ၍ကောင်းမွန်သည်။

"ငါ ဆန္ဒရှိပါတယ်"

အိုခန်းယွမ်က ပြောလိုက်သည်။

"ကောင်းပြီ"

ကျွင်းရှောက်ယောက်က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။

"ဒါဆို မင်းရဲ့ မျိုးနွယ်စုကို
အသင့်ပြင်ထားလိုက်တော့"

ထို့နောက် ကျွင်းရှောက်ယောက်သည် အခြား
ရှန်းကုမျိုးနွယ်များကိုကြည့်ကာ ပြောပြန်သည်။

"မျက်လုံးသုံးလုံး သူတော်စင်တွေ၊

ရှေးဟောင်းမှော်မျိုးနွယ်နဲ့ အခြားမျိုးနွယ်တွေလည်း အတူတူပဲ။ မင်းတို့ အညှံ့ခံမယ်ဆိုရင် သုံးရက်အကြာမှာ ဗျူတီမျိုးနွယ်ရဲ့ ဘိုးဘွားမြေကို လာခဲ့ပါ"

ပြောဆိုပြီးနောက် ကျွင်းရှောက်ယောက်သည် သူ့အင်္ကျီလက်ကို ခါယမ်းပြီး လီချိုးယွဲ့နှင့် အခြားသူများထံသို့ ပေါ့ပေါ့ပါးပါး လျှောက်သွားလိုက်သည်။

လီချိုးယွဲ့ကတော့ နေ့ရောညပါ တွေးနေရသည့် ထိုယောက်ျားနှင့် ဆုံရသောအခါ ရှက်ရွံ့မှုကြောင့် မျက်နှာနီရဲနေတော့သည်။

"သခင်လေး နတ်ဘုရားသားတော်..."

လီချိုးယွဲ့က ခပ်တိုးတိုး ခေါ်လိုက်သည်။

"မင်းနဲ့ လီချိုးရှေ့က..."

ကျွင်းရှောက်ယောက်က ပြောလိုက်၏။

"သူက ငါ့အမပါ"

လီချိုးယွဲ့က ပြောလိုက်သည်။

"အိုး၊ ဒီလိုရှိတာပဲ။ ဒါထက် ဗျူတီမျိုးနွယ်ကို ငါလာလည်ရင် မင်း စိတ်မရှိဘူး မဟုတ်လား"

ကျွင်းရှောက်ယောက်က ပြုံးလိုက်သည်။

"ဟုတ်တာပေါ့၊ ငါ စိတ်မရှိပါဘူး။ သခင်လေး နတ်ဘုရားသားတော်ကို ဧည့်ဝတ်ပြုရတာက ဗျူတီမျိုးနွယ်အတွက် ဂုဏ်ယူစရာပါ"

လီချိုးယွဲ့က ကမန်းကတန်း ပြန်ဖြေသည်။

"ဒါဆိုရင်လည်း မိန်းကလေးကို လမ်းပြပေးပါ"

ကျွင်းရှောက်ယောက်က တည်ငြိမ်စွာ
ပြောလိုက်သည်။

လီချိုးယွဲ့လည်း ခေါင်းညိတ်၍
သမင်ပျိုလေးတစ်ကောင်ကဲ့သို့ ခုန်ပေါက်နေသော
နှလုံးသားကိုဖိနှိပ်ကာ ကျွင်းရှောက်ယောက်အား
ဗျူတီမျိုးနွယ်သို့ ခေါ်ဆောင်သွားတော့သည်။

ကျွင်းရှောက်ယောက် ထွက်သွားသောအခါမှ
ရှန်းကုသတ္တဝါအားလုံး
သက်ပြင်းတစ်ချက်ချလိုက်သည်။

သူတို့ မျက်လုံးထဲမှာတော့ ကြောက်ရွံ့ထိတ်လန့်မှုများ
ရှိနေကြသေးသည်။

ကျွင်းရှောက်ယောက်၏ခွန်အားက
သူတော်စင်နယ်ပယ်ကို ရောက်လာရုံသာမကဘဲ
သူတော်စင်တစ်ဦးကိုလည်း တစ်ချက်တည်းဖြင့်
သတ်ခဲ့သည်။

ရှန်းကုကမ္ဘာ၏ နိယာမများကို အသုံးပြုခြင်းဖြင့်
ကောင်းကင်အဓိပဓိငယ်သည်ပင် သူ့လက်ထဲတွင်
ကျဆုံးခဲ့သေးသည်။

ယင်းက ၎င်းတို့၏ ကမ္ဘာ့အမြင်နှင့် စိတ်ကူးများကို
ရိုးရှင်းစွာ ဖျက်ဆီးပစ်လိုက်သည်။

သို့သော်လည်း ရှန်းကုကမ္ဘာမှ
ထွက်ခွာရန်ဖြစ်နိုင်ခြေကို တွေးမိသောအခါ
ထိုရှန်းကုသတ္တဝါများအားလုံး တစ်ဖန်

စိတ်လှုပ်ရှားလာကြတော့သည်။

"ရှန်းကုကမ္ဘာရဲ့ ပြင်ပကမ္ဘာက ဘယ်လိုပုံစံလဲဆိုတာ ငါဘယ်တုန်းကမှ မသိခဲ့ဘူး"

"နောက်ဆုံးတော့ ဒီလှောင်အိမ်ကနေ ထွက်သွားနိုင်တော့မယ်၊ ကောင်းလိုက်တာ"

ဤရှန်းကုသတ္တဝါများသည် ကျွင်းရှောက်ယောက်ကို ရန်လိုခဲ့ကြသော်လည်း ယခုတော့ သူတို့၏ကယ်တင်ရှင်အဖြစ် ချက်ချင်းပြောင်းလဲသွားခဲ့ပြီ။

“မြန်မြန် မျိုးနွယ်စုကို ပြန်ဖွဲ့စည်းကြဟေ့၊ ဒီအခွင့်အရေးကို လက်လွှတ်မခံနိုင်ဘူး”

အိုခန်းယွမ်လည်း ချက်ချင်း လှုပ်ရှားလိုက်သည်။

နောက်ဆုံးတွင် ရှန်းကုကမ္ဘာမှ လွတ်မြောက်ပြီး
လွတ်လပ်မှုကို ပြန်ရမည်အား စဉ်းစားသောအခါတွင်
စိတ်လှုပ်ရှားမှုကို မထိန်းနိုင်တော့ပေ။

.........

အခြားတစ်ဖက်တွင်၊ များမကြာမီ
ကျွင်းရှောက်ယောက်က ဗျူတီမျိုးနွယ်စု၏
ဘိုးဘွားမြေသို့ ရောက်ရှိလာသည်။

လီချိုးယွဲ့နှင့် အခြားသူများ၏ အရှိန်အဝါကို
ခံစားမိတော့ လီရှန်း ပေါ်လာခဲ့၏။

သူမ၏ ဆံပင်များကို စည်းနှောင်ထားပြီး
နန်းတွင်းအဝတ်အစားကို ဝတ်ဆင်ထား၍ သပ်ရပ်ပြီး
ကျက်သရေရှိနေပုံ ရသည်။

သူမထံမှ အမှတ်တမဲ့ ပေါ်လာသောအရှိန်အဝါက
ဟင်းလင်းပြင်ကို တုန်ခါသွားစေခဲ့ပေသည်။

လီချိုးယွဲ့အနားမှ လူငယ်ကို မြင်ရသောအခါ
လီရှန်းတောင်မှ တုံ့ပြန်ခြင်းမပြုမီ ခဏတာ
မင်သက်သွားခဲ့သည်။

"မင်းက... ကျွင်းမိသားစုရဲ့
နတ်ဘုရားသားတော်လား"

"သခင်လေး နတ်ဘုရားသားတော်၊ ဒါ ငါတို့
ဗျူတီမျိုးနွယ်ရဲ့ ဘိုးဘွားလီရှန်းပါ"

လီချိုးယွဲ့က မိတ်ဆက်ပေးလိုက်သည်။

"စီနီယာလီရှန်း"

ကျွင်းရှောက်ယောက်လည်း အနည်းငယ်
ခေါင်းညိတ်ကာ နှုတ်ဆက်လိုက်၏။

သူသည် ဗျူတီမျိုးနွယ်နှင့်
ဆက်ဆံရေးကောင်းမွန်သောကြောင့်
သူ၏သဘောထားက နဂါးမျိုးနွယ်နှင့် တူညီရန်
မဖြစ်နိုင်ပါချေ။

ထို့အပြင်၊ ကျွင်းရှောက်ယောက်က
ဗျူတီမျိုးနွယ်ကိုဖွဲ့စည်းရတွင် လီရှန်း၏အကူအညီကို
လိုအပ်နေဆဲ ဖြစ်သည်။

သူ့ကို အရေးပါသည့်နေရာတွင် ထားမည်ဖြစ်၍

သူ့သဘောထားက သဘာဝအတိုင်း အနည်းငယ် ပို၍ကောင်းပေသည်။

"မင်းက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ပဲ။ တစ်ကြိမ် မြင်နေရတာက အကြိမ်တစ်ရာကျော် ကြားရတာထက် ပိုကောင်းတယ်။ အရင်ကတော့ ချိုးရွှေနဲ့ ချိုးယွဲ့ဆီကနေ မင်းကို ချီးကျူးစကားတွေ အမြဲကြားခဲ့ရပါတယ်။ အခု ကိုယ်တိုင်မြင်မှပဲ မင်းဟာ လူတွေကြားထဲက တကယ်ကို နဂါးတစ်ကောင်ဖြစ်ကြောင်း ငါတွေ့လိုက်ရတယ်"

လီရှန်းက အနည်းငယ် သက်ပြင်းချလိုက်သည်။

ကျွင်းရှောက်ယောက်၏နယ်ပယ်က သူတော်စင်နယ်ပယ်ကို ရောက်နေပြီမှန်း သူမ သိပေသည်။

ဤအသက်အရွယ်နှင့် သူတော်စင်တစ်ဦးကို သူမ တစ်ခါမျှ မကြားခဲ့ဘူးပေ။ သူ၏ အနာဂတ်က အကန့်အသတ်မရှိ ဖြစ်မှာ သေချာသည်။ ထို့ကြောင့် လီရှန်း၏သဘောထားက အတော်ပင် ယဉ်ကျေးနေခဲ့ပေသည်။

"စီနီယာလီရှန်းက ယဉ်ကျေးလွန်းပါပြီ။ ဒီနေ့ ကျွန်တော်မှာ အရေးကြီးကိစ္စတစ်ခုရှိလို့ ရောက်လာခဲ့တာပါ"

ကျွင်းရှောက်ယောက်က ပြောလိုက်သည်။

"အိုး၊ ဘာကိစ္စရှိလို့လဲ"

လီရှန်း မေးလိုက်၏။

သူမ၏ လက်ရှိသဘောထားက လေးစားစရာကောင်းသော

မျိုးဆက်သစ်လူငယ်တစ်ယောက်ကို
ကြည့်နေသကဲ့သို့ပင် ဖြစ်သည်။

သို့သော်လည်း လီချိုးယွဲ့က ဤမြင်ကွင်းကို
မြင်ရသည့်အခါ အနည်းငယ် သဘာဝမကျသကဲ့သို့
ဖြစ်သွားသည်။

နောက်ဆုံးတွင် အနှီ
မျိုးဆက်သစ်ကျွင်းရှောက်ယောက် ရှောင်တခင်
သတ်ဖြတ်ခဲ့သည်က ကောင်းကင်အဓိပဓိငယ်
တန်ခိုးရှင် ဖြစ်သည်။

ကျွင်းရှောက်ယောက်၏ လက်ရှိစွမ်းရည်နှင့်
လီရှန်းကိုသတ်ချင်လျှင် လက်ညိုးတစ်ချက်
ညွှန်ပြလိုက်ရုံပင်။

ယင်းကို တွေးမိသောအခါ လီချိုးယွဲ့က
လီရှန်း၏နံဘေးသို့ တိတ်တဆိတ်ရွှေ့ကာ ယခင်က
ဖြစ်ပျက်ခဲ့သည်များအား အသံပို့လွှတ်၍
တိတ်တဆိတ် ပြောပြပေးလိုက်သည်။

ဤမြင်ကွင်းကို မြင်ရသော်လည်း
ကျွင်းရှောက်ယောက်က ဘာမျှမပြောပေ။ သူ၏
နှလုံးသားထဲတွင်သာ တိတ်တဆိတ် ပြုံးနေခဲ့သည်။

ဤသို့သော စကားမျိုးကို သူကိုယ်တိုင် ပြောခြင်းက
အမြဲတမ်း မသင့်လျော်ပေ။

လီချိုးယွဲ့၏ပါးစပ်ဖြင့် ပြောစေခြင်းမှာ
အသင့်လျော်ဆုံး ဖြစ်သည်။

ကျွင်းရှောက်ယောက်က ရှန်းကုကမ္ဘာ၏

အလိုတော်ဖြစ်လာပြီး ရှန်းကုသတ္တဝါမှန်သမျှကို
သတ်ဖြတ်ပစ်ရန် ရှန်းကုနိယာမများကို
အသုံးပြုနိုင်ကြောင်း သိရသောအခါ...
ကျွင်းရှောက်ယောက်ကိုကြည့်သော လီရှန်း၏
အမူအရာက ပြောင်းလဲသွားတော့သည်။

"သခင်လေး နတ်ဘုရားသားတော်မှာ ဒီလိုမျိုး
အခွင့်အလမ်းရလိမ့်မယ်လို့ မမျှော်လင့်ထားဘူး။
ငါတကယ်ပဲ အမြင်ဝေဝါးနေပုံရတယ်"

လီရှန်းက ကျွင်းရှောက်ယောက်ကို
ဦးညွှတ်လိုက်သည်။

သူ့တွင် မျိုးဆက်သစ်ကို ကြည့်နေသော
အကြီးအကဲတစ်ယောက်၏ သဘောထားမျိုး
မရှိတော့ပေ။

သူမ၏ လှပသော မျက်လုံးများတွင် လေးနက်မှု၊ လေးစားမှု၊ ဆန္ဒများဖြင့် ပြည့်နှက်သွားခဲ့သည်။

ကျွင်းရှောက်ယောက်တွင် သူတို့ကို လွတ်လပ်ခွင့် ပြန်ပေးနိုင်စွမ်းရှိပေသည်။

"စီနီယာလီရှန်း၊ ဒီလိုလုပ်စရာ မလိုပါဘူး။ တကယ်တော့ ကျွန်တော်မှာ ရှန်းကုမျိုးနွယ်တွေကို အခြေခံပြီး အင်အားတစ်ခုဖွဲ့စည်းဖို့ စိတ်ကူးရှိနေလို့ပါ"

"စီနီယာလီရှန်းနဲ့ ဗျူုတီမျိုးနွယ်က ကျွန်တော်အတွက် ရှန်းကုမျိုးနွယ်တွေကို စုစည်းပြီး တာဝန်ယူပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ကျွင်းရှောက်ယောက်က လိမ္မာပါးနပ်စွာ ပြောလိုက်သည်။

သူ့စကားများက နားလည်ရ လွယ်ကူလှပေသည်။

မင်းက ဒီလူတွေကို ငါ့အတွက် စီမံခန့်ခွဲဖို့ ကူညီရမယ်၊
ငါက မင်းကို ပြန်ထိန်းချုပ်ထားမယ်။

လီရှန်းကလည်း နှစ်ပေါင်း မရေမတွက်နိုင်အောင်
ရှင်သန်ခဲ့သော မြေခွေးအိုတစ်ဦးဖြစ်ရာ
ကျွင်းရှောက်ယောက်က ဘာကိုဆိုလိုသည်မှန်း
သဘာဝအတိုင်း နားလည်သည်။

အကြောင်းက ဗျူတီမျိုးနွယ်နှင့်
ကျွင်းရှောက်ယောက်၏ ဆက်ဆံရေးက
ပြေပြစ်သောကြောင့် ဖြစ်ချေသည်။

ထို့ကြောင့် ကျွင်းရှောက်ယောက်ဟာ သူတို့ကို

ကျွန်အဖြစ် လက်အောက်ခံစေချင်သည်ဟု ပြတ်ပြတ်သားသားပြောရန် မလွယ်ကူပေ။

သို့ရာတွင် အဓိပ္ပါယ်က အတူတူ ဖြစ်သည်။ သူက ဗျူတီမျိုးနွယ်ကို မျက်နှာသာပေးရန်အတွက် စကားလုံးလှလှ သုံးပေးသွားခြင်းသာ ဖြစ်ပေသည်။

လီရှန်းကလည်း မသိနားမလည်သောလူ မဟုတ်ပါ၊ သူက ပြုံးပြီး ပြောလိုက်သည်။

"ဟုတ်တာပေါ့၊ သခင်လေး နတ်ဘုရားသားတော်က ငါတို့အတွက် အကြီးမြတ်ဆုံးမျက်နှာသာဖြစ်တဲ့ လွတ်လပ်မှုကို ပေးစွမ်းနိုင်တာပဲ"

"ကောင်းပြီလေ၊ ရက်နည်းနည်းကြာရင် အခြား ရှန်းကုမျိုးနွယ်တွေ ရောက်လာကြလိမ့်မယ်။ အဲဒီအချိန်ရောက်ရင် ကျွန်တော်တို့ ပြန်ဖွဲ့စည်းမှာပါ"

ကျွင်းရှောက်ယောက်က ပြောလိုက်သည်။

"လီရှန်း သိပါပြီ"

လီရှန်းက အနည်းငယ် ခေါင်းညိတ်လိုက်သည်။

သူမက အဖြစ်မှန်ကို လက်ခံလိုက်ပြီဖြစ်ရာ သဘောထားက အလွန်နှိမ့်ချသည်။

'ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်မှာ ရည်မှန်းချက်တွေရှိပုံရတယ်။ သူ့ကိုယ်ပိုင်စွမ်းအားကို ဖန်တီးချင်တာက ကစားပွဲကြီးတစ်ခုအတွက် ကြိုးစားနေတာလား'

'ဒါပေမဲ့လည်း ကိစ္စမရှိပါဘူး၊ ငါ့မျိုးနွယ်က ရှန်းကုကမ္ဘာမှာ ပိတ်မိနေတာ အတော်ကြာခဲ့ပြီ။ လွတ်လပ်မှုကို ပြန်ရဖို့ ဒီအခွင့်အရေးကို

လက်လွှတ်မခံသင့်ဘူး'

လီရှန်းက ပြတ်သားသော မျက်လုံးများနှင့် စိတ်ထဲမှ တိတ်တဆိတ် ပြောလိုက်သည်။

---------

အခန်း ( ၄၉၀ ) ပြီးပါပြီ။